www.burmeseclassic.com

# ထူးမြတ်ကြယ်

အချစ်ကာယ်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## အတွေး (နောက်ဆက်တွဲ)

BURMESE CLASSIC

"အား လား လား၊ နာလိုက်တာ"

ဘတ်စ်ကားကျပ်ကျပ်တစ်စီးပေါ်က မိန်းကလေးတစ်ယောက်ရဲ့ နာကျင်စူးရှစွာ အော်လိုက်သံ။

"ဒီမှာ၊ ရှင် ကျွန်မခြေထောက်ကို တက်နင်းထားတယ်"

ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ရဲ့ ခြေထောက်ကို တက်နင်းထားတာပါ။ ကောင်မလေးက ရန်ထောင်တာပေါ့။

အဲ့ဒီကောင်လေးက ဘာတွေတွေးနေသလဲမသိပါဘူး။ သူ ပြန်ပြောလိုက်တဲ့စကားကိုလည်း နားထောင်ကြည့်ဦး။

"ဘယ်သူ့မှ ခင်ဗျားခြေထောက်ကို တစ်သက်လုံး တက်နင်းမထားပါဘူး" တဲ့။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အတွေး (နောက်ဆက်တွဲ - ၁)

ကျွန်တော်ဆိုတဲ့ကောင်က သိပ်ကိုချမ်းသာချင်တဲ့ ကောင်။
ကမ္ဘာပေါ်မှာ အချမ်းသာဆုံးစာရင်းထဲမဝင်တောင်
ဆွေမျိုးတွေကြားထဲမှာတော့ အချမ်းသာဆုံးဖြစ်ချင်တယ်။
အဲသလို ချမ်းသာဖို့အတွက်
ဘဝကို အောက်ခြေက စရမယ်ဆိုလည်း
ကျွန်တော် လုံးဝ မကြောက်ဘူး။
ချမ်းသာဖို့ဆိုရင် ဘာမဆိုလုပ်မယ်။
ဒါပေမယ့်
သမ္မာအာဇီဝဖြစ်ဖို့တော့လိုတယ်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## အတွေး (နောက်ဆက်တွဲ - ၂)

သူ့ကို အားလုံးက ငွေမက်တယ်၊ ငွေစကားပြောတယ်တဲ့။

ဟုတ်တယ်လေ ... မက်တယ် ... ဘာဖြစ်လဲ၊ ဟော့ဒီ လောကကြီးမှာ ငွေမရှိရင် ဘာမှလုပ်လို့မရဘူး။

ဒီထက်ရှင်းအောင် ပြောပြရဦးမလား။

ပိုက်ဆံနှစ်ဆယ်မရှိရင် လမ်းဘေးအိမ်သာတောင် သွားလို့ မရဘူးမှတ်။

အချစ်ရေး၊ အိမ်ထောင်ရေးလား!

အဟင်း! ... ပိုက်ဆံမရှိတဲ့ယောကျ်ားဆို ယူဖို့မပြောနဲ့ အတွေးထဲမှာတောင် အဝင်မခံဘူး။

ဟုတ်တယ်လေ၊ ရှင်တို့ပဲ စဉ်းစားကြည့်။

မိန်းမတစ်ယောက်ဟာ အိမ်ထောင်ကျပြီဆိုတာနဲ့ ထမင်းချက်၊ အဝတ်လျှော်၊ ပန်းကန်ဆေး စတဲ့အိမ်ထောင်မှု တာဝန်တွေကို သမိုင်းပေးတာဝန်အရ ထမ်းဆောင်ရမယ့်အပြင် ကိုယ်ဝန်ဆောင်ပြီး ကလေးပါ မွေးဖွားရဦးမှာ။

ဒါကြားထဲ ... ယောကျ်ားယူထားပြီး ကိုယ်ကတောင် ရှာကျွေးရဦးမယ်ဆိုရင်တော့ ... ဟင်း ...

ငှက်ပျောတုံးနဲ့ပဲ ဖက်အိပ်လိုက်မယ်။



www.burmeseclassic.com

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆက်တွဲ (အတွေး – က)

ခေတ်ကာလသားသမီးတွေများ ပြောလို့ ဆိုလို့ကို ကောင်းပါဘူး။ ဘာပြောပြော နားကိုမထောင်ချင်ကြတော့တာ။ ရိုက်နက်ဆုံးမလို့ရတဲ့အရွယ်တုန်းကတော့ ကြိမ်လုံးကြောက်လို့ နားထောင်ကြသေး။

ဟော အရွယ်လေးလည်း ရလာကြရော သူတို့ ထင်ရာ ခိုင်းကြတော့တာပဲဗျို့။

သားသမီးတင်ကရိုးလား! ... ယူထားတဲ့မိန်းမကလည်း ရှုထောင့်မျိုးစုံကနေ ... ပြဿနာရှာဖို့ပဲတွေးနေတယ်။

ဒါကြောင့်လည်း 'ရန်သူနဲ့တူသောမယား'လို့ ဆိုထားသေတာကိုး။

ရှာလို့ရသမျှ ... ဘယ်လောက်ပဲအပ်အပ် လောက်တယ်လို့ကို မကြားဖူးပေါင်ဗျာ။

ဒီကြားထဲ "တော် အိမ်မှာပဲနေ၊ ကလေးထိန်း ထမင်းချက်၊ ကျုပ် အပြင်ထွက်စီးပွားရှာမယ်" ဆိုကာမျိုးနဲ့ကလည်း တကဲကဲခြိမ်းခြောက်တတ်သေး။

ပြောလိုက်ပါတယ်။ "အပြင်ထွက် စီးပွားရှာရအောင် နင် ဘာများလုပ်တတ်လို့လဲ၊ တစ်ခါတည်း ဟိုအတန်းရောက်သွားမယ်"လို့ ...။ အတွေးထဲက ပြောတာပါ။



www.burmeseclassic.com

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆက်တွဲ (အတွေး - ခ)

ယောကျ်ားဆိုတဲ့အမျိုးက တစ်စက်ကလေးမှ အလစ်ပေးလို့မရသလို မျက်နှာသာပေးလို့လည်းမရတဲ့ လူသတ္တဝါတွေ။

နည်းနည်းလေး မျက်နှာသာပေး၊ အလစ်ပေးလိုက်တာနဲ့ မိန်းမတွေကို ထောပတ်သီးအခွံနွှာ သကြားနဲ့မွှေ နို့ဆီနဲ့ဖျော်ပြီး အိစိမ့်နေအောင် သောက်သုံးဝါးမြိုသွားလိမ့်မယ်။

ဒါကြောင့် ... သူတို့ကို ဦးကျိုးအောင် ဦးနှိမ်နိုင်မယ့် နောက်ဆုံးပေါ်နည်းလမ်းတွေကို အမြဲတွေးနေရတာပေါ့။

အဲ့ဒီ နောက်ဆုံးပေါ်နည်းလမ်းက ဘာလဲဆိုတော့ သူတို့သိပ်ကြိုက်တဲ့အရာ၊ သူတို့သိပ်ကြိုက်တဲ့အစာကို ဘယ်တော့မှ ဝအောင်မကျွေးခြင်းပါပဲ။

ဝအောင် မကျွေးရင် အပြင်ထွက်စားမှာပေါ့လို့ စောဒကတက်စရာရှိပါတယ်။

ဒါက ... ကိုယ့်အစွမ်းအစ ကိုယ့်အရည်အချင်းကို မယုံကြည် စိတ်မချတဲ့ မိန်းမတွေရဲ့ ဆင်ခြေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

* သင်သည် သူညစိတ်ဖြစ်အောင် ဦးစွာကျင့်ပါ။
* ထိုအလုပ်မှ ရရှိလာသော အကျိုးကျေးဇူးမှန်သမျှကို သူညအားပေးပါ။
* မိမိကိုယ်ကို ပြန်ကြည့်ပါ။ သင်သည် မဆွစကောကတည်းက သေပြီးနေသည်။

ခုနစ်စင်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

ဆရာရောက်မလာခင် အချိန်ကလေးမှာ ကျွန်တော်က အရင်ရောက်နေခဲ့တယ်။ ကျွန်တော် အချိန်ပိုင်းလုပ်နေတဲ့ ဆေးခန်းကလေးကိုပါ။

အဲသလိုရောက်တယ်ဆိုရင်ပဲ တံမြက်စည်းလေး ဘာလေးလှည်းဖို့ ဆေးခန်းတံခါးကိုဖွင့်ရတာကိုး။ ဒါပေမယ့် တံခါးဖွင့်ဖို့အတွက်က ခက်နေတယ်။ ခက်မှာပေါ့။ ခွေးတစ်ကောင်က တံခါးဝတဲ့တဲ့ ပိတ်အိပ်နေတာ။

"ဟေ့ကောင် Hello ဖယ်လေ"

ဒီကောင် ကြားတယ်ဗျ။ ကြားရဲ့သားနဲ့ မျက်လုံးလေး အသာဖွင့်ကြည့်ပြီး ခပ်တည်တည်ပြန်အိပ်သွားတယ်။

ကျွန်တော် ဆရာတို့နဲ့အတူလာတဲ့နေ့ဆို ဒီလိုမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



လူပေါ် ပတပ်ရပ်ပြီးတက်လို့တက်၊ ခြေသလုံးကို အသာလေးငုံ့ခဲလို့ခဲ၊ ဒါမှမဟုတ် ... အမြီးနဲ့ပြီးကြိုတာဟာ မျက်စိကိုနောက်ကရောပဲ။

ကြိုမှာပေါ့။ ဆရာနဲ့ ဆရာကတော်ကဆေးခန်းလာတိုင်း ထမင်းဟင်းတွေထုပ်လာပြီး ကျွေးတယ်။ Hello ဆိုတဲ့နာမည်ကိုလည်း ဆရာက ပေးထားတာ။ Hello က ပိုင်ရှင်မဲ့ လမ်းဘေးခွေး။

အခုတော့ ... ဆရာ့ကိုမှီပြီး ဝဝလင်လင်စားနေရတာ။ ပြီးတော့ ဆရာ့မျက်နှာနဲ့ကျွန်တော့်ကိုပါ (ဆရာရှိနေချိန်မှာ) ကပ်ဖားရပ်ဖားမျက်နှာလုပ်တယ်။

ကျွန်တော်တစ်ယောက်တည်းလာတဲ့နေ့ဆို ခုလိုပဲ အရေးကိုမစိုက်တော့တာ။

"တော်တော် ခွေးပါးဝတဲ့ခွေး၊ ဟော့ကောင် Hello ထစမ်း မင်း ဘယ်လောက်ထိ ဒီလိုအကြောမာနိုင်မလဲကွာ၊ မကြာခင် မင်းသခင်တွေပြောင်းရတော့မှာကွ'"

အသံခပ်မာမာ အော်လိုက်တော့မှပဲ ... ပျင်းတိပျင်းတွဲနဲ့ ထရွေ့ပေးတော့တယ်။

ခွေးမို့ လူစကားနားမလည်ဘူးမထင်နဲ့ဗျ။ ပြန်သာ မပြောတတ်တာ အကုန်သိတယ်။ ကျွန်တော်ကတော့ ခွေးတစ်ကောင် ကြည့်ပြီးတောင် အတော်တရားကျမိပါတယ်။

ကျွန်တော် Hello ကို ဂရုစိုက်မနေတော့ဘဲ ကိုယ်လုပ်စရာရှိတာ လုပ်နေလိုက်တာပေါ့။

"ဒီမှာ၊ ဆရာ မရောက်သေးဘူးလား"

တံခါးကို ကျောပေးပြီး မှန်ကောင်တာကို ဖုန်သုတ်နေ



www.burmeseclassic.com

www.burmeseclassic.com



ဘုန်း အနောက်ဖက်က မေးသံမာမာကြောင့် လှည့်ကြည့်မိတယ်။

အားပါးပါး၊ ရုပ်တွေက တလောကလုံး သူတို့ရှာကျွေးနေရတဲ့အတိုင်းပဲ။ မေးတဲ့လေသံကလည်း အတော့်ကိုမာပါတယ်။

"အူကြောင်ကြောင်နဲ့၊ မေးနေတာကို မဖြေဘူး"

ရောက်လာတာက နှစ်ယောက်ပါ။ အသံမာမာနဲ့မေးလာသူက ကျွန်တော်နဲ့ ရွယ်တူလောက်ပဲရှိဦးမယ်။ တစ်ယောက်ကတော့ အစ်မကြီးအရွယ်။

"ဆရာ အခုပဲ လာပါလိမ့်မယ်၊ ခဏထိုင်စောင့်ပါခင်ဗျာ"

ကျွန်တော် ယဉ်ယဉ်ကျေးကျေး ပျူပျူငှါငှါပဲ ပြောလိုက်ပါတယ်။ ကောင်မလေးက

"လူတကာထိုင်တဲ့ခုံတွေ မထိုင်ချင်ပါဘူးနော် မမဝေ"

"အေးလေ"

တော်တော်မြင်ပြင်းကတ်ဖို့ကောင်းတာပဲဗျာ။ သူတို့ကျလူမဟုတ်ဘူးတဲ့လား။

"ဟုတ်ပါတယ်ခင်ဗျ၊ လူတကာပဲ ထိုင်တာပါ၊ ခွေးတကာ မထိုင်ပါဘူး"

"ဘာ! မိုက်ရိုင်းလှပါလား"

"ဟော့ဗျာ"

ကျွန်တော် တကယ့်ကို အံ့သြသွားတာပါ။ ကျွန်တော် ရှင်းပြလိုက်တဲ့ အမှန်စကားတွေထဲမှာ မိုက်ရိုင်းတဲ့စကားမျိုး တစ်လုံးမှ မပါဘူးလို့ထင်ပါတယ်။

"မင်း ဒီဆေးခန်းက အလုပ်သမားလား'"

ဒီစကားကို ဝင်မေးတာက ကောင်မလေးမဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အစ်မကြီးပါ။ ကျွန်တော်က ...

"အလုပ်သမားမဟုတ်ပါဘူးခင်ဗျာ ... အလုပ်လုပ်နေတဲ့သူပါ"

"အမလေးဟဲ့ ကြီးကျယ်လို့၊ ဘာဘူကြီးနဲ့ အရာကြီးအတူတူပဲဥစ္စာ"

သူတို့အမြင်မှာတော့ တူချင်တူပါလိမ့်မယ်။ ကျွန်တော့်အတွက်တော့ မတူပါဘူး။

ကျွန်တော် သူတို့အနားကခွာပြီး တုံကင်နံပါတ်တွေကို တစ်နှစ်သုံးလေးအစဉ်အတိုင်း ထပ်နေလိုက်တယ်။ အမှတ်စဉ်တစ်ဆယ်ထိပဲ ထပ်ရသေးချိန်မှာ ကောင်မလေးက လက်ဖွဲ့ဂျာနယ်တစ်စောင် လှမ်းခေါ်ဝယ်တယ်။

ပြီးတော့

ဘာလုပ်တယ် ထင်ပါသလဲခင်ဗျာ။

ဆေးခန်းက ခုံပေါ်ဖြန့်ခင်းပြီး ဖင်ခုထိုင်ပါတော့တယ်။ အမြင်မတော်တာပဲဖြစ်ဖြစ်၊ မတရားတာကိုပဲဖြစ်ဖြစ် တွေ့နေရင် မနေတတ်တဲ့ ကျွန်တော့်ဗီဇက ရုတ်ခနဲဆို ပေါ်လာပါတယ်။

"ကျွန်တော် တစ်ခုလောက် မေးပါရစေခင်ဗျာ"

ကျွန်တော် ယဉ်ယဉ်ကျေးကျေးပဲ တောင်းဆိုတာပါ။

"ဘာလဲ!"

ကောင်မလေးက ခပ်မာမာထူးပြီး အစ်မကြီးက ခပ်တည်တည်နဲ့ ကြည့်နေတယ်။

"ဒီက ဗုဒ္ဓဘာသာတွေလားခင်ဗျာ"

ကျွန်တော့်အမေးကြောင့် နှစ်ယောက်စလုံး ကြောင်သွား



www.burmeseclassic.com

www.burmeseclassic.com



ခံရတယ်။ ချက်ချင်းပြန်မဖြေဘဲ ခဏကြာမှ ကောင်မလေးက
"ဟုတ်တယ်"

"ဒါနဲ့များဗျာ! ဒီစာစောင်ကို ဖင်ခုထိုင်ရတယ်လို့၊ စာပေကို မချစ်မြတ်နိုးလို့ မလေးစားချင်နေပါ၊ ဒီထဲမှာ ဘုရားသမိုင်းကြောင်းရေးထားတဲ့ဆောင်းပါးတွေ၊ ဆရာတော်ဘုရားကြီးတွေရဲ့ အထုပ္ပတ္တိတွေ ပါတယ်ဗျ"

အဲသလို တဲ့တိုးပြောချလိုက်တော့ မချောနှစ်ယောက်ရဲ့ ခင်တွေဟာ ကြွရမလို ဆက်ထိုင်ရမလိုနဲ့ ခပ်အမ်းအမ်းဖြစ်သွားပါတယ်။

ကျွန်တော်ကပဲ ဆက်ပြီး

"ဒီခုံမှာ စိတ်ချလက်ချထိုင်နိုင်ပါတယ်၊ အမြဲတမ်း ပိုးသတ်ဆေးဖျန်းပြီး သန့်ရှင်းရေး လုပ်ထားတာပါ၊ ခုံထိုင်ရုံနဲ့ ရောဂါကူးမှာကို မကြောက်ပါနဲ့၊ ရောဂါဆိုတာ အပျော်အပါးလိုက်စားရင်သာ ကူးမှာကြောက်ရတာပါ"

"ဘာရှင့်!"

"ဟင်! ရှင် ရှင်"

"စော်ကားလှပါလားကွယ့်၊ မင်းလို သန့်ရှင်းရေးအလုပ်သမားအဆင့်လောက်ကောင်ကများ ရာရာစစ"

"စိတ်မဆိုးပါနဲ့ခင်ဗျာ၊ ကျွန်တော်ပြောတဲ့ အပျော်အပါးကိစ္စဆိုတာကိုလည်း တခြားမတွေးပါနဲ့၊ ကျွန်တော် ဆိုလိုတာက ပွဲလမ်းသဘင်တို့၊ လူစုလူဝေးနဲ့ ပျော်ပွဲရွှင်ပွဲတွေကြား သွားတာမျိုးကို ပြောတာပါ"

"အိုး! သွားသွားမသွားသွား ရှင့်အပူလား!"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့တစ်တွေ အခြေအတင်ပြောနေကြတုန်းမှာပဲ ဆေးခန်းထဲကို လူနာတွေ ထပ်ရောက်လာတယ်။

ဒါနဲ့

ကျွန်တော်တို့အသံတွေ ရပ်သွားကြတယ်ပဲဆိုပါတော့။ ဒီတော့မှ ကျွန်တော်လည်း တိုကင်နံပါတ်တွေ ဝေပါတယ်။

"ဒါကြောင့် မလာချင်တာ၊ ဆရာဝန်ပဲ အိမ်ပင့်ခေါ် ပြတာကောင်းတယ်"

"ဩော် ဒါတော့ မိဦးယဉ်ရယ်၊ မမဝေတို့ Family ဒေါက်တာက နိုင်ငံခြားသွားနေတဲ့ဟာ ဘယ်တတ်နိုင်မှာလဲ"

အတော့်ကို ကြီးကျယ်တဲ့အမျိုးအစားတွေပဲလို့ ကျွန်တော့် စိတ်ထဲက မှတ်ချက်ချမိတယ်။

ဆေးခန်းလာပြတယ်လို့သာဆိုတာပါ။ သူတို့ကိုကြည့်ရတာ မော်လ်ဒယ်ရှိုးတက်လျှောက်ကြမယ့် မင်းသမီးတွေ ကျနေတာပဲ။

အင်းလေ၊ ဒါတော့ ကျွန်တော် မမြင်နိုင်တဲ့ ပေါင်မှာ ပွေးကွက်ပေါက်တာတို့ ဘဝင်ရောဂါတို့ ဖြစ်ချင်ဖြစ်နေမှာပေါ့။

ဒါပေမယ့်

ကျွန်တော်ထင်တာ တစ်ခုမှမဟုတ်ပါဘူး။ ဆရာလာမှပဲ အဖြေက ရှင်းသွားတော့တယ်။

ဖြစ်တာက အငယ်မ။ ဖြစ်တဲ့ရောဂါက ဒီလို။

"ကဲ သမီး၊ ဘာဖြစ်လဲ ပြော"

"ဒီလိုပါ ဒေါက်တာ"

"ဟုတ်ပြီ၊ ခုတင်ပေါ်အိပ်လိုက်နော် သမီး"



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်အိပ်လိုက်လို့ ပြောတော့ သူက သူ့အိတ်ထဲက ဝါတစ်ထည်ကို ထုတ်ပါတယ်။ ပြီးတော့ လူနာခေါင်းအုံးပေါ် ဖြန့်ခင်းတော့တာကိုး။ .

"သမီးက ရှုံတတ်လို့ပါ ဒေါက်တာ၊ အဲ့ဒါ ဘယ်လိုမှ စိတ်မရှိပါနဲ့"

"ရပါတယ် သမီးရယ်၊ ကဲ သမီးဖြစ်တာ ပြောပါဦး"

"ဒီလိုပါ ဒေါက်တာ"

သူ့ဒီလိုပါက ဒါနဲ့ဆို နှစ်ခါရှိပါပြီ။ ဘယ်လိုလဲတော့ မသိဘူး။

"မနေ့က ဘောလုံးပွဲကြည့်နေရင်းနဲ့ သတိလစ်သလို ဖြစ်သွားတယ်၊ အဲ မေ့သွားတယ်ပဲဆိုပါတော့ ဒေါက်တာ၊ ပြီးတော့ ရင်ထဲမှာ မောနေတယ်"

"ဟုတ်ပြီ၊ အဲ့သလို မေ့သွားတော ဘယ်လောက်ကြာလဲ? အဲ့သလိုဖြစ်တော့ သမီးအနားမှာ ဘယ်သူမှ ရှိမနေဘူးလား?"

"အိမ်မှာ ခိုင်းတဲ့ကောင်မလေးတော့ အနားမှာရှိပါတယ်၊ သူကပဲအော်လို့ အိမ်က မေမေနဲ့မမတွေရောက်လာပြီး သမီးကို အိပ်ရာပေါ် ပွေ့တင်ကြပါတယ်"

အံ့ပါရဲ့ဗျာ။ မေ့နေတဲ့သူက အဲ့ဒါတွေ ဘယ်လိုသိ နေတာပါလိမ့်။

"နောက်တော့ရော ဘာဆက်လုပ်လဲ"

ဆရာက လူနာကောင်မလေးကို နားကျပ်နဲ့စမ်းသပ်ပေး နေရင်း ဖြစ်စဉ်ကို မေးနေတာပါ။

"Family ဆရာဝန်ကို ဖုန်းဆက်ခေါ်တယ်၊ မရှိအာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အိပ်ဆေးတစ်လုံးသောက်ပြီး နားနားနေနေ နေလိုက်တာ အိပ်ပျော်သွားပါတယ်"

"ဘောလုံးပွဲက ဘာပွဲလဲ သမီးရဲ့"

"ချဲလ်ဆီးနဲ့အာဆင်နယ်ပါ၊ သမီးက အာကြီးကို အားပေးတာ၊ အဲဒါ ၂–၁ နဲ့ ရှုံးသွားတယ်လေ"

"သြော် သြော်၊ ဒါနဲ့ပဲ သမီးစိတ်လှုပ်ရှားသွားတယ်ဆိုပါတော့"

တော်တော့်ကို သနားဖို့ကောင်းတဲ့လူနာပဲဗျို့။

ကြည့်စမ်းပါဦး၊ ဘာမဟုတ်တာလေးနဲ့ အချိန်ကုန် ငွေကုန်ခံ လုပ်နေတယ်။ အဆံချောင်နေတဲ့ ပိုက်ဆံရှိ အသိုင်းအဝိုင်းပဲပေါ့။ ဒီလို မိန်းမမျိုးယူမိလို့ကတော့ ရှာလို့ကို လောက်နိုင်မယ်မထင်ဘူး။

"ဘာရောဂါမှ ကြီးကြီးမားမားမရှိပါဘူး၊ စိတ်လှုပ်ရှားသွားလို့ပါ၊ အိပ်ရေးပျက်ထားတယ်ဆိုတော့ အကြောဆေး တစ်လုံး ထိုးပေးလိုက်မယ်၊ သက်သာသွားမှာပါ"

ဒါနဲ့ ကျွန်တော်က ကောင်မလေးရဲ့ လက်မောင်းကို ဖိဆုပ်ကိုင်ပေးရတာပေါ့။

"သမီးက ဘယ်မှာနေတာလဲ"

ဆရာက ဆေးသွင်းရင်း စကားစမြည်ပြောတယ်။

"စံပယ်လမ်းမှာပါ"

ဒါဆို ကျွန်တော်တို့နဲ့ နှစ်လမ်းကျော်ပဲ။ စံပယ်လမ်းထိပ်က 'ချစ်ဖူးစာ' လက်ဖက်ရည်ဆိုင်က ကျွန်တော် ထိုင်နေကျပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူက ဆေးသွင်းပြီးတာနဲ့ ဖြည်းဖြည်းထတယ်။

"မတေးဦးယဉ်၊ ဒီဘက်မှာ သောက်ဆေးယူရပါမယ်"

သူက ကျွန်တော်ပြောနေတာကို ကြားသလိုလို မကြားသလိုလိုနဲ့ လုပ်နေတယ်။ လ၂လာချေသေး။ နေပေါ့။

"ကဲ နောက်တစ်ယောက်၊ ဒေါ်တင်တင်"

လူနာလေးငါးယောက်နာမည်တွေခေါ်ပြီးရင်ပဲ ကျွန်တော့်အာရုံထဲမှာ တေးဦးယဉ်တွေ၊ တေးကဗျာတွေရှိမနေတော့ပါဘူး။ ခဏနတုန်းကတော့ နာမည်ကလဲ ဆန်းပါပေ့ဆိုပြီး တွေးလိုက်မိသေး။

ခုတော့ လူနာတွေက တစ်ယောက်တစ်ပေါက်နဲ့မို့ မတွေးအားဘဲ အတော့်ကို ဦးနှောက်ခြောက်နေရတယ်။

ဘားပလက်သောက်ဖူးလားမေးတာကို သောက်ဖူးတယ်ဆိုတဲ့လူက ဘာအရောင်လဲမေးရင် အစိမ်းရောင် ပြောလို့ပြော၊ ထိမ္မော်ရောင်ပြောလို့ပြောနဲ့။

တချို့ နာမည်ပြောဆိုရင် လူနာနာမည်မပြောဘဲ လူနာနဲ့ လိုက်လာတဲ့သူက သူ့နာမည်ပြောလို့ပြော။ အတော့်ကို ဆေးတဲ့ဟာတွေ။

ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အတွေ့အကြုံရတာပေါ့။ ကျွန်တော်လိုချင်တာ ဒါပဲ။

ဒီနေ့တော့ လူနာများတာနဲ့ ညဆယ့်တစ်နာရီထိုးမှ ပြန်ရတယ်။ ပြန်ခါနီးကျ Hello က မျက်စိနောက်လောက်အောင်ကို နှုတ်ဆက်တော့တာပဲ။

ထမင်းရှင် သူဌေးဆရာဝန်လင်မယားရှိနေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ဩဘာ် လောကမှာ ငွေရှိရင် လူအချင်းချင်းမပြောနဲ့ တိရစ္ဆာန်တောင် ပြောင်းလဲတတ်ပါကလားနော်။



www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

ဒီလိုသူငယ်ချင်းမျိုးရှိထားတာ သူ့အတွက် တိုးတိုးဖော်ပဲ ပြောပြော၊ ကျယ်ကျယ်ဖော်ပဲဆိုဆို ဆိုလို့ရသည်။ ပြီးတော့ သူ့ရဲ့ ပိတ်ဆို့နေသော အတွေးအမြင်များကို ဖွင့်ဟဖော်ထုတ် ပြပေးနိုင်သူ။

"ကဲ ငါပြောတာတွေ ဟုတ်သလား၊ မဟုတ်ဘူးလား မိဦးယဉ်"

"အေးပါတယ်၊ ငါ စဉ်းစားနေပါတယ်"

"ဘာမှ စဉ်းစားနေစရာမလိုဘူး၊ နင် ဒီတစ်သက် အိမ်ထောင်မပြုတော့ဘူးလား၊ အပျိုကြီးပဲလုပ်မှာလား'"

"ဟင့်အင်းဟာ အပျိုကြီးတော့ မလုပ်ချင်ဘူး"

"ဒါနဲ့များဟယ်၊ ဒီမှာ မိဦးယဉ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"နင့်ဖာသာ မိဘချမ်းသာလို့ တစ်သက်လုံး ထိုင်စားနေနိုင်ဦးတော့ ဒီလိုပဲ အိမ်တွင်းပုန်းနေရင် ဖူးစာရှင်အိမ်ထောင်ဖက်နဲ့ ဘယ်လိုတွေ့နိုင်မှာလဲ"

"အင်းလေ၊ ဟုတ်တော့လည်း ဟုတ်ပါတယ်"

"အွန်လိုင်းက ရှာဖို့တော့ စိတ်မကူးနဲ့ အဲဒီနည်းက ရင်ခုန်စရာမကောင်းဘူး၊ သဘာဝအတိုင်းသီးတဲ့အသီးရဲ့ အရသာနဲ့ဓာတုဗေဒဆေးတွေနဲ့ ကြီးထွားစေတဲ့အသီးရဲ့အရသာတူသလား"

"ဘယ်တူမလဲဟ"

"အေး အဲသလိုပဲပေါ့"

ဟင်! ဘာမှလည်းမဆိုင်ဘူး၊ ထားပါတော့၊ သူကိုယ်တိုင်ကလည်း သဘာဝတိုင်း ရင်ခုန်တာမျိုးကို ခံစားကြည့်ချင်ပါသေးသည်။

"ဆိုပါတော့ မိန်းမတစ်ယောက်ဟာ ဗိုင်းကောင်း ကျောက်ဖိနဲ့ ဘယ်လောက်ပဲ အိမ်ထောင်မှုနိုင်နိုင်၊ ဘယ်လောက်ပဲ အချက်အပြုတ်ကောင်းကောင်း၊ အိမ်တွင်းပုန်းနေမှတော့ ဘယ်လင်ကောင်းသားကောင်းနဲ့မှ တွေ့စရာလမ်း မရှိဘူး"

"အင်း"

တေးဦးယဉ်က အင်းလိုက်တော့ ဝိုင်းက အားတက်သရောဖြစ်သွားပုံရသည်။ ပြီးမှ လေသံတိုးတိုးကလေးနှင့် ဆက်ပြောလာ၏။

"ဘီယာဆိုင်တို့၊ စားသောက်ဆိုင်တို့မှာ အလုပ်လုပ်တဲ့ကောင်မလေးတွေ၊ သီချင်းဆိုတဲ့ကောင်မလေးတွေဆို ရည်းစားရှိ



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ထိပ်ထိပ်ကျဲသူဌေးတွေနဲ့ပဲ မဟုတ်လား"

"ဟော့ တော်"

"အဲသလိုနေရာမျိုးတွေက သူဌေးတွေပဲ လာနိုင်တာကိုး"

"အင်း လေ"

"အဲ့ဒီတော့ လင်ကောင်းသားကောင်း သူဌေးရဖို့ဆို ရင် သူတို့တွေသာ လာနိုင်တဲ့နေရာမျိုးတွေ ရွေးသွားရမှာပေါ့၊ ဟုတ်ဖူးလား"

"ဟုတ်သားပဲနော်"

"ဟုတ်ရမယ်လေ၊ ဒီကိစ္စမျိုးက ပြေးကြည့်စရာမလိုဘူး၊ တွေးကြည့်ရုံနဲ့ သိတယ်"

"ဒါဆို ငါ ဘာလုပ်ရမှာလဲ"

"ဘာလုပ်ရမလဲ? ဟုတ်လား? အပြင်ထွက်ရမှာပေါ့ဟဲ့၊ အိမ်ထဲမှာနေပြီး ပေးသမျှမုန့်ဖိုးတွေယူ၊ ထွက်သမျှအခွေကြည့်၊ အင်တာနက်ဝင်မွှေ၊ စလောင်းက လာသမျှလျှောက်ဖွင့် ဒီလိုနဲ့ နင့်ဘဝကြီးပြီးတော့မယ်"

"ဟယ် ဒုက္ခပါပဲ"

"အချိန်တန်ရင် မိဘပေးစားတဲ့ ပုံမလာဘိုးတော်ကြီးတွေ ယူနေရဦးမယ်၊ ကိုယ်ကြိုက်တာ ရင်ခုန်စရာလေး ရွေးနိုင်ဖို့ ထိုင်နေရုံနဲ့မရဘူးလေ"

"သဘောပေါက်ပြီ၊ သဘောပေါက်ပြီ"

တေးဦးယဉ်အသံက ဟိန်းထွက်လာသည်။ ခုမှ ကျပ်တည်းမှုထဲက ရုန်းထွက် လွတ်မြောက်လာသည့်အသံ။

"လောလောဆယ် ဘောလုံးပွဲကို အထူးတန်းကနေ သွား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မယ်၊ မကောင်းဘူးလား ဝိုင်း"

"ကောင်းသားပဲဦးယဉ်ရဲ့၊ ခုခေတ်ဘောလုံးသမားတွေ ဝင်ငွေလစာအတော်ကောင်းနေပြီ၊ ဘောလုံးသမားတစ်ယောက် ရလည်း မဆိုးဘူးပဲ"

"အံမယ်၊ လစာတင်ဘယ်ကမလဲ၊ ပွဲတစ်ပွဲကစားတိုင်း တစ်ဦးချင်း အကောင်းဆုံးဆုတွေရသေးတာ"

"ဒါဆို အသေအလဲသာ ကန်ခိုင်းပေတော့"

တေးဦးယဉ်နှင့်ဝိုင်းက အားကစားစိတ်ဓာတ်အပြည့်နှင့် မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲများကို နေ့စဉ် တစ်ပွဲမှ အလွတ်မပေးဘဲ အားပေးခဲ့ကြသည်။

အလှမာန်နှင့် ကိုယ့်အလှကိုယ် ယုံကြည်ပြီး သွားခဲ့ကြသော်လည်း ထောင်သောင်းမကပရိသတ်များကြားမှာ တေးဦးယဉ်နှင့်ဝိုင်း မြုပ်သွားခဲ့သည်။

"နိုင်ငံခြားဘောလုံးသမား ရွှေခြေထောက်ပိုင်ရှင်တွေနဲ့သာ အလှမ်းဝေးလှတယ်မှတ်တာ ခုလဲ မလွယ်ပါဘူးဟယ်"

"အင်းလေ၊ မျက်လုံးချင်းဆုံဖို့တောင်မလွယ်ဘူး"

"အရေးထဲ ငါတို့လမ်းထိပ်က ဘိန်းမုန့်သည်ရဲ့သား ချစ်စိုးသူနဲ့မှ ထိပ်တိုက်လာတွေ့နေရသေးတယ်"

"အဲဒီကောင်က ရုပ်ကတော့ ဩန်စောထက်တောင်သာသေးတယ်၊ လူကသာ တစ်ပြားမရှိတာ၊ သူ့ရုပ်ကလေး ဘန်းပြပြီး ငါတို့ကို မြူဆွယ်ချင်နေတာလေ"

"အမလေး ဝေးသေး၊ အဲသလိုကောင်မျိုး စိတ်ကူးလို့ကတော့ ကိုယ့်ဆီက စည်းစိမ်ပဲ တစ်သက်လုံး ကပ်စားသွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့၊ ဒါမျိုးရမလား"

တေးဦးယဉ်က နှုတ်ခမ်းကို မဲ့ရွဲ့ပြီးပြောသည်။ ဝိုင်းက ပါးစပ်မှ ထောက်ခံရုံတင်မက ခါးကိုပါ ထောက်လိုက်၏။

"ဒီမှာ မိဦးယဉ်"

"ဟော"

"လင်ကောင်ဖမ်းတာ တောထဲက သားကောင်ဖမ်းရတာ လောက်တော့ မခက်ပါဘူးဟာ"

"ဟော့ တော်"

"အစီကက နင်ပဲ"

"ဟင်! ဘာလဲ"

"ဟိုမသွားချင်၊ ဒီမသွားချင်၊ ဒါမလုပ်ချင် ဒီမထိုင်ချင်နဲ့ ရှုံ့တာတွေ အောက်တာတွေ နှိမ့်ကျတာတွေ ဘေးဖယ်ထား၊ နင့်အလှကို လူတကာမြင်ပြီး ပေါက်သွားဖို့ပဲအရေးကြီးတယ်"

"ဟော့ တော်"

"အဲ့ဒီဟော့တော့်ကြီးကို ထားလိုက်စမ်းပါ၊ ဒီမှာ မိဦးယဉ်"

"ဟင်!"

"ရွှေခြေထောက်ပိုင်ရှင်တွေနဲ့အလှမ်းဝေးလဲ ရွှေလက်ပိုင်ရှင် တွေကို စဉ်းစားကြတာပေါ့"

"ရွှေလက်ပိုင်ရှင်"

"အေးလေ၊ ဘောလ်ပင်လေးတစ်ချောင်း စာအုပ်ကလေး တစ်အုပ်နဲ့ လက်ဖျားငွေသီးနေတဲ့ စာရေးဆရာတွေ"

"ဟယ် စာရေးဆရာတွေက အရက်အရမ်းသောက် တယ်တဲ့၊ ငါ အရက်နံ့မခံနိုင်ဘူးဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် နင်ကလည်း အ,ရန်ကော၊ အသောက်လွန်ပြီး မြန်မြန်သေသွားတော့ ပြီးရောပေါ့၊ သူတို့ရွာထားသမျှထိုင်စား နေရုံပဲ"

"ဟော့ တော်"

"ဟဲ့ အကြည်တော်ကိုတော့ စိတ်ကူးလို့မဖြစ်ဘူး၊ သူက လူပျိုကြီးပဲလုပ်ပြီး ဘုန်းကြီးဝတ်မှာတဲ့"

"မင်းခိုက်စိုးစန်က လူပျိုလားဟင် ဝိုင်း"

"အေးလေ၊ မင်္ဂလာဆောင်တာတော့ မကြားသေးဘူး"

"နောက် ဘယ်သူရှိသေးလဲ"

"အေး စဉ်းစားနေတာ၊ နေဦး ဘယ်သူ့ကိုမှ အကြောင်း မသိဘဲ ရမ်းလုပ်လို့တော့ မဖြစ်သေးဘူးမိဦးယဉ်၊ တော်ကြာ ရွာက မိန်းမနဲ့ကလေးတွေ တစ်ပြုံကြီးလိုက်လာလို့ ဟုတ်ပေ့ ဖြစ်နေဦးမယ်"

"ဒါဆို ဆရာနီကိုရဲကို စပ်ခိုင်းရအောင်၊ သူက ဒါမျိုး အောင်သွယ်တာ ဝါသနာပါတယ်"

"နေပါဦးဟယ်၊ ဖြည်းဖြည်းချင်း မီးစင်ကြည့်ကကြ တာပေါ့"

ဝိုင်းက စတုန်းကတော့စပြီး ခုမှ ဖြည်းဖြည်းတွေ ဖျက် ဖျက်တွေ ဖြစ်သွားသည်။

တေးဦးယဉ်တို့က ဒါမျိုးတော့ လားလားမှမရချေ။
နေတက်ရေတက်မှာမွေးတဲ့ စနေသမီး။
စိတ်က ခပ်ကြီးကြီးရယ်။



www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

"မင်းတို့ရောက်နေတာ ကြာပြီလား"

"အေး ကြာလှပြီ"

"တယ်ပြီး ဝီရိယကောင်းကြတာကိုး"

"လုပ်မနေနဲ့၊ မင်းနောက်ကျတဲ့အတွက် လက်ဖက်ရည်ဖိုး ခင်းရှင်းလိုက်"

"ဘာမှလည်း မဆိုင်ပါလား၊ ငွေရှာရတာများ လွယ်တယ်မှတ်နေ"

"မင့် ဘိုးတော်ကြီး ဒါလောက်ချမ်းတာသာပဲ"

"အဲဒါ ငါနဲ့ဘာဆိုင်လဲ'"

"မဆိုင်ဘူး ဟုတ်လား? မင်းအမေနဲ့ ဆိုင်တယ်လေ



www.burmeseclassic.com

www.burmeseclassic.com



မင်းအမေဆိုင်မှတော့ မင်းနဲ့လဲဆိုင်တာပေါ့"

"တော်စမ်းပါကွာ"

ကျွန်တော်က ထိုင်ခုံမှာ အသားကျအောင် ထိုင်ရင်း ကျော်လင်းကို ခပ်ဆတ်ဆတ်ပြန်ပြောလိုက်တယ်။ ဒါတောင် ကျော်လင်းက မရပ်သေးဘဲ ဆက်ပြောနေသေးတယ်။

"မင်းလည်း ဝင့်ပဲ အင်အား၊ သူဌေးသားလို ကျော့ကျော့ လေးနေနိုင်ရဲ့သားနဲ့ သူများလက်အောက်တွေမှာ အောက်ခြေ သိမ်းကအစ လိုက်လုပ်နေရတယ်လို့"

"အဲသလို လုပ်တဲ့အကျိုးကျေးဇူးက အခု ဆရာဝန်တွေ ငှါးပြီး ဆေးခန်းထောင်ရင် ရပြီ၊ အစိမ်းသက်သက်မဟုတ်တော့ ဘူး"

"ဒါဆို ထောင်တော့မလား"

"မထောင်ချင်သေးဘူး၊ ခု ငါ စိတ်မပါသေးဘူး"

"ဆေးခန်းကိုလား'"

"ဟင်! အခု ဆေးခန်းအကြောင်းပြောနေတာ မဟုတ်ဘူး လား"

"အေးလေ"

"မင်းကွာ"

ကျွန်တော်နဲ့ကျော်လင်းကိုကြည့်ပြီး ကိုမိုးက ရယ်တယ်၊ အဲ့ဒီအချိန်မှာပဲ 'ချစ်ဖူးစာ' ဆိုင်ထဲကို လူမိန်းမနှစ်ယောက်နဲ့ ခွေးမတစ်ကောင်ဝင်လာတယ်။

လက်ဖက်ရည်ဆိုင်ဆိုတော့ ပိုက်ဆံပေးနိုင်ရင် ဘယ်သူ ဖြစ်ဖြစ် ဝင်လာလို့ရတာကိုး။ အဲ ခွေးဝင်လာတာကိုတော့ ဒီတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ဲ တွေ့ဖူးသေးတယ်။

သူတို့သုံးယောက် အဲ သူတို့သုံးကောင်၊ ကဲလေ ထားပါ၊ သူတို့ ကျွန်တော်တို့ဘေးကပ်ရက် စားပွဲမှာ ဝင်ထိုင် ကြတယ်။

ဒါပေမယ့်

ဘေးဘီဝဲယာ ဘယ်ကိုမှ ဂရုမစိုက်တဲ့ပုံနဲ့ဝင်လာကြတာ။ လူတင် တန်ဖိုးကြီးတဲ့ပုံ မဟုတ်ဘူး။ ခွေးကလဲ အတော်ဈေးကြီး တဲ့ ခွေးအလှမျိုး။

အံမယ်၊ အဲ့ဒီခွေးကလည်း ခွေးပါးဝသားဗျ။ အောက် မှာမနေဘဲ ခုံပုလေးပေါ်တက်ထိုင်တယ်။

"ဟဲ့ နှင် ဘာသောက်မလဲ မိဦးယဉ်"

"သိဘူး"

"အိမ်မှာမရနိုင်တဲ့ လက်ဖက်ရည်သောက်ကြမယ်ကွာ"

"အေး ကောင်းတယ်၊ အိမ်မှာ Tea Mix တွေ ဖျော် သောက်ရတာ အရသာမရှိဘူး၊ တစ်ခါတလေ ကိုကြီး ဆွဲလာတဲ့ ဆိုင်က လက်ဖက်ရည်က သိပ်ကောင်း"

ဒါနဲ့ သူတို့ လက်ဖက်ရည်မှာကြတာ တွေ့ရတယ်။

လက်ဖက်ရည်ရောက်လာတော့ ကောင်မလေးက ခွက် နှုတ်ခမ်းတွေကို တစ်ရှူးနဲ့ပွတ်သုတ်လိုက်သေးတယ်။

"ကြီးကျယ်လိုက်တာကွာ၊ ဒါများ ဘာလို့ လမ်းဘေး ဆိုင်လာထိုင်နေရသေးလဲ? ဩော် ဒင်းကိုး"

ကျွန်တော်က မအောင့်နိုင်မအီးနိုင် ထုတ်ပြောလိုက်မိ တာကို ကျော်လင်းက

"ဘာလဲ? ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုနေ့က ဆေးခန်းမှာ ကြုံခဲ့တဲ့အဖြစ်ကို ကျွန်တော် ပြန်ပြောပြလိုက်တာပေါ့။

ဒါကို ကျောပေးထားလို့ မမြင်ရတဲ့ ကျော်လင်းက လှည့်ကြည့်တယ်။ ပြီးမှ

"ဩော် တေးဦးယဉ်ကိုး"

"အေး ဟုတ်တယ်၊ လူနာမှတ်တမ်းစာအုပ်မှာ တေးဦး ယဉ်ဆိုတာ ငါ မှတ်မိတယ်၊ မင်းက ဘယ်လိုသိတာလဲ"

ကျွန်တော်နဲ့ကျော်လင်းက တကက်ခဲ့တဲ့တက္ကသိုလ်မတူပါ။

"ကျောင်းတုန်းကလေ၊ ဘဝင်လေးကွ"

"သိပ်သေချာတာပေါ့"

"ဒီထက် သေချာအောင် စမ်းသပ်ပြမယ် အပျင်းပြေပေါ့ ကွာ"

ကျော်လင်းက ပြောတယ်။ ကိုမိုးက

"မင်းတို့ဖာသာ အပျင်းပြေကြဦး၊ ကိုယ် ဖားသားကြီးကို သွားကြိုရဦးမယ်၊ သွားပြီ"

"OK လေ ကိုမိုး"

ကိုမိုးထွက်သွားပြီးမှ ကျော်လင်းက

"ဟော့ တေးဦးယဉ်၊ နင်က လမ်းဘေးလက်ဖက်ရည် ဆိုင်တွေ ဘာတွေ ထိုင်လို့ပါလားဟ"

တေးဦးယဉ်က ဖျပ်ခနဲကြည့်လာတယ်။ ပြီးတော့ မာထန်တဲ့လေသံနဲ့

"အဲ့ဒါ နင်နဲ့ဘာဆိုင်လဲ"

"ထူးဆန်းနေလို့ပါဟာ၊ နင်ကလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကလေးက လှနေလို့သာ၊ မဟုတ်ရင် ဒီလေသံ ဒီချက်နှာပေးက ဘီလူးရုပ်ထွက်မယ့် ဒီဇိုင်းမျိုးဗျ။

"ဒါ ငါ့အချစ်ဆုံးသူငယ်ချင်းလေ၊ အင်အားတဲ့"

"ဟာ ကောင်"

ကျွန်တော် ဟန့်တားလိုက်ပေမယ့် နောက်ကျသွားပြီ။ ဒီကောင်ကျော်လင်း အတော်အာချောင်တဲ့ကောင်။

"အဲ့ဒါ ဘာဖြစ်လဲ? နင့်သူငယ်ချင်းအစုတ်ပလုတ်တွေ ငါ မသိချင်ဘူး"

အောင်မာ ဒီမိန်းမ၊ နရင်းထအုပ်လိုက်ရ နာတော့မယ်။ ကျွန်တော် ဒေါသကိုထိန်းပြီး စိတ်ထဲက ကျုံးဝါးလိုက် မိတာပါ။ ဝါးစပ်ကတော့

"ကျွန်တော်မျိုးကြီးကလည်း ခင်ဗျားလို အဆံချောင်နေ တဲ့သူကို မခင်ချင်ပါဘူးတဲ့ဗျာ"

"အောင်မာ ကြီးကျယ်လို့ နင်က ဘာကောင်မို့လဲ"

"လူကောင်လေ၊ ကမ္ဘာမှာ ငါဟဲ့ဆိုတဲ့ယောကျာ်းပေါ့၊ မိန်းမတွေ တက်ခွင့်မရှိတဲ့ ဘုရားပေါ် ရွှေတက်ချခွင့်ရှိတဲ့ယောကျာ်း ကြိုးစားရင် ဘုရားတောင်ဖြစ်နိုင်တဲ့ယောကျာ်း မသိရင် မှတ်ထား"

"ကြည့်စမ်း၊ တော်တော်လူပါးဝ"

"အရေးလုပ် ပြောမနေစမ်းပါနဲ့ မိဦးယဥ်ရယ်၊ ဒီမှာ လက်ဖက်ရည်တွေ အေးကုန်လိမ့်မယ်၊ ဘိုမကို ဝက်သားပေါင်း ကျွေးလိုက်ဦး"

"ဟွန်း"

သူက မျက်စောင်းထိုးပြီး တစ်ဖက်ကို လှည့်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ကျော်လင်းဘက် ပြန်လှည့်တာပေါ့။

"ဟီး ဟီး၊ ခွီး ခွီး"

ကျော်လင်းက ခပ်အုပ်အုပ်ရယ်နေတယ်။

"မင်း အတော်ကြောင်တဲ့ကောင်ပဲ ကျော်လင်း"

"တမင်လုပ်တာ၊ တုန့်ပြန်မှုက သင်းတယ်နော်"

"ဝေးဝေးက ရှောင်သွားသင့်တဲ့အမျိုးအစားပဲ"

"ဒါပေမယ့် ချစ်စရာအရမ်းကောင်းတယ်မို့လား"

"တော်စမ်းပါ"

ကျွန်တော်က တော်စမ်းပါဆိုပေမယ့် ကံကြမ္မာက မတော်ဘူးဗျ၊

ကြုံလာပုံက ဒီလို ....။



www.burmeseclassic.com

www.burmeseclassic.com

## [ ၄ ]

"ဟ! ဘာလဲဟ"

"ဟာ ဒီကောင် Hello ဘယ်လို လိုက်လာတာလဲ!"

ကျွန်တော်တို့စားပွဲနားမှာ ပျော်ရွှင်မြူးတူးစွာ ခုန်ပေါက်နေတာက **Hello!**

"ဘယ်က ခွေးလဲကွ"

"ဆေးခန်းကလေ၊ ဆရာတို့ပြောင်းသွားတော့ ငါပဲ မွေးစားလိုက်ရတာပေါ့"

"မင်းကလဲ၊ လမ်းဘေးက ခွေးဝဲစား မွေးစားရတယ်လို့ သူ့ဖာသာနေပါစေ၊ ပစ်ထားခဲ့ပေါ့"

"မရလို့ပေါ့ကွ၊ ငါ့မြင်တာနဲ့ ပတပ်ရပ်ခုန်တက် လျှာနဲ့



www.burmeseclassic.com

www.burmeseclassic.com



လျက် ဘောင်းဘီဆွဲ နောက်ကလိုက် အဆိုးဆုံးက ဝင်းတံခါး ပေါက်မှာ မိုးရွာရွာနေပူပူ ငါ ထွက်အလာ ပြန်အလာကို မျှော်နေတာပဲ"

"ဩော်"

"သနားပါတယ်ကွာ၊ ထမင်းလေးတစ်လုတ်စားရဖို့ ဒုက္ခခံ အသနားခံနေတာ"

"ဒါပေမယ့် မင်းခွေးကြီးက မနိပ်ပါဘူးကွာ"

ဘာပြောပြော Hello ကတော့ ပျော်နေတာပေါ့။ ပြီးတော့ ခုံပုလေးပေါ်မှာ စတိုင်နဲ့အမြီးနှံ့ထိုင်နေတဲ့ ခွေးပုမလေး ကို တရှုံ့ရှုံ့လိုက်နမ်းနေပါလေရော။

"ဟဲ့ခွေး၊ သွားစမ်း ဘယ်က အုတ်ကြားမြက်ပေါက် ကလေကဝခွေးဝဲစားလဲ! ရာရာစစ"

တာကယ်ပါပဲဗျာ။ ရုပ်ရည်လေးနဲ့မှမလိုက် အပြောအဆို က ကြမ်းတမ်းလိုက်တာ အံ့ရောပဲ။

"ခွေးပဲဗျာ၊ ဘာသိမှာလဲ! ခင်ဗျားက ခွေးနဲ့တူပြီး"

"ခွေးနဲ့တူတာမဟုတ်ဘူး၊ ရှင် မမိုက်ရိုင်းနဲ့ ဝဲတွေ ကူးကုန် မှာစိုးလို့၊ ကျွန်မခွေးကို ဘယ်လောက်တန်တယ်ထင်လို့လဲ'"

"ဘယ်လောက်တန်တန် ခွေးကခွေးပဲ၊ မစင်ချပေးကြည့် ပါလား? မစားဘူးဆိုရင် ခင်ဗျားဆီမှာ တစ်သက်လုံး ကျွန်ခံ လိုက်မယ်"

"ဟင်! ရှင် ရှင် စော်ကားလှပါလား၊ ကျွန်မခွေးက နွားနို့တို့ ပေါင်မုန့်တို့ပဲစားတာ အမဲရိုးတောင်ကိုက်တာ မဟုတ်ဘူး"

"ဒါတော့ မတွေ့သေးလို့ပေါ့၊ မယုံရင် စမ်းသပ်ကြည့်ပါ



www.burmeseclassic.com

www.burmeseclassic.com



လို့ အာမခံနေတာပဲဗျာ"

"တောက် ဘာယ်လိုလူနဲ့ ဘယ်လိုခွေးမှန်းကို မသိဘူး၊ လူပါးရော၊ ခွေးပါးရော ဝတယ်"

"နင်ကလည်း မိဦးယဉ်ရယ်၊ ဘာလို့ တုဖက်ပြောနေရတာလဲ! ဒီလိုလူမျိုးနဲ့များ"

အဖော်ပါလာတဲ့ကောင်မလေးကပါ မြှောက်ထိုးပင့်ကော်ဝင်လုပ်တယ်။

"ကျွန်တော်ကတော့ တုလည်းမတုဘူး၊ ဖက်လည်းမဖက်ချင်ပါဘူး၊ ခင်ဗျားသူငယ်ချင်းကသာ"

"ကြည့်စမ်း ကြည့်စမ်း၊ ကောင်စုတ် အရိုင်းအစိုင်းကောင်"

"ခင်ဗျားကရော ဘဝင်ရူးရူးနေတဲ့ ကောင်မစုတ်"

"ကျွန်မကို ကောင်မလို့မပြောနဲ့"

တော်တော့်ကို တရားကျဖို့ကောင်းတဲ့ကောင်မလေးပဲဗျို့။ သူကကျ ကျွန်တော့်ကို တကောင်ကောင်နဲ့ သူ့အိမ်က အစေခံကို ပြောဆိုနေသလိုပဲ။

သူ့ကိုကျတော့ ကောင်မလို့မပြောနဲ့တဲ့ စူးစူးဝါးဝါးကုန်းအော်နေတယ်။

"ယောက်ျားကြီးတန်မဲ့ မိန်းကလေးနဲ့တုပြိုင်ပြီး ရန်ဖြစ်နေတယ် ဟွန်း"

"ယောက်ျားလည်း ပါးစပ်နဲ့ပဲဗျ"

အဲသလို ကျွန်တော်တို့ အချင်းများနေတာကို သူ့ခွေးရော ကျွန်တော့်ခွေးရော အမြီးလေးတွေ ရမ်းပြီး မော့ကြည့်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com


ခွေးမဟုတ်တဲ့ သူ့သူငယ်ချင်း လူမလေးကတော့ ပါးစပ်ဟောင်းလောင်းလေးနဲ့ ငေးကြည့်နေတယ်။

"သွားမယ်ဟာ ဝိုင်း၊ ဟွန်း ပိုက်ဆံရှင်းမယ် ဒီမှာ ပိုတဲ့ငွေလည်း ပြန်မအမ်းနဲ့တော့"

ခွေးမလေးတစ်ကောင်နဲ့လူမလေးနှစ်ယောက် တစ်ကိုယ်လုံးလှုပ်ခါပြီး ထွက်သွားကြတယ်။ တစ်ဆိုင်လုံးက ပုရိသအပေါင်းရဲ့မျက်လုံးပေါင်းများစွာက အဲဒီနောက်ကို ကပ်ငြိပါသွားကြတာ တော့အမှန်ပဲ။

တကယ်တမ်းကျ သူ့အလှက မွန်ရည်သန့်ပြန့်လွန်းနေတယ်။ ခုနက ရန်ထောင်သွားတာတွေနဲ့ သူ့အလှက ဘာမှ မဆိုင်ဘူးဗျ။

ရှေ့ကနေ ဘောက်ဆတ် ဘောက်ဆတ်နဲ့ မိုးပေါ် ခေါင်းမော့ထွက်သွားတဲ့ သူဟာ လက်ဖက်ရည်ဆိုင်ရှေ့ ငုတ်တုတ်ထိုင် ဗယာကြော်ရောင်းနေတဲ့ ဗယာကြော်သည်ကုလားကြီးကို ဝင်တိုက်ပါလေရော။

"အား ရိုး ရိုး ကုန်ပါပြီ၊ နာ့ဟာတွေ ကုန်ပြီ"

ကုလားကြီးက သူ့နဖူးကို လက်ဖဝါးနဲ့ဖိပြီး မျက်စိမှိတ်အော်နေတယ်။

"ဟား ဟား ဟား ဟား"

ကျွန်တော် မအောင့်နိုင်တာနဲ့ ဝါးလုံးကွဲ ထရယ်လိုက်မိတော့တာပေါ့။

"ဟော့ကောင် အင်အား၊ တိုးတိုးလုပ်ပါကွ၊ ကြားသွားလို့ ရုက်ရမ်းလာရမ်းနေဦးမယ်"


www.burmeseclassic.com

www.burmeseclassic.com


"ရမ်းရမ်းကွာ၊ ပြန်ရမ်းပေးလိုက်မယ်"

"မင်းကလည်းကွာ၊ မိန်းကလေးနဲ့တုပြီး"

"လာပြန်ပြီ၊ သူ မိန်းကလေးဖြစ်တိုင်း လုပ်သမျှ ပြောသမျှ ငုံ့ခံနေရမှာလားကွ"

"ဒါတော့ကွာ၊ မိန်းကလေးနဲ့ ယောကျ်ားလေးပါလို့ ပြောနေမှ"

"မရဘူး၊ မိန်းမတွေက အလျော့ပေးရင် ရောင့်တက်တတ်တယ်"

"အင်း အင်း၊ တော်ကြာမှ ရောင့်တက်တဲ့ မိန်းမကိုမှ မရရင် သေရပါတော့မယ်ဖြစ်နေဦးမယ်"

"တော်စမ်းပါကွာ၊ စောနတုန်းက ပိုင္ငွေပြန်မအမ်းနဲ့တဲ့၊ အခု ဗယာကြော်သည်ကို လျှော်နေရပြန်ပြီ"

ကျွန်တော်က ပြောနေတဲ့စကားစဖြတ်ရင်း ဆိုင်ရှေ့မေးငေါ့ပြလိုက်တယ်။

ညဥ့်နက်အထိရောင်းမှရမယ့်ငွေကို တစ်ထိုင်တည်း အလျော်ရလိုက်တဲ့ကုလားကြီးက နှုတ်ခမ်းမွှေးထောင်အောင် ပြုံးနေတယ်။

"ဒီလိုမိန်းမမျိုးက ဖြုန်းဖို့ပဲတတ်တယ်ကွ၊ ငွေကို ဘယ်လိုရှာရမယ်ဆိုတာ သိတာမဟုတ်ဘူး၊ သူ ဘယ်လောက်ရှာနိုင်လို့လဲ"

"ဘာရှာစရာလိုလဲကွာ၊ မိန်းမဆိုတာ နဂိုထဲက သူများရှာတာ ထိုင်စားပြီး ဩဇာပေးနေကျပဲဟာ"

"ငါ့တော့ လာမလုပ်နဲ့၊ ထိုင်စား အေးအေးထိုင်စား"


www.burmeseclassic.com

www.burmeseclassic.com


"အေးပါ အေးပါ၊ တစ်နေ့တွေ့ဦးမှာပါ"

"ဟော့ကောင် ကျော်လင်း၊ မင်းက ငါ့ကို ကျိန်နေတာလား"

"မဟုတ်ရပေါင်ဗျာ၊ ဖြစ်လာတတ်တဲ့ သဘာဝကို ပြောပြတာပါ"

ဘာပဲဖြစ်ဖြစ် ခုရက်ပိုင်းကလေးအတွင်းမှာမှ ဒီကောင်မလေးနဲ့ဆုံတာ နှစ်ခါရှိပြီ။ နှစ်ခါစလုံးလည်း အချိုးမပြေဘူး။

ကျွန်တော်ကလည်း မကောင်းဘူးဗျ။ အဲ့ဒါ ကိုယ့်ကိုယ်ကိုယ် သိတယ်။ သူ့ပိုက်ဆံနဲ့သူဖြုန်းတာ၊ သူ့စိတ်နဲ့သူ ဘဝမြင့်တာကိုပဲ အလကားနေရင်း ကြည့်လို့ကိုမရနေတာ။

မဖြစ်သေးပါဘူး။ အလုပ်တစ်ခုခုတော့ မြန်မြန်လုပ်မှဖြစ်မယ်။ မဟုတ်ရင် စိတ်အားလူအားနဲ့ အ,ကုသိုလ်များတယ်။

ကျွန်တော် အိမ်ပြန်ရောက်တော့ ဘိုးတော်က ဧည့်ခန်းထဲမှာ TV ကြည့်နေတယ်။ ရေနွေးကြမ်းတစ်အိုးနဲ့ ထန်းလျက်ခဲတစ်ဘူးက သူ့ဘေးမှာ။

ဒါ သူ့ရဲ့ ဖော်မြူလာအစစ်ပဲ။

"အတည်တကျ အလုပ်တစ်ခုလုပ်ဆိုတာ မလုပ်ဘဲနဲ့ လတ်ယားလတ်ယားတော့ လျှောက်သွားနေတယ်"

"လျှောက်မသွားပါဘူး၊ လက်ဖက်ရည်ဆိုင်တစ်နေရာတည်းကိုပဲ သွားတာပါ"

"မင့် လက်ဖက်ရည်ဆိုင်က ပိုက်ဆံမရဘူးကွ၊ ပိုက်ဆံပဲကုန်တာ"

"ဒါပေမယ့် လက်ဖက်ရည်ကောင်းကောင်းတော့ သောက်


www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်"

"ဟော့ကောင် အင်အား၊ မင်း ငါ့ကို ဒေါသဖြစ်အောင် လုပ်နေတာလား"

ဒီအချိန်မှာ မေမေက သူ့ယောကျ်ားကြီးနဲ့ကျွန်တော့် ကြား ဝင်လာပါတယ်။ ဒါလည်း မေမေ့ဖော်မြူလာအစစ်ပဲ။

"လူကြီးကို ပြန်ပြောမနေပါနဲ့ သားရယ်".

"မဟုတ်ပါဘူး မေမေရယ်၊ ကျွန်တော်လည်း အဲသလို ဆက်ဖက်ရည်ဆိုင်ဖွင့်ရင် ပိုက်ဆံရမှာကို ပြောတာပါ"

မေမေက ပြုံးတယ်။

ဘိုးတော်ကြီးက ငြိမ်သွားတယ်။

ကျွန်တော်ကတော့ ပြုံးပြုံးငြိမ်ငြိမ်ကြီးနဲ့ အခန်းထဲဝင်ခဲ့ လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# [ ၅ ]

“တော်ပါပြီဟယ်၊ လမ်းဘေးလက်ဖက်ရည်ဆိုင် ထိုင်ရတာကြီးက မမိုက်ပါဘူး ဝိုင်းရယ်”

“ဟင်! ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမှာလဲ! ကလေကချေတွေနဲ့ရန်ဖြစ်ရလို့ပေါ့ဟဲ့”

“ဟီး ကလေကချေလေးက ချောလိုက်တာ”

“တော်စမ်းပါ၊ ငါ့အတွက်တော့ ရန်စွယ်ငေါငေါနဲ့ ဘီလူးရုပ်ပဲ”

“စွာလိုက်တာလည်း အလွန်ပဲနော်၊ ဘီလူးငစွာလေးကနင်နဲ့တုဖက်ပြိုးကို”

“လာပြန်ပြီ ဒီ တုဖက်တာကြီး”

“အဲ အဲ ဖက်ပြိုင်ပြီး”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဖက်တာကြီးမပါရင် မရဘူးလား"

"သြော် မြန်မာစကားက ကာရန်နဲ့ပြောမှ လှတာကိုး"

"တော်ပြီ၊ ဘာမှမပြောနဲ့တော့"

"အေးပါ၊ အေးပါ၊ မပြောတော့ပါဘူး၊ ဒါပေမယ့် အပြင်ထွက်ရတာ ပျော်စရာကောင်းလား? မကောင်းဘူးလား"

"အေး ပျော်စရာတော့ကောင်းသား"

"ပြီးတော့ အမွေတွေ အများကြီးရထားတဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးလူပျိုကြီးနဲ့ ထိပ်တိုက်ဆုံလိုက်ရတာရော မတန်ဘူးလား"

"ထားပါတော့"

"နင့်ကို ဣန္ဒြေပျက်လောက်အောင်ကို ငမ်းသွားတာပဲ မိဦးယဉ်ရဲ့"

ဒါတော့ ဝိုင်းပြောတာ မှန်သည်။ မိန်းကလေးဗီဇအရ ကိုယ့်အလှကို ငမ်းတာကိုတော့ ကျေနပ်မိသည်။

သို့သော် စကားအဖြစ်သာပြောပေမယ့် တကယ်တမ်းကျ ဦးနောက်က ငြင်းစရာမရှိဆိုဦးတော့ နှလုံးသားက လက်မခံ။ ခံစားလို့မရ။ လူစန္ဒာတစ်ခုလုံးကို ထိန်းချုပ်အလုပ်လုပ်ပါသည်ဆိုသော ဦးနှောက်သည် နှလုံးသားအမိန့်ကို ဘယ်တုန်းကများ နာခံဘူးလို့လဲ။

တေးဦးယဉ်သည် အပျံသင်စငှက်ငယ်တစ်ကောင်လို လောကတစ်ခွင် ပျံသန်းကြည့်ချင်နေမိသေးသည်။ ထို့ကြောင့် အပြင်ထွက်ဖို့ လမ်းရှာနေတော့၏။

"ဘိုမရေ လာဟေ့၊ မမတို့လမ်းထိပ်က အလှူခံမဏ္ဍပ်



www.burmeseclassic.com

www.burmeseclassic.com



သွားရအောင်"

သူ့အသည်းကျော်ခွေးမလေးကို ကြိုးနဲ့ဆွဲပြီး အိမ်ထဲက ထွက်လာခဲ့သည်။

ထွက်တာ ရိုးရိုးမထွက်။ နဂိုက လှပြီးသား ခန္ဓာကိုယ်ကို ကျော့နေအောင် ပြင်ဆင်ဝတ်စားပြီး ထွက်သည်။

ဒီတော့

ဘယ်နေရာရောက်ရောက် နှစ်ခါပြန်လှည့်မကြည့်သူမရှိ။ လှပသော မိန်းမပျိုနှင့်ချစ်စရာကောင်းသော ခွေးလေးတစ်ကောင်။

ကျွန်တော်က အဲ့ဒီကောင်မလေးနဲ့ခွေးလေး အလှူခံ အဖွဲ့ပ်ထွက်လာတာ ဘယ်သိမလဲ။

Hello ပယောဂကြောင့်သာ ကျွန်တော့်မှာ မဏ္ဍပ်ဘက်ကို ရောက်ခဲ့ရတာ။

ဖြစ်ပုံက ဒီလိုဗျ။

ရပ်ကွက်အဝင်ထိပ်မဏ္ဍပ်က နှစ်စဉ် ဒီလိုပဲ အလှူခံနေ တယ်၊ အဲ့ဒါ ဘုရားလူကြီးတစ်ယောက်ပြောင်းအော်တိုင်း စက် ခမ်းတာလား မိုက်စမ်းတာလားမသိပါဘူးဗျာ။

"ဟယ်လို၊ ဟယ်လို"

"တက်စတီ ဝမ်း တူး သရီး"

"ဟယ်လို"

"ဟယ်လို"

ဒီလိုအော်တိုင်း ကျွန်တော့်ကောင် Hello က သူ့ကို ခေါ်တယ်မှတ်တာ။ တစ်ခါတည်း ငြိမ်ငြိမ်ကိုမနေတော့ဘူး။ တအိ အိနဲ့ဝင်လိုက်ထွက်လိုက် မျက်စိကိုနောက်နေတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကျွန်တော်လည်း အလှူငွေလေးထည့်ရင်း Hello လည်း ဂဏှာငြိမ်အောင် လမ်းထိပ်ထွက်လာခဲ့လိုက်တယ်ဆိုပါတော့။

"မင်း ငါ့ကို တော်တော်အလုပ်ပေးတာပဲ Hello"

ဒီကောင်က ပြောရင်လည်း နားလည်တဲ့အတိုင်းပဲ၊ ကျွန်တော့်ခြေသလုံးငုံလိုက်၊ ဘောင်းဘီစဆွဲလိုက်နဲ့ ချော့နေတော့တာ။

"ငြိမ်ငြိမ်နေစမ်းပါကွာ"

ကျွန်တော်က ခပ်ဆတ်ဆတ်ကလေး ခေါက်လိုက်တယ်၊ ဒါပေမယ့် ကျွန်တော်ခေါက်လို့ ငြိမ်သွားတာမဟုတ်ဖူးဗျ။

မြင်းတစ်ကောင်လို ခုန်ပေါက်လိုက်နေတဲ့ Hello က ဟိုနေ့ကတည်းက အနံ့မှတ်ထားတယ်ထင်တယ်။ ခွေးပုမလေးကိုလည်းမြင်ရော လှစ်ခနဲ အနားကပ်သွားတော့တာပါပဲ။

ကျွန်တော် လှမ်းကြည့်လိုက်တော့ ကျွန်တော်လည်း လှမကိုရော ခွေးမကိုပါ မှတ်မိလိုက်ပါတယ်။

မဖြစ်ချေဘူး၊ ကိုယ်ကဦးအောင် တွယ်မှပဲလို့ ကျွန်တော်တွေးတော့တာပေါ့။ ဒါနဲ့

"ဟော့ကောင် Hello' လာခဲ့စမ်း၊ ဘဝင်ရောဂါတွေ ကူးကုန်လိမ့်မယ်"

ဖြုန်းဆို အနားကပ်လာတဲ့ Hello ကြောင့် ရုတ်တရက်လန့်သွားတဲ့ တေးဦးယဉ်က ကျွန်တော့်အသံကြားတော့ ဆတ်ခနဲလှမ်းကြည့်တယ်။

ပြီး သူ့ခွေးမလေးကို ကောက်ပွေ့ရင်း မျက်စောင်းထိုး



www.burmeseclassic.com

www.burmeseclassic.com


ပြီး မဏ္ဍပ်ထဲဝင်သွားတယ်။ ဒါ ကျွန်တော်နဲ့တုဖက်ပြီး မပြော
တော့ဘူးဆိုတဲ့သဘော။

အဲဒါလိုကျတော့လည်း ဟာတာတာကြီးနဲ့ အနေရခက်
သားဗျ။

“ဒီမှာ အဘ၊ အလှူငွေငါးထောင်ထည့်ချင်လို့ပါ”

“လာ လာ သမီး၊ ဘယ်လမ်းကလဲ၊ အိမ်နံပါတ်ပြော
နော်”

“စံပယ်လမ်းကပါ အဘ၊ အိမ်နံပါတ် (၀၇) က”

“သာဓုပါခင်ဗျာ၊ သာဓုပါ၊ သာဓု၊ စေတနာသဒ္ဓါ
တရားရှေ့ထားပြီး စံပယ်လမ်းကသမီးလေးကလည်း အလှူငွေ
ငါးထောင်ကျပ်ကြီးများတောင် ထည့်ပြီး လှူဒါန်းပါတယ်ခင်ဗျ”

နိဗ္ဗာန်ဆော်ကြီးက လော်ကြီးနဲ့အော်ကြေညာတော့တာပဲ။
ကျွန်တော့်စိတ်ထဲက ဒီလိုကျတော့လဲ သူ့ခမျာ ရပ်ရေးရွာရေး
သာသနာရေးအတွက် လှူသွားပဲဟု တွေးရုံရှိသေး

“ဒီနေ့ ဘိုမမွေးနေ့ရလေ အဘရဲ့၊ အဲ့ဒါ သူ့အတွက်
ကုသိုလ်ကောင်းမှုလုပ်ပေးတာ”

“ဩော် ဩော်”

တော်တော့်ကို အမြင်ကပ်ဖို့ကောင်းပါလား၊ သာဓုမခေါ်
ဖြစ်တော့ပါဘူး။

“ဒီမှာ ဘကြီး၊ ကျွန်တော့်လုပ်အားခချွေးနဲစာကလေး
နဲ့အလှူငွေငါးရာလှူချင်လို့ပါ။ လှူမချမ်းသာပေမယ့် စေတနာ
ရှိလွန်းလို့ပါခင်ဗျာ”

“သာဓုပါဗျာ”


www.burmeseclassic.com

www.burmeseclassic.com



ဟင်! ကျွန်တော့်ကျ တစ်ခွန်းထဲပါလား။

"ကြီးကျယ်လို့! ဟွန်း"

သူ့ဆီက မကြားတကြားပြောသံ ထွက်လာတယ်။

"ဝေနေယျသတ္တဝါအပေါင်းကို မေတ္တာပို့အမျှဝေပေးပါနော် အဘ"

"အေး"

ဒါပဲပေါ့ ပြီးရော။

"ဒီမှာ ကိုအဝ္ဂါ"

"ဘာလဲဗျ မအဝ္ဂါ"

"တိရစ္ဆာန်က ဘာမှသိတာမဟုတ်ဘူး၊ ကိုယ်ကျွေးမှ စားရတာ ကိုယ်လုပ်ပေးမှ ကုသိုလ်ကောင်းမှုရတာ ဒါမှ နောင်ဘဝ ကောင်းရာဘုံရောက်မှာပေါ့၊ အဲ့ဒါကို ရှင် ဘာမှ ရိသလို ထေ့သလို လာလုပ်မနေနဲ့"

"ကိုယ့်ကိုယ်ကိုယ်သာ ကောင်းရာဘုံရောက်ဖို့ စဉ်းစားစမ်းပါ မဘဝင်ရယ်၊ ဖရုဿဝါစာ ကြမ်းတမ်းသောစကားကို ဆိုခြင်းဟာလည်း ဝစီဒုစရိုက်ဖြစ်လို့ ငရဲကျတတ်တယ်ခင်ဗျ"

"အံမယ်၊ သိပ်အပါးဝတဲ့လူ၊ ဟင်း တောက်"

ကောင်မလေး ဆွေ့ဆွေ့ခုန်သွားတယ်။

ကျွန်တော်ရယ်တာပေါ့။

ကျွန်တော်ရယ်တော့ Hello ကလည်း လိုက်ရယ်ပါတယ်။

အု အု အူး ဝူး တဲ့။



www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

"ဟ! ဟ! ဘာလဲဟ"

ကျွန်တော်က ဟိုင်းလပ်စ်ကားရဲ့နောက်ဆုံးတန်းခုံမှာ ထိုင်နေတာ။ ပြီးတော့ ထီးရိုးရှည်ကြီးကို ပေါင်ပေါ်ထောက်တင် ထောင်ကိုင်ထားတာ။

အဲဒါ ကားပေါ်တက်လာတဲ့ကောင်မလေးတစ်ယောက်က ဆွဲပြီးတက်လိုက်တော့ ထီးကြီးက ရွှေ့ပြီးပါသွားရော။

"ဟော့ တော် ကားသံတိုင်မှတ်လို့ ဆွဲတက်လိုက်တာ"

ကောင်းဗျာ။ အတော့်ကို နမော်နမဲ့နိုင်တဲ့ ဘယ်လိုမိန်းကလေးမျိုးပါလိမ့်။ ကျွန်တော် အမှတ်တမဲ့ကြည့်လိုက်မိတယ်။

ဩော် မဘဝင်ပါလား။ လိုင်းကားဟွေ ဘာတွေ စီးလို့



www.burmeseclassic.com

www.burmeseclassic.com



အတော့်ကို ထူးဆန်းနေတယ်။ ဘာတွေ ထွင်လုံးထုတ်ပြန်ပြီလဲ မသိဘူး။

"ဦးယဉ်၊ ဘေးခုံမှာ ထိုင်၊ မြန်မြန်နေရာဦးလေ"

အဖော်ကောင်မလေးကပြောတော့ မဘဝင်လေးက ကျွန်တော့်ဘေး အမြန်ဝင်ထိုင်ချတယ်။ ဘေးချင်းယှဉ်မိတော့မှ သူ့ဘေးမှာ ယောကျ်ားကြီးမှန်းသိပြီး ကိုယ်လေးကို ကျုံ့လိုက်တယ်။ ဒီအထိ ကျွန်တော့်ကို မော့်မကြည့်သေးဘူး။

ဒါပေမယ့် သူ့အဖော်ကောင်မလေးက ကျွန်တော့်ကို မြင်ပြီး မှတ်မိသွားတယ်။

"ဟဲ့ မိဦးယဉ်"

တိုးတိုးမှ တကယ့်ကိုတိုးတိုးလေး။ သူ့ကို ကပ်ခေါ်ပြီး တံတောင်နဲ့တို့အရိပ်အခြေပြတာ။ အဲ့ဒါကို ကျွန်တော်က ကြားလည်းကြားတယ်။ မြင်လည်းမြင်တယ်။ သူ့ခမျာတော့ ဘာမှ သတိထားမိပုံမရဘူး။ လက်ရှိ သူ့ပတ်ဝန်းကျင်နဲ့သူ ကြုံနေရတဲ့ အတွေ့အကြုံကို ထူးဆန်းပြီး သဘောတွေကျနေတာ။

"ဟဲ့"

တံတောင်နဲ့မရတော့ ပုခုံးချင်းတို့ပြန်တယ်။ ဒါလည်းမရဘူး။ ကားလေးက နေးလိုက်မြန်လိုက် ဘရိတ်နင်းလိုက်နဲ့မို့ ယိမ်းထိုးနေတဲ့ သူ့ခန္ဓာကိုယ်လေးကို လိုက်ထိန်းနေတယ်။

တစ်ချိုမှာတော့ ကားက ကွေ့ဆဲ့ ဆဲ့ကွေ့တယ်။ သူ့တစ်ကိုယ်လုံး ကျွန်တော့်ဘက် ပြိုပိကျလာတာပေါ့။ လိုင်းကားမစီးဘူးတော့ မထိန်းတတ်ဘူး။ အထာမသိဘူး။

ကျွန်တော် တမင်ညစ်ချင်တာနဲ့ ကျွန်တော့်ကိုယ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com


ကားအပြင်ထွက်လုအထိ တအားဆုတ်လိုက်တယ်။

"အိုး"

သူ့ကိုယ်ဟာ လှဲအိပ်ချသလိုကိုဖြစ်သွားတာ။ ကျွန်တော့်မှာ ရယ်ချင်လိုက်တာလေ ဘယ်လိုမှကို မအောင့်နိုင်တော့ဘူး။

ကားရော လူတွေရော ပုံမှန်ပြန်ဖြစ်သွားတယ်။ သူက အဲ့ဒီတော့မှ ကျွန်တော့်ကို လှည့်ကြည့်တယ်။

ကျွန်တော့်ပါးစပ်က ရယ်လျက်တန်းလန်းကြီးနဲ့။

"ဟင်! ရှင်"

ကျွန်တော့်ကို မှတ်မိသွားပြီး သူ့မျက်နှာ ဒေါသရိပ်ပြောင်းသွားတယ်။ ပြီးတော့

"ရှင် တမင်လုပ်တာပေါ့လေ၊ ဟင်း အကျင့်ကို မကောင်းတဲ့လူ၊ ကျွန်မကလည်း ရှင့်အသား ထိချင်လွန်းလို့ ထိတာ မဟုတ်ဘူး၊ ဟွန်း ဝေးပါသေး"

"မထိချင်လို့သာ တစ်ရှိန်လုံးမှီထားပြီးတော့"

"ထိုင်ရတာ ကျပ်သပ်နေတာကိုး မဟုတ်လို့ကတော့ ရှင့်လိုလူရဲ့အသားများ ဟွန်း"

"အောင်မာ၊ ခင်ဗျားကများ ပြောရတယ်ရှိသေး၊ ကျွန်တော့်အသားက ခင်ဗျားထက်တောင် ဖြူသေး၊ ဒီမှာ ယှဉ်ကြည့်ဦး"

ကျွန်တော့်ညာလက်က သူ့ဘယ်လက်နားထိ ကပ်ပြီး ယှဉ်ပြလိုက်ပါတယ်။

သူ့ကိုယ်သူ ဖြူဖြူဝင်းဝင်းကလေးနဲ့ဟုတ်လှပြီလို့ သွေးနထင်ရောက်နေတဲ့သူဟာ ကွက်ခနဲ မျက်နှာတစ်ချက်ပျက်သွား


www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

ဟဲ ဟဲ နိုပ်ဟ။ အသားဖြူဖွေးဖွေးလေး မွေးပေးတဲ့ မေမေ့ကို ကျေးဇူးတင်လိုက်တာ။

ကျွန်တော်တွေးပြီး ကျေနပ်လို့တောင် မဆုံးသေးဘူး။ မမျှော်လင့်တဲ့ တုန့်ပြန်မှုတစ်ခု ရောက်လာတယ်။

"ဖြန်း"

"အ"

"မှတ်ပြီလား"

"ဟဲ့ ဦးယဉ်"

ညာဘက်ပေါင်တစ်ခြမ်းလုံး ပူထူသွားတာပဲ။ ရိုက်ထဲ့လိုက်တာဗျ။

ငယ်တုန်းက စကားနိုင်လုကြရင်း နိုင်အောင်မပြောနိုင်တဲ့ သူက ရှုံးမဲမဲပြီး လက်ပါလာရော။ အခုလည်း ဒီအတိုင်းပဲ။ တကယ့်ကောင်မလေးပါလား။

"လူတစ်ယောက်ကို ကိုယ်ထိလက်ရောက်စော်ကားတာ ပြစ်မှုကြီးတယ်နော့၊ ဖုန်းဆက်လိုက်ရမလား"

"သေလိုက်"

မလွယ်ဘူးဗျို့။ တကယ်မလွယ်တဲ့ကောင်မလေးပဲ။

"ဆင်းမယ်"

ကားလေးက အရှိန်လျှော့သွားတော့ သူက အော်တယ်။ ရှက်ရမ်းရမ်းပြီး ဆင်းပြေးတော့မှာ...။

"ဆင်းလို့မရသေးဘူး အစ်မလေး၊ ဒါ မီးပွိုင့်ကြီး"

သူ့ခမျာ အောင့်သက်သက်နဲ့ငြိမ်နေလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ထိုင်စရာနေရာရနေတာကို ဘာလို့ဆင်းမှာလဲ မိဦးယဉ်ရဲ့"

"ကျက်သရေတုံးလို့"

"ဟဲ့"

သူ့အဖော်ကောင်မလေးက တားပေမယ့် မရပါဘူး။ ရှေ့မှတ်တိုင်ရောက်တော့ ဇောင့်ဇောင့်နဲ့ ဆင်းသွားတယ်။

"ကြွ ကြွ မြန်မြန်သာကြွ၊ ခုမှပဲ သက်တောင့်သက်သာ စီးရတော့တယ်၊ လူချင်းကပ်နေတာ အသားမဲတာတွေ ကူးကုန်တော့မှာပဲ၊ ဒီမှာ အမိ နောက်တစ်ခါ ကားပေါ်တက်ရင် ထီးမှားမဆွဲနဲ့နော်၊ တော်သေးတာပေါ့ဗျာ ထီးမို့လို့"

ကျွန်တော့်စကားဆုံးတာနဲ့ ကားက ထွက်သွားတယ်။

"အယုတ်တမာကောင်"

သူ့ခများ ခြေဆောင့်ပြီး မျက်စောင်းကြီးခဲ ကျန်ခဲ့တယ်။ ချစ်စရာတော့အကောင်းသားဗျ။

ဂိတ်ဆုံးဆူးလေရောက်တော့ ကျွန်တော်လည်း ဆင်းတယ်။ သွားရမယ့် ကုမ္ပဏီကို ဆက်သွားတယ်။ ကုမ္ပဏီက (၈) ထပ်မှာဆိုတော့ ဓာတ်လှေကားနဲ့ တက်ခဲ့တာပေါ့။ ဓာတ်လှေကားက ဆင်းလိုက်တယ်ဆိုရင်ပဲ ညှို့ကြိုကောင်တာ။

"ရှပ်ပလာမဂ္ဂဇင်းက ဘယ်ဘက်လဲခင်ဗျ"

"ဘယ်ဘက်ခြမ်း"

ဟုတ်သားပဲ ညာဘက်အခြမ်းက "ထိပ်ထိပ်ကျဲ" ကုမ္ပဏီတဲ့။ အင်းလေ မဂ္ဂဇင်းရော ကုမ္ပဏီရော သူဌေးတစ်ဦးတည်းပဲဥစ္စာ။ မဂ္ဂဇင်းထုတ်နေတာကလဲ ပိုက်ဆံတွေ ထားစရာမရှိလို့



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာ။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်အတွက်ကတော့ ဘာလုပ်ရလုပ်ရ ပညာတိုးတာကြီးပါပဲ။ အခန်းဝမှာ ဖိနပ်ချွတ်ထားခဲ့ပြီး ဝင်ခဲ့တော့ အိစက်တဲ့ကော်ဇောက ခြေဖဝါးမှာ လာထိတွေ့တယ်။

"ဟေ့ကောင် အင်အား၊ ကွန်ပျူတာခန်းထဲကို လာခဲ့"

ကျွန်တော်လာတာကိုတွေ့တော့ အခန်းတံခါးဟပြီး ကျော်လင်းက လှမ်းခေါ်တယ်။

ဒီဇင်ဘာလမှ စထွက်မယ့် 'ရုပ်ပလာ'မဂ္ဂဇင်းသစ်အတွက် ကွန်ပျူတာနဲ့ကွန်ပျူတာခန်းကို ကျော်လင်းက ပြင်ဆင်ပေးနေတာ။

"သူဌေး မရောက်သေးဘူးကွ၊ ရောက်ရင် မင်းကို သူဌေးနဲ့တွေ့ပေးမယ်"

ကောင်းတာပေါ့ဗျာ။ သမီးတွေအများကြီးရှိတဲ့ သူဌေးကြီးနဲ့ ရင်မင်သိကျွမ်းခွင့်ရတော့လည်း နည်းလား။

သူတို့ကတော့ ဘယ်လိုကြိုးစားပြီး သူဌေးဖြစ်ခဲ့လဲ မသိဘူး။

ကျွန်တော်က ခုမှ သူညက စမှာ။



www.burmeseclassic.com

www.burmeseclassic.com

## [ ၇ ]

လူတွေမှာ ကုသိုလ်ကံအကျိုးပေးချိန်ပဲဖြစ်ဖြစ် အကုသိုလ်ကံအကျိုးပေးချိန်ပဲဖြစ်ဖြစ် အဲ့ဒီအချိန်တွေကို ဘာနဲ့မှ တားမရ တတ်ကြဘူးတဲ့။ ဟုတ်မှာ။

ကျွန်တော်လည်း ဒီအတိုင်းပဲမြင်တယ်။ ခုတလော အဲ့ဒီကောင်မလေး (မဘဝင်)နဲ့ နေရာတကာ ခဏခဏဆုံနေတာ ကိုက အကုသိုလ်အကျိုးပေးတာ မဟုတ်ဘူးလား။ သူက ကျွန်တော့်ကို နိဗ္ဗာန်တော့ ပို့ပေးမှာမဟုတ်ဘူး။ ငရဲပဲ ပို့ပေးမယ့်သူ။ ပြီးတော့ အဆိုးဆုံးက ဒီအလုပ်မှာ လာဆုံရတာကိုပဲ။

"ကဲ အားလုံး မင်းကြားတဲ့အတိုင်းပဲ အင်အား"

"အေး ငါ ကောင်းကောင်းကြားလိုက်ရာကတော့ သူ့ဘွဲ့


www.burmeseclassic.com

www.burmeseclassic.com



က အားလုံးနဲ့ ချစ်ချစ်ခင်ခင်နေရမယ်တဲ့"

"မင်းကတော့ လုပ်ပြီ"

"အဲ့ဒါ တေးဦးယဉ်ကို ချစ်နိုင် မချစ်နိုင် ငါ စဉ်းစားနေတာ"

"ကြီးကျယ်လို့ကွာ"

"နေပါဦး၊ သူဌေးသမီးက ဘာလို့ ဒီမှာလာပြီး အလုပ်လုပ်မှာတဲ့လဲ! သူက ဘာတတ် ဘာနားလည်လို့လဲ'"

"မင်းလည်း သူဌေးသားပဲ၊ ဘာလို့ လာလုပ်နေတာလဲ"

"ဟာ! ငါက ပညာရအောင် လုပ်ငန်းအတွေ့အကြုံတွေ ရှာနေတာကွ၊ တစ်ချိန် ငါက တကယ်အလုပ်လုပ်မှာ၊ သူက ဘာလဲ"

"သြော် ပျင်းလို့နေမှာပေါ့"

"အပျင်းပြေ အပြင်ထွက်ပြီး ဒါမျိုးလား'"

ကျွန်တော်က လက်ငါးချောင်းကို စုလိုက်ကားလိုက် လုပ်ပြလိုက်တယ်။ သဘောကတော့ ပွမ်ပွမ်လားပေါ့။

"ဟား ဟား ဟား"

ကျော်လင်းက တဟားဟားအော်ရယ်တယ်။ ပြီးမှ

"မင်းတို့နှစ်ယောက်မှ တိုက်တိုက်ဆိုင်ဆိုင် လာဆုံနေတယ်၊ ငါ ကြားက ရှုးလိမ့်မယ်"

"ငါတို့ ဝင်လာပုံချင်းက မတူဘူး၊ ငါက တကယ် အလုပ်လုပ်မှာ သူက အပျင်းပြေလာလုပ်တာ"

"ဘာပဲဖြစ်ဖြစ် သူဌေးမိသားစုနဲ့သူတို့က အရမ်းခင်ကြတာတဲ့၊ မျက်နှာပျက်ရအောင်တော့ လုပ်မှာမဟုတ်ပါဘူး၊ ဒီငြိမ်



www.burmeseclassic.com

www.burmeseclassic.com



...တ်တွဲခေါ်ရမှာပေါ့"

"ဟော့အေး၊ မင့်ဘာသာတွဲခေါ်ချင်ခေါ် ကျော်လင်း ...တော့ ငါ့အလုပ်ပဲ ငါလုပ်မယ်"

ကျွန်တော့်ကို ဘာမှ ပြန်မပြောဘဲ ကျော်လင်းက ပြုံး...နေတယ်။ သဘောက ကြည့်ကြသေးတာပေါ့ဆိုတဲ့သဘော။ ...ဘာသာ ကြည့်ချင်လည်းကြည့် မကြည့်ချင်နေ။ ကျွန်တော် ...တော့ အနယ်နယ်အရပ်ရပ်က ရောက်လာတဲ့ စာမူအိတ်တွေ ...ဖောက်ရတာကိုပဲ ပျော်နေပြီ။

မဘဝင်ကတော့ သူ့မြွေးသမီးတွေနဲ့ အွန်စောစကာဒ် ...ယောင်းအင်္ကျီ ဒါတွေပဲ ပြောနေမှာပေါ့။

ဟော ပြောရင်းဆိုရင်း သူ့မြွေးသမီးအကြီးနဲ့အတူ ...ဘက်ကို လာနေပြီ။ အသက်ရှည်ဦးမယ်။

"ဟေး ဘာလုပ်နေကြတာလဲ! လေပန်းနေကြတာ လား၊ ...င်းထားတာတွေ လုပ်ပြီးပြီလား"

"ဟုတ်ကဲ့၊ လုပ်နေပါတယ် အစ်မ၊ ပြီးတော့မှာပါ"

"အေး အေး၊ ညနေသုံးနာရီကျရင် အစ်မ သွား စရာ ...တယ်၊ မှီရင်ပြီးတာပဲ၊ ဒါနဲ့ မင်းတို့ကို မိတ်ဆက်ပေးရဦးမယ်"

ပြောတာကတော့ ဝန်ထမ်းအားလုံးကို ခြုံငုံပြောတာပါပဲ။ ...တ်ဆက်ပေးမယ်ဆိုတာကလည်း တေးဦးယဉ်နဲ့ပဲပေါ့။

"ဒါ တေးဦးယဉ်တဲ့ မှတ်ထားကြ ... အစ်မတို့ညီမလေး ... အသစ်ထွက်တော့မယ့် မဂ္ဂဇင်းအတွက် အဖွဲ့သားတွေကို ...ပဲ အုပ်ချုပ်ပါလိမ့်မယ်"

ဩော် သူက ကုမ္ပဏီဘက်ခြမ်းမဟုတ်ဘဲ ဒီဘက် ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတာပါလား။

"အစ်မတို့က ကုမ္ပဏီကိစ္စတွေနဲ့ဆိုတော့ မဂ္ဂဇင်းကို လှည့်ကြည့်နိုင်မှာမဟုတ်ဘူး"

သူက တစ်ယောက်ချင်းကို လိုက်ကြည့်ပြုံးပြပါတယ်၊ ကျွန်တော့်ကိုကျတော့ ပြုံးပြရမှာစိုးတာနဲ့ တစ်ချက်လေးမှကို ကြည့်မလာဘူး။ ဝမ်းမနည်းပေါင်။

"သူက ကျော်လင်း သူငယ်ချင်းဆိုတာလား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် အင်အားပါ"

"အံမယ်၊ မင်းက လူချောပဲကွ၊ နောက်လကျရင် မဂ္ဂဇင်းအဖုံးကို မင်းသားနေတိုးမတင်ဘဲ မင့် တင်ရမယ်ထင်တယ်"

"ဟာဗျာ"

အများရှေ့ဆိုတော့ ကျွန်တော် ရှက်ကိုးရှက်ကန်းဖြစ်သွားတာပေါ့။ မျက်နှာမထားတတ်ဘူးဆိုတာ ဒါမျိုးပြောတာနေမှာ၊ သူ နှုတ်ခမ်းမဲ့လိုက်တာကို ကျွန်တော် တွေ့ဖြစ်အောင် တွေ့လိုက်မိသေးတယ်။

"မင်းသမီးအတွက်လည်း ပူစရာမလိုဘူးဟေ့၊ ဒီမှာ တေးဦးယဉ်ရှိပြီးသား"

"ဟုတ်တယ် အစ်မ၊ အဲ့ဒီမမတေးဦးယဉ်က သိပ်လှတာပဲ"

ဝန်ထမ်းကောင်မလေးတွေ အားလုံးက ဝိုင်းထောက်ခံကြတယ်။ မယ်မင်းကြီးမက သူ့ကိုပြောတာကျ ကျေနပ်လို့ဗျာ၊ မျက်နှာကို ပင့်ချီထားပြီး ပြုံးပြုံးကြီးလုပ်နေတယ်။

အံ့ပါရဲ့ဗျာ။ မြှောက်ပြောလို့ ပြောမှန်းမသိနဲ့။ အဲ့ရှေ



www.burmeseclassic.com

www.burmeseclassic.com



တို့ မရှိဘူး။

"လုပ်ငန်းကိစ္စနဲ့ပတ်သက်တဲ့ အစည်းအဝေးလုပ်ဖို့ရှိတယ်၊ အဲ့ဒီအခါမှ တာဝန်တွေ သတ်သတ်မှတ်မှတ်ခွဲပေးမယ်၊ အခု လောလောဆယ်တော့ စာမူစုဆောင်းပြီး ရွေးချယ်ထားဖို့ပဲ အရေးကြီးတယ်"

ဒီအလုပ်က ပျော်စရာကောင်းမယ်လို့ ကျွန်တော် ထင်တယ်။ ခက်နေတာက သူပဲ။ ဘာမှလည်းမသိ မတတ်နဲ့ ဩဇာပေး ဆရာကြီးလာလာလုပ်နေတာ။

"ဒီမှာ၊ ရှင်က အင်တာနက်ကြီးပဲ ကြည့်မနေနဲ့ လုပ်စရာရှိတာ နည်းနည်းပါးပါးဝိုင်းကူလုပ်ဦး"

"အင်တာနက်ကြည့်တာ အပျင်းပြေအလကားလျှောက်ကြည့်တယ်ထင်မနေနဲ့ အမိ၊ မဂ္ဂဇင်းအတွက် စိတ်ဝင်စားဖွယ်တွေ အများကြီးရနိုင်တယ်၊ ဒါလေးတောင် မသိနားမလည်ဘဲ အဖွဲ့ဝင် အယ်ဒီတာ အမည်ခံချင်သေးတာ မရှက်ဘူးလား"

"ရှင့်ကိုယ်ရှင် အလုပ်သမားတစ်ယောက်ဆိုတာ မေ့မနေနဲ့ဦး၊ ကျွန်မကို မချေမင့်ပြန်ပြောတာတွေ ဆင်ခြင်"

"ခင်ဗျားကိုယ်တိုင် သတ်ပုံမှန်အောင် ကြိုးစားဖို့လည်း စဉ်းစားဦး"

အလကားဗျ၊ ပိုက်ဆံဖြုန်းဖို့ ဟိတ်ကြီးဟန်ကြီးလုပ်ဖို့နဲ့ လုတာကာ ဩဇာပေးဖို့လောက်တတ်တဲ့မိန်းမ။ ကျွန်တော့်အမေ အတိုင်းပဲ။ ကျွန်တော့်အမေလည်း အဖေ့ကို အရမ်းဩဇာပေးတာ။ မိန်းမတွေများ မကောင်းပါဘူးဗျာ။ အားလုံးအတူတူကြီးပါပဲ။

အကောင်းဆုံးကတော့ဗျာ၊ သူတို့နဲ့ ခပ်ဝေးဝေးနေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်။

ဟော ဝေးဝေးနေပါမယ်ဆိုမှ လွတ်ကို မလွတ်ကင်း နိုင်ဘူး ကိုယ့်ဆရာရေ။ ထိပ်တိုက်ပဲ လာလာဆုံနေတယ်။

ညနေရုံးဆင်းချိန်ရောက်တော့ ပြန်ဖို့ဖိနပ်စီးမယ်အလုပ် မှာ ဖိနပ်က မတွေ့ဘူး။

ကျွန်တော် ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်မိတယ်ဆိုရင်ပဲ လား လား တွေ့ပါပြီ။

ဘယ့်နှယ် ကျွန်တော့်ဖိနပ်က သူ့ခြေထောက်မှာ ရောက် နေရတာလဲ။ သြော် လက်စသတ်တော့ ဖိနပ်ချင်းက တူနေတာ ကိုး။ ယောကျ်ား မိန်းမစီးလို့ရတဲ့ Scholl တံဆိပ်။

“ဒီမှာ အမိ ကျွန်တော် ပြန်တော့မယ်”

“ကောင်းပြီလေ၊ ရုံးဆင်းချိန်ရောက်နေပြီပဲ၊ ဘာမှလည်း လုပ်စရာမရှိတော့ ပြန်ပေါ့”

အောင်မလေးဗျာ။ ကိုယ် ပြန်ဖို့ သူ့ပဲ လေးလေးစားစား ခွင့်တောင်းနေရသလိုလို။ ပြောရတာ သဘောမပေါက်လိုက်တာ ဒီတော့ နောက်တစ်ခေါက်ထပ်ပြောရတော့တာပေါ့။ ဒါကို သူကပဲ စိတ်ဆိုးရတယ်ရှိသေး။

“ဒီမှာ အမိ၊ ကျွန်တော်ပြန်ချင်ပြီဗျ”

“ရှင့်ဖာသာရှင် ပြန်ချင်ပြန် မပြန်ချင်နေ၊ ဘာလို့ ကျွန်မ ကို ခဏခဏလာပြောနေရတာလဲ! ဘယ်လိုလူမှန်းကိုမသိဘူး၊ သိပ် စိတ်ပျက်ဖို့ကောင်းတာပဲ၊ ကျွတ်”

“စိတ်ပျက်ဖို့ကောင်းတာက ခင်ဗျားဗျ၊ ခင်ဗျားစီးထား တာ ကျွန်တော့်ဖိနပ်ကြီး”



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ သူ့ခြေထောက်ကို သူ ငုံ့ကြည့်ပါတော့တယ်။
"ဟော့် တော်"



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

ကျွန်တော့်စိတ်ထဲ သူ့ကို ခုလောက်ထိ စိတ်ရှည်လိမ့်မယ်လို့ ထင်မထားခဲ့ဘူး။

ပထမဆုံး မဂ္ဂဇင်းမျက်နှာဖုံးကာဗာအတွက် သရုပ်ဆောင်က တက်သစ်စ မော်ဒယ်မင်းသမီးတစ်ယောက်။ ဓာတ်ပုံရိုက်ဖို့က Contact လုပ်ပြီးသား။

ဒီတော့ မင်းသမီးရှိရာ ရိုက်ကွင်းကိုလာ၊ ရိုက်ကွင်းနားတဲ့အချိန် ပြင်ဆင်ပြီးသား မင်းသမီးကို ဓာတ်ပုံရိုက်ယူခဲ့ရုံပဲ။

ဒါလေးကို အခုတော့ စောင့်နေရတာ တစ်နာရီလောက်ရှိနေပြီ။ သူ့အခန်းကဏ္ဍက ပြင်လို့၊ ဆင်လို့၊ ရိုက်လို့ကို မပြီးနိုင်သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဒေါ်ဦးယဉ်"

"ဘာလဲ"

မနေနိုင်တဲ့အဆုံး ကျွန်တော်က သူ့ကို ခေါ်လိုက်ရတယ်။ အခု ဒီတာဝန်ကို ပူးတွဲယူထားရတာက ကျွန်တော်တို့နှစ်ယောက်။ အဲဒါ ဘယ်လို ရှောင်လွှဲလို့မှ မရတာ။

"ခင်ဗျား ဗိုက်မဆာဘူးလားဗျ၊ ကျွန်တော်တော့ ဗိုက်လည်းဆာတယ်၊ ပျင်းလည်း ပျင်းလှပြီ"

သူက မျက်စောင်းကို လှလှပပကြီး ထိုးပါတယ်။ ဒါ ဖရီးကစ်ပဲဗျို့။ နှလုံးသားထဲကို ဒါရိုက်ထိထိမိမိကြီးကို တန်းဝင်သွားတာ။

"ဒါ အလုပ်လုပ်နေတာ၊ ဗိုက်ဆာတာတွေ၊ ပျင်းတာတွေ ပြောလို့ရမလားရှင့်"

"ဒါတော့ဗျာ၊ အစာအိမ်ပါမှတော့ ဆာမှာပဲ၊ ခံစားတတ်တဲ့စိတ်ရှိမှတော့ ပျင်းမှာပဲ"

"ဟွန်း"

"ကျွန်တော် မှားလဲရင် ခင်ဗျားပဲနော်"

"အမလေးနော်၊ လဲပြီးရင်သေလိုက်၊ တကတဲ ယောကျ်ားကြီး မဟုတ်တာကျနေတာပဲ"

"ယောကျ်ားတော့ ယောကျ်ားပဲ၊ ဒါပေမယ့် မကြီးသေးဘူး"

"ရှင်နော်"

"ဘာလဲဗျ၊ ကျွန်တော့်အသက် ခုမှ နှစ်ဆယ့်သုံးနှစ်တောင် မပြည့်သေးဘူး၊ ဒါ ကြီးမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း"

သူကတော့ ဘယ်ဗိုက်ဆာမလဲ၊ ပျင်းလည်း ဘယ်ပျင်းထိခဲ့မလဲ၊ မင်းသမီး ဘာအဝတ် ဝတ်ထားတယ်၊ ဘာဖိနပ်စီးထားတယ် တစ်ခုချင်းလိုက်ကြည့်ပြီး ကျိတ်ပြိုင်နေတာကိုး။

ပြောလို့ပြောတာတော့မဟုတ်ဘူးဗျ။ ဟိုက မင်းသမီးသာဆိုတယ်။ မျက်နှာလေးတစ်ခုလှပြီး ကျန်တာ ဖွတ်။ တေးဦးယဉ်နဲ့ယှဉ်ရင် အဝတ်အစားရော၊ အလှအပရော ဘာမှကို မဆိုင်တာ။

ဒါကြောင့်လားမသိဘူး။ ရိုက်ကွင်းထဲရောက်လာကတည်းက မင်းသမီးထက် တေးဦးယဉ်ခမျာ လူတွေ ဂရုစိုက်ကြည့်တာခံနေရတယ်။

"သူ ရိုက်မယ့်အခန်းက ဘယ်နှစ်ခန်းလဲ၊ ဘယ်တော့ပြီးမှာတဲ့လဲ"

ကျွန်တော်က အငြိမ်မနေနိုင်တာနဲ့ ထပ်မေးလိုက်ပြန်တယ်။ တေးဦးယဉ်က

"ဘယ်နှစ်ခန်းရိုက်မလဲတော့ ဘယ်သိမလဲ၊ သိချင်ရင်ရှင့်ဖာသာ သွားမေး၊ ပြီးတော့မယ့်ဟာကို စောင့်လက်စနဲ့ စောင့်ရမှာပဲ၊ ကိုယ်က လိုချင်တဲ့သူ မဟုတ်လား"

"ဒီလိုကျ ခင်ဗျားက သာသွားပြန်ရော၊ တစ်မူးဖိုးလောက်ပေါ့"

"ရှင်နော်"

"ဒါတွေထားပါ၊ ကျွန်တော်တို့မဂ္ဂဇင်းအတွက် မျက်နှာဖုံး ရိုက်ရမယ့် မင်းသမီးကလည်း ခင်ဗျားလောက်မလှပါလားဗျ"

ကျွန်တော့်စကားကြောင့် ရုတ်တရက်တော့ သူ ကြောင်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ ပြီးမှ ကျေနပ်တဲ့မျက်ဝန်းနဲ့ ပြုံးစစလေးလုပ်နေတယ်။

"Body ကလည်း ဆွဲဆောင်မှုမရှိပါဘူး၊ ခင်ဗျားက ဘာဝတ်ဝတ်လှတဲ့ Body ဗျ၊ ဗိုက်ဆာလိုက်တာဗျာ"

သူ့မျက်စောင်းက အင်အားအတော့်ကို ပျော့သွားရဲ့မက သူ့ဘေးက လွယ်အိတ်လေးကိုပါ ဖွင့်လိုက်တယ်။ ပြီးတော့ ချောကလက်ဝေဖာမုန့်လေးတွေ ထုတ်ပေးတယ်။

"ရော့ ဒါ အဆာပြေစားထားနှင့်၊ ပြီးရင် မြသဇင်မှာ ထမင်းကျွေးမယ်"

အလဲ့၊ ကံဇာတာကတော့ တက်လာပြီဗျို့။ မိန်းမ တွေများ နှစ်ခါမမြှောက်ပင့်ရဘူး။ လှတယ်ပြောတာနဲ့ သူတို့ပိုက်ဆံအိတ် ထဲက စိမ်းစိမ်းအရွက်တွေ ခုန်ထွက်ဖို့ တာစူလာတော့တာပဲ။

"ပြီးသွားပြီ၊ ပြီးသွားပြီ၊ ဒီနေ့ မီးရဲ့ကဏ္ဍပြီးပြီ၊ စောင့်နေ တဲ့သူတွေကို အားနာလိုက်တာ၊ ဟင်း ဟင်း"

မင်းသမီးက ကြောင်သံနဲ့ရယ်ရင်း တစ်ကိုယ်လုံး လှုပ် ခါပြီး ရောက်လာတယ်။ သူ့ဟာသူ ဘယ်လောက်ခါခါ ဘယ် လောက်ရမ်းရမ်း ပြားချပ်နေတဲ့ ခန္ဓာကိုယ်က ဘာတစ်ခုမှ လှုပ် မလာပါဘူး။

ကျွန်တော်တို့ မျက်နှာဖုံးဓာတ်ပုံတွေ စရိုက်ကြတော့ တေးဦးယဉ်က သူ ယူလာတဲ့အဝတ်အစားတစ်ထုတ်ကြီးကို ဖွင့် တယ်။ မင်းသမီးကို ဆင်မြန်းပေးတယ်။

ပြီးတော့ ရှုထောင့်အမျိုးမျိုးကနေ ဓာတ်ပုံတွေ ရိုက် ကြတယ်။ ဒါပေမယ့် ကျွန်တော့်မျက်စိထဲ အဲဒီမော်ဒယ်မင်းသမီး ကိုကြည့်ရတာ ဘာလိုနေမှန်းကို မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ သတိရပြီး

"ခဏနေဦး"

"ဘာလဲ"

"ဟို ဟို မင်းသမီးဓာတ်ပုံရိုက်တာ တစ်ခုလိုနေသလိုပဲ၊ ဝွမ်းနည်းနည်းလောက် ထည့်လိုက်ပါလား"

ရုတ်ရက်ထွက်ပေါ်လာတဲ့ ကျွန်တော့်စကားကို ဘယ်သူကမှ နားမလည်ကြဘူး။ ဒါနဲ့ ကျွန်တော်က ရင်ဘတ်ပိုင်းကို ဝှိုက်ပြတယ်။ ဒါလည်း နားလည်ကြပုံမပေါ်ပါဘူး။ ပြူးကြောင်ကြောင်တွေနဲ့ ငေးကြည့်နေကြတယ်။

အရင်ဆုံးနားလည်သွားတာက တေးဦးယဉ်။

"ဒီမှာ ရှင် ရှင် တခြားမှာ သွားထိုင်နေစမ်းပါ၊ ဒီကိစ္စ ဓာတ်ပုံဆရာနဲ့ကျွန်မပဲ ပြီးအောင် တာဝန်ယူလိုက်တော့မယ်"

"ဟ! ဘာဖြစ်လို့လဲ"

"သွား၊ ရှင် ဝေးဝေးသွားနေပါတော့၊ သွား"

သူက ကျွန်တော့်ကို အတင်းကို တွန်းထိုးနှင်လွှတ်ပါတယ်။ ဒါနဲ့ ကျွန်တော့်မှာ အူကြောင်ကြောင်နဲ့ ထွက်လာခဲ့ရတာပေါ့။

အပြန်ကျ သူက ကျွန်တော့်ကို ကောတော့တာပါပဲ။ တကယ့်ကို အမေက သားကို ဆူနေသလိုမျိုး။

"ရှင်ဟာလေ၊ တကယ့်ကို ပါးရည်နပ်ရည်မရှိတာပဲသိလား၊ မိန်းကလေးတစ်ယောက်ကို လူတွေရှေ့ အဲသလို ပြောစရာလားရှင့် ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဗျာ"

"ဘာဟော့ဗျာလဲ? ဟွန်း ကိုယ့်အရာလဲမဟုတ်ဘဲနဲ့ မနေတတ်၊ မထိုင်တတ်၊ တကယ်ပဲ"

"ကျွန်တော်က လှသွားအောင် စေတနာနဲ့အကောင်းပြော တဲ့ဟာ၊ မင်းသမီးရဲ့ ဟို ဟို ရင် ရင်ဘတ်ကြီးက ပြား ပြား"

"ကဲ တော်ပါတော့၊ ရှင်ဟာလေ ပြောလေဆိုးလေ၊ တကယ်ပါပဲ"

အဲဒါ စိတ်ဆိုးမာန်ဆိုးနဲ့ ရုံးကို ပြန်ခဲ့ကြတာ မြသဇင် မှာ ကျွေးမယ့်ထမင်းပွဲနဲ့ ဝေးခဲ့ရတယ်။

ရှေးလူကြီးသူမတွေပြောသလို မိန်းမတွေဟာ ပင်လယ် ပြင်နဲ့တူတယ်ဆိုတာ အမှန်ပဲ။ ရာသီဥတုက အခုကောင်းနေပေ မယ့် တော်ကြာ ဖောက်ချင်ဖောက်သွားတတ်တာ။

ညနေအိမ်ပြန်ခါနီးတော့ ရုံးအောက်မှာ Taxi ငှါးမလို့ လုပ်နေတဲ့ သူ့ကို တွေ့ရတယ်။ ဝိုင်းဆိုတဲ့ သူ့သူငယ်ချင်း ကောင်မလေးကိုတော့ မတွေ့ရဘူး။

သူ ကျွန်တော့်ကို လမ်းကြုံခေါ်တင်ရမလို၊ မတင်ရမလို ချီတုံချတုံနဲ့ ကွက်ကြည့်ကွက်ကြည့်လုပ်နေသေးတယ်။

ကျွန်တော်က သူ့အနားကပ်သွားပြီး

"ဘာလဲ! ခင်ဗျားက Taxi ငှါးပြီး အိမ်ပြန်မလို့ပေါ့"

"ဟုတ်တယ်၊ ဒီနေ့ သိပ်ပင်ပန်းနေပြီ၊ ဘတ်စ်ကားနဲ့ မပြန်နိုင်တော့ဘူး၊ ပြီးတော့ ဝိုင်းလည်း မလာဘူးလေ၊ ဒါနဲ့ လမ်းကြုံတာပဲ၊ ရှင်လည်း လိုက်ချင် လိုက်ခဲ့ပေါ့"

"အလုပ်လုပ်လို့ရတဲ့လစာက တစ်ပဲခြောက်ပြား၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



Taxi ပဲ စီးနေလို့ကတော့ အိမ်တိုင်တောင် ချွတ်ရောင်းရလိမ့်မယ်"

"အောင်မာ၊ ရှင်က ရှင်က အဲ့ဒါ ရှင့်အပူပါ သလားဟင်! ချက်နှာသာပေး ရွှေရေးပန်းကန်တက်၊ ကျွန်မကိုများ ရှင့်လို အစားဝင်လုပ်နေတဲ့ အလုပ်သမားမှတ်နေလား၊ တစ်ပြားမှမယူဘဲ အပျင်းပြေလာလုပ်နေတာရှင့်၊ သိရဲ့လား ဟွန်း"

သူက ပင်လယ်ပြင်လိုပဲ ပြောင်းလဲသွားပြန်တယ်။ ကျွန်တော့်ကို မခေါ်တော့ဘဲ မျက်စောင်းထိုး ... ခြေဆောင့်ပြီး အားပေါ်တက်သွားတော့တာပေါ့။

"ခင်ဗျားမိဘတွေချမ်းသာတာ သိပါတယ် ဒေါ်ဘဝင်ရဲ့၊ ကိုယ့်အစွမ်းအစနဲ့ ခင်ဗျား ဘယ်နှစ်ပြားရှာဖူးလို့လဲ! သိပ်ကြီးကျယ် မနေနဲ့"

ကျွန်တော့်စကားလည်းဆုံးရော Taxi က ထွက်သွားပြီ။ ဒါပေမယ့် ... Taxi ပေါ်ကနေ ပစ္စည်းတစ်ခု လွှင့်ထွက်လာပြီး ကျွန်တော့်ရင်ဘတ်ကို တဲ့တဲ့လာမှန်ပါတယ်။ ဆံပင်ကို ကုပ်ထားတဲ့ ဘီးကုပ်ကလေး။

ဩော် ... ခေါင်းကနေ ဖြုတ်ပြီး ပေါက်လိုက်တာကိုး။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

[ ၉ ]

သူက ကျွန်တော့်ကို စိတ်ဆိုးပေမယ့် အကြာကြီးတော့ စိတ်ကောက်လို့ မရဘူးပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နှစ်ယောက်က လုပ်ငန်းတွဲလုပ်နေရတာကိုး။

"ကျွန်တော်ကတော့ ဘတ်စ်ကားပဲ စီးမယ်"

"ရှင် ဘယ်လိုဖြစ်နေတာလဲ? Taxi ငှါးမယ်ဆိုရင်ကို ပြဿနာ လုပ်တယ်၊ ရှင့်ပိုက်ဆံကုန်သလား? ကျွန်မပိုက်ဆံနဲ့ ကျွန်မ ငှါးတဲ့ဥစ္စာ"

"ဟော့ အေး၊ သူများပိုက်ဆံနဲ့လဲ ကျွန်တော် ကပ်မစီးချင်ဘူး၊ အောက်တယ်"

"အမလေးဟဲ့ ငါ့နှယ်နော်၊ ဘယ်လိုလူမျိုးနဲ့များ ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေရသလဲမသိပါဘူး၊ သိပ်စိတ်ပျက်ဖို့ကောင်းတာပဲ"

"ဟုတ်တယ်၊ ကျွန်တော်လည်း ခင်ဗျားလို မိန်းမနဲ့သာ တစ်သက်လုံးနေရရင် မလွယ်ဘူး"

"ဘာ! ရှင်နော် စကားပြောတာ အသားမယူနဲ့၊ ဘယ် သူမှလည်း ရှင်နဲ့တစ်သက်လုံး အတူမနေဘူး ဟွန်း"

"ကဲ အမိ၊ Taxi နဲ့သွားလို့ ခင်ဗျားအရင်ရောက်လ စောင့်သာနေပေတော့"

ကျွန်တော်က သူ့ကို တမင်ညစ်နေတာ။ စာရေးဆရ တစ်ယောက်အိမ်ကို စာမူတောင်းဖို့ သူ တစ်ယောက်တည် အရင်သွားနှင့်မှာ မဟုတ်ဘူး။

ထင်တဲ့အတိုင်းပဲ သူ ကျွန်တော့်နောက်က တဖတ်ဖတ် လိုက်လာတယ်။ အဲ တဖတ်ဖတ်မဟုတ်ဘူး၊ တခွပ်ခွပ်။ သူ့ ဒေါင်မြင့်ဖိနပ်က တခွပ်ခွပ်မြည်နေတာ။

"ဘုန်း"

"အ"

အနားရောက်တော့ ဘာမပြောညာမပြောနဲ့ ကျွန်တေ ကျောကို ထုတဲ့လိုက်တာ ကျောကိုကော့သွားတာပဲ။

"ဟ! ဘာလို့ လူကို ထုရတာလဲ? နာလိုက်တာ"

"နာရင် သေလိုက်၊ အမြင်ကပ်လို့ကို ထုတာ သိ လား? ဟွန်း"

"ဒါကြောင့် တစ်သက်လုံး အတူမနေချင်ဘူး ပြေ တာပေါ့ဗျ၊ ဟင်း"

မိန်းမတွေများ မျက်စောင်းထိုး၊ နှုတ်ခမ်းစူ၊ ခြေဆော



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာတွေကို တစ်နေ့တစ်နေ့ လေလံအပြိုင်ဆွဲနေကြသလား မသိပါဘူး။

"လာ လာ အမိ၊ အဲ့ဒီကားနဲ့လိုက်မယ်၊ ခင်ဗျား ပါလို့သာ နှစ်ရာကားစီးမှာ ကျွန်တော့်ဖာသာဆို ငါးဆယ်ကားပဲ စီးတာဗျ"

"ရှင်ဟာလေ"

ကားပေါ်တက်လာကြတာမို့ သူ ဘာမှ ဆက်ပြောလို့ မရတော့ဘူး။ Air-con ကား လူပိုမတင်ဘူးဆိုပေမယ့် ကျွန်တော် ရော သူပါ ထိုင်စရာမရဘဲ မတ်တတ်ရပ်လိုက်ခဲ့ရတယ်။

လူတွေက တက်လိုက် ဆင်းလိုက်ဆိုတော့ ဟိုဘက် တိမ်းပေးရ ဒီဘက်တိမ်းပေးရနဲ့ တွန်းတိုက်ခံရဖန်များတော့ သူ့ မျက်နှာလေးက ရှုံ့မဲ့လို့။ Air-con လွှတ်ထားတာတောင် ချွေးဥ ကလေးတွေသီးနေရှာတယ်။ သနားပါတယ်ဗျာ။

တကယ်ဆို သူ့ဘဝလေးက ရွှေပေါ်မြတင်နေလာခဲ့ရ တာ၊ ဘတ်စ်ကားတိုးစီးဖို့ဆိုတာ၊ အိပ်မက်တောင် ယောင်မက် မှာမဟုတ်ဘူး။

ကျွန်တော် သက်သက်ညစ်နေမိတာ ဒီလိုကျတော့လည်း သနားစရာလေး။ ဟင်း ယောကျ်ားတွေရဲ့ အသည်းကိုက နုလွန်းပါ တယ်ဗျာ။ သိပ်သနားလွယ်တာ။

"အား လား လား"

အတွေးလွန်နေတာနဲ့ သူ့ဆီက ညည်းသံလေးထွက်လာ တာတောင် သတိမထားမိဘူး။

"ဒီမှာ ကိုအင်အား၊ ရှင် ကျွန်မခြေထောက်ကို တက်နင်းထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံစူးစူးလေးက ကျွန်တော့်နားစည်ထဲတိုးဝင်လာတယ်။

"အင်းပါ၊ ခင်ဗျားခြေထောက်ကို ဘယ်သူမှ တစ်သက်လုံး နင်းမထားပါဘူး"

"ဘာ!"

"အဲ အော်လိုက်တာဗျာ၊ လန့်သွားတာပဲ၊ ကျွန်တော် ဘာပြောလိုက်မိတာပါလိမ့်"

"အူကြောင်ကြောင် လုပ်မနေနဲ့ ပြောလိုက်ရင် တစ်သက်လုံး၊ တစ်သက်လုံးဆိုတာချည်းပဲ၊ ကဲ"

"အား နာတယ်လေဗျာ"

သူက ကျွန်တော့်ဗိုက်ခေါက် အဲ မဟုတ်ဘူး ခါးခေါက်ကို ဆွဲလိမ်တယ်။ လူကို ဒီလိုပဲ နှိပ်စက်နေတော့မှာလားမသိဘူး။

"နာနာပေါ့၊ ဘယ်သူမှ ရှင့်ကို တစ်သက်လုံး လိမ်ဆွဲမထားဘူး၊ မှတ်ပလား"

"ခင်ဗျားနော်၊ ကျွန်တော့်ကို တစ်ချိန်လုံး ကိုယ်ထိလက် ရောက်ကျူးလွန်နေတယ်"

"ဘာဖြစ်လဲ! ပါးစပ်ပိတ်၊ ထပ်နာချင်လို့လား"

ကိုယ့်ဆရာရေ၊ ခင်ဗျားတို့ဆိုရင်ရော လွန်ဆန်နိုင်မှာလား။ ကျွန်တော်ကတော့ ပါးစပ်ကို "အု" ခနဲနေအောင် ပိတ်လိုက်ရတယ်။

အင်း ဒါတွေကြောင့် လောကမှာ မယားကြောက်တဲ့ အဖွဲ့ဝင်တွေ များများလာတာနေမှာ၊ ဟီး ဟီး။

ဒါတွေ ထားပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စာမူယူရမယ့် စာရေးဆရာရဲ့ အိမ်ကို ရောက်လာကြတယ်။

"ဩော် ဆရာနိုးနေပြီကိုး"

"အေးကွ၊ ခုပဲ နိုးတာ၊ လာကြ"

ဆရာက ခရီးဦးကြိုပြုရင်း ထိုင်ခိုင်းတယ်။ ဆရာကတော်က ကလေးထမင်းကျွေးရင်း လှမ်းပြောတယ်။

"ခုမှသာ နိုးတယ်၊ ညကလည်း စာရေးတာမဟုတ်ဘူး၊ ဒါ မော့ပြီး အိပ်သွားတာ"

"မင်းကလဲကွာ၊ ညှော်သည်ရှေ့မှာ"

"အမလေး၊ ပြောတာကျရှုက်တယ်၊ သောက်တာကျ မရှက်ဘူးလား"

"မင်းတိုက်သလောက်လေးသောက်တာပါကွာ၊ ဝတောင် မဝဘူး"

"ရှင် ရှာတဲ့ငွေလေးနဲ့ ဝအောင်သောက်ချင်လို့ရမလား! ထဲပါ၊ ကလေးတွေအတွက် ကျွန်မ ကော်ဖီသွားဖျော်လိုက်ဦး မယ်၊ သားလေး သားဖွာသာစားနေနော်"

ဆရာကတော်က မီးဖိုဘက် ထွက်သွားတယ်။ ကျွန်တော် တို့တားချိန်တောင် မရလိုက်ပါဘူး။

"မိန်းမတွေက ဒီလိုပဲကွ၊ ဘယ်လောက်ရလို့မှ မလောက်ဘူး၊ ကိုယ်က အရက်သိပ်ကြိုက်တာ၊ ဒါပေမယ့် ... မိန်းမ တိုင်းချင်ပေးတာပဲ သောက်ရတယ်၊ သူတို့က ကိုယ်တို့ကြိုက် တာတွေဆို ဝအောင်မကျွေးပါဘူးကွာ"

အရက်အပြင် ဘာတွေကြိုက်သေးလဲတော့ မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖေ မသေခင်ကလည်း ဒီလိုစကားမျိုးပြောတယ်ဗျ၊ ကျွန်တော့်အဖေကကျတော့ ဆေးလိပ်သိပ်ကြိုက်တာ။

စာရေးဆရာက ဆက်ပြောပြန်တယ်။

"အပြင်ထွက်ပြီး သူတို့မသိအောင်တော့ လုပ်ဖို့မစဉ်းစားနဲ့၊ သူတို့က သိတယ်၊ ကျန်တာတွေပါ အကုန်အပိတ်ခံရလိမ့်မယ်"

ဘာတွေလဲတော့ မသိဘူး။ ဒါပေမယ့် နားထောင်နေလိုက်ပါတယ်။ သူ့မျက်နှာလေးကတော့ ခပ်မဲ့မဲ့ပေါ့။

"မိန်းကလေးတိုင်းတော့ မဟုတ်ပါဘူး၊ ဟဲ ဟဲ အချို့အချို့ပြောတာပါ"

သူ့မျက်နှာမြင်မှ သတိရပြီး စာရေးဆရာက စကားကိုလျှော့ချလိုက်ပါတယ်။

"ဦးဦး၊ ကန်စွန်းရွက်တုပ်ကွေးရော ဘယ်တော့ဖြစ်မှာလဲဟင်?"

ရုတ်တရက်မေးလိုက်တဲ့ ဆရာ့သားလေးအသံကြောင့် ကျွန်တော် ကြောင်သွားတယ်။ ကြည့်လိုက်တော့ ကန်စွန်းရွက်ကြော်လေးနဲ့ ထမင်းစားနေရှာတာ။

ကျွန်တော် အတော်လေး စိတ်မကောင်းဖြစ်သွားမိတယ်။

"ကန်စွန်းရွက်တုပ်ကွေးဖြစ်ရင် သားတို့ ကန်စွန်းရွက်မစားရတော့ဘူးပေါ့နော် ဦးဦး"

ကျွန်တော် ယောင်တောင်တောင်နဲ့ ခေါင်းညိတ်လိုက်မိတယ်။ ကယောင်ကတမ်းနဲ့လည်း ကော်ဖီခွက်ကို ကောက်မော့လိုက်တယ်။

ပြီးတော့ ကျွန်တော်တို့ ဆရာ့စာမူယူပြီး ပြန်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငြိန်ခါနီးမှာ ...

"ရော့ သားသား၊ ဒါက သားသား ကြက်ကင် ဝယ်စား နိုင်အောင် ... ခု ကြက်တုပ်ကွေးတွေ မဖြစ်တော့ဘူး၊ စားလို့ရပြီ" ပိုက်ဆံငါးထောင်ကို ထုတ်ပေးထားခဲ့လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၀ ]

မိန်းမဖြစ်တဲ့သူက ယောကျ်ားဖြစ်သူကို ပွည်ပွည် လုပ်တယ်ဆိုတာမျိုးက အဆန်းတကြယ်ဖြစ်ရပ်ကြီးမှ မဟုတ်တာ။

ဒါပေမယ့် … ကျွန်တော့်မိန်းမလည်းမဟုတ်ဘဲနဲ့ သူက ပွည်ပွည်လုပ်နေတာ ဆန်းတယ်။

"ဒီမှာ ရှင်က ဘယ်လောက်ချမ်းသာနေလို့ စာရေးဆရာသားကို မုန့်ဖိုးငါးထောင်ကြီးများတောင် ပေးခဲ့ရတာလဲ"

"ဟ! ဘာဖြစ်လဲ! ကလေးကို ကြက်ကင်လေးဘာလေး စားစေချင်လို့ပေါ့ကွ"

"ကလေးမစားရဘဲ လူကြီးက သောက်သွားရင်ရော"

"ဒါတော့ယ နိဗ္ဗာန်န ပစ္စယောဟောတုပေါ့၊ သူစိမ်းက



www.burmeseclassic.com

www.burmeseclassic.com



တောင် ကျွေးချင်လို့ကျွေးခဲ့ပြီပဲ၊ မွေးထားတဲ့ဖအေက လုပ်ရက်ရင်လုပ်ပေါ့"

"ရှင်ဟာလေ၊ Taxi ခလေး နှစ်ထောင်လောက်ကျ နေပြောနေပြီး ခုမှ"

"အင်းလေ၊ Taxi မစီးလည်း ဒီခရီးက ရောက်တာပဲ၊ အဲ့ဒီအတွက် ကုန်မယ့်ငွေကို ခုလို ဒါနလုပ်လိုက်တော့ ကုသိုလ်မရပေဘူးလား"

"မသိဘူး၊ ရှင်ဟာလေ တစ်မျိုးပဲ၊ ဘယ်လိုလူမှန်းကို မသိဘူး"

"ပေါင်းလာတာပဲကြာပြီ၊ ခုထိ မသိသေးဘူးလား"

"ဘာ"

"ဘာမှမဟုတ်ဘူး၊ စာမူတွေ တောင်းစရာကျန်သေးတယ် ပြောတာပါ"

သူက အသံထွက်ပြီး ဘာမှ ဆက်မပြောတော့ပေမယ့် ပါးစပ်ကတော့ ပွစိပွစိလုပ်နေတုန်းပဲ။

ကျွန်တော်တို့နှစ်ယောက်ရဲ့ ဆက်ဆံရေးက တွေ့စတုန်းကလို ရန်စွယ်နဲ့ငေါ်ငေါ်မဟုတ်တော့ဘူး။ လုပ်ငန်းသဘောအရ အတူတွဲလုပ်ရင်း အတော်အတန် ဆက်ဆံရေးပြေလည်နေပြီ။

ရုံးထဲမှာ ရှိနေချိန်ဆိုရင်တော့ သူက ကုမ္ပဏီရုံးခန်းဘက်သွားနေတတ်တယ်။ ကျွန်တော်ကတော့ ရုံးမှာရှိနေချိန်ဆို အင်တာနက်မွှေတာ များတယ်။

"ဟော့ကောင် အင်အား"

တစ်ရုံးတည်းမှာ အလုပ်လုပ်နေပြီး ရုံးအတွင်းမှာ မတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရှာကြာပြီဖြစ်တဲ့ ကျော်လင်း။

သူက ကျွန်တော့်ကိုတွေ့တာနဲ့ လှမ်းအော်ရင်း ဝင်လာတယ်။

"မင်း ထမင်းစားပြီးပြီလား"

"ဘယ်စားရသေးမလဲ"

"လာကွာ အောက်ဆင်းစားရအောင်၊ ငါလည်း ဗိုက်ဆာနေပြီ၊ ဩော် တေးဦးယဉ် စားပြီပလား"

ကျွန်တော်က လှစ်ခနဲလှမ်းမြင်လိုက်ရတဲ့သူ့ကို မေးလိုက်တယ်။

"မစားရသေးဘူး"

"ဝယ်ခဲ့ပေးရမလား"

"ရတယ်၊ ကျွန်မ လမ်းဘေးဆိုင်မစားဘူး၊ ဝိုင်းလာမှ အင်ကြင်းစားသောက်ဆိုင်မှာ သွားစားမယ်"

ကျော်လင်း ဇက်ပုသွားတယ်။ တေးဦးယဉ်ဆိုတဲ့ ကလေးမက ချစ်အောင်မနေတတ်ဘူးဗျ။ စကားပြောတာ ရိုင်းပြီး တကယ့်လူရိုက်ပေါက်။

"ခင်ဗျား အထင်ကြီးတဲ့ စားသောက်ဆိုင်တွေကလည်း တချို့ဆိုင်တွေဆို ကြွက်တွေတက်၊ ပိုးဟပ်တွေတက်၊ ကြွက်ချေးတွေပါလာနဲ့ ခဏခဏတွေ့ဖူးနေတာပဲ၊ ကြီးကျယ်မနေနဲ့ ခဟဝ့ါ"

"ကြီးကျယ်တယ်၊ ဘာဖြစ်လဲ၊ ရှင့်အပူပါသလား ဟွန်း"

ကျော်လင်းက ကျွန်တော့်ကို လက်ကုပ်တယ်။ ပြန်ပြောမနေနဲ့ဆိုတဲ့သဘော။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ကျော်လင်း ထမင်းစားဖို့ ထွက်လာခဲ့ကြတယ်။ မထွက်ခင် သူက အမိအရ လှမ်းအော်ဖြစ်အောင် အော်ရင်း ညြဏာပေးလိုက်ပါသေးတယ်။

"ဒီမှာ ရှင့်ကို သူဌေးခိုင်းထားတာရှိသေးတယ်နော်၊ အိုဘားမားကောက်ကြောင်းထွက်နေပြီ၊ အဲဒါ တစ်ခါထဲ ဝင်ဝယ်လာခဲ့"

ကိုယ့်အလုပ်ကိုယ်သိတာပေါ့ဗျာ။ အဲ့ဒါကို သူက ဆရာဝင်လုပ်လိုက်သေးတာ။

"အိုဘားမားကောက်ကြောင်းကြီးများ စိတ်မဝင်စားပါဘူး၊ မိုးဟေကိုကောက်ကြောင်းကမှ စိတ်ဝင်စားစရာကောင်းသေး"

"ရှင်နော်၊ ဘာတွေ မဟုတ်မဟပ် အော်ပြောနေတာလဲ"

အဲ့ဒီအချိန်မှာ ဝိုင်းရောက်လာတာနဲ့ သူ့အာရုံတွေ ပြောင်းသွားတယ်။

"ဟဲ့ ဦးယဉ်၊ ဘယ်လိုဖြစ်လို့လဲ'"

"မပြောချင်ပါဘူးဟယ်"

"အေးလေ၊ မပြောချင်လဲ မပြောနဲ့"

"မပြောဘူးဟေ့၊ မပြောဘူး"

"ဟီး ဟီး နင်နဲ့အင်အားက စကတည်းက ယဉ်သကို ဆိုသလိုပဲနော်၊ အပေါက်အလမ်းကို ခုထိ မတဲ့ဘူး"

"မုန်းစရာကြီး၊ ဘယ်နေရာမှကို အချိုးမပြေဘူး"

"ဟဲ့ အဲ့ဒီတစ်ယောက်က ထူးတော့ထူးခြားတယ်နော့၊ သူဝတ်တဲ့အင်္ကျီတွေက နာမည်ကြီး၊ ဈေးကြီးတဲ့ Brand တွေချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လွှမ်းဘောက်စရာမရှိပါဘူးဟာ ယောကျ်ားဖြစ်ပြီး Taxi ဆိုလည်း နှမြော၊ ဈေးကြီးတာ ဝယ်စားဖို့လည်း နှမြောနဲ့ သူ အလုပ်ပုပ်လို့ရတဲ့လစာ သူ့အိမ်ကိုမပေးဘဲ အဲသလို အကျီတွေ ဝယ်ဝတ်တာနေမှာပေါ့"

"ဟင်! နင်ပြောသလို နှမြောတဲ့သူဆိုရင် ဟိုဂါလေးကို ကြက်ကင်ဝယ်စားဖို့ အလကားနေရင်း ငါးထောင်ပေးပါ့မလား"

တေးဦးယဉ်က စဉ်းစားသလိုလုပ်နေတယ်။ ဟုတ်တော့ ဟုတ်တယ်။ အင်အားက ရုံးမှာဆို အိမ်ထောင်သည် ဖြစ်တဲ့ ကိုအောင်မောင်းတို့ မပြေလည်တာကို ပေးတာ ကျွေးတာ ကူညီတာမျိုးတွေ ခဏခဏ တွေ့ဖူးနေတာပဲ။

ဒါကြောင့် သူကတောင် မနေနိုင်မထိုင်နိုင် ဝင်ပြောဖြစ်သေးတယ်။ ကိုယ်တောင် မရှိလို့ လခစားဝင်လုပ်နေတာ သူများ ဘာပေးစရာလိုသလဲလို့ပေါ့။

"ဒီမှာ မိဦးယဉ်"

"ဘာလဲ"

"တို့တွေအတွက် ရွှေခြေထောက်ပိုင်ရှင်ဆိုတ လဲ တော်ခဲတယ်၊ ရွှေလက်ပိုင်ရှင်ကျပြန်တော့ မလွယ်ဘူး"

"ဟင်! ဒါဆို"

"ရွှေပါးစပ်ပိုင်ရှင်၊ အင်း ရွှေပါးစပ်ပိုင်ရှင်တွေထဲက ဆိုရင်ရော"

"ဘာလဲ၊ ရွှေပါးစပ်ပိုင်ရှင်"

"ဟာ နင်ကလဲ၊ စင်ပေါ်တက်ဟဲလိုက်တာနဲ့ တစ်ပွဲဆို ငွေတွေ တစ်ထောကြီးရတဲ့ အဆိုတော်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ! အဆိုတော်တွေက လူပျိုမကျန်သလောက်ပဲဟ၊
စဉ်းစားမနေနဲ့"

"အေးလေ၊ ဟင်း တကယ်တမ်းကျ အင်အား လေးက
ရေလည်လန်းတယ်ဟ'"

"တော်စမ်း ဝိုင်း၊ နဂိုကမှ နေရင်းထိုင်ရင်း အလကား
ကြီးကျယ်နေတဲ့လူ၊ ကြားသွားလို့ ရောင့်တက်နေဦးမယ်"

"မကြားနိုင်ပါဘူး၊ ဟိုသီချင်းလိုဖြစ်နေဦးမယ်၊ အချစ်
က မင်းအနားမှာပါဆိုတာလေ"

"ပြောလေ ကဲလေပါလား ကဲ"

"ဟင်း ဟင်း ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

"ဘယ်လိုလဲ အင်းအား"

"ဘာလဲကွ အရင်းလည်း မပါ၊ အဖျားလည်းမပါ"

"သိရဲ့သားနဲ့ အူကြောင်ကြောင်လုပ်မနေနဲ့ ဒီလို အလန်းစားလေးနဲ့ အနီးကပ်ဆုံခွင့်ရနေတာ မင်းရုပ်၊ မင်းပညာ၊ မင်းအဆင့်နဲ့ ပွဲသိမ်းနိုင်ရဲ့နဲ့ ဘာထွင်လုံးတွေ လုပ်နေတာလဲ"

"အဲသလို မိန်းမစားမျိုးတွေအတွက်ကို လုပ်နေရတာ လောကမှာ ငွေတစ်ခုထဲ ကြည့်တတ်ထဲ မိန်းမမျိုး၊ လူတစ်ယောက်ကို ငွေရှိမရှိနဲ့ တန်ဖိုးဖြတ်တတ်ကြတဲ့ အမျိုးအစားတွေ ကြည့်မရပါဘူး"

"မင်းကလည်းကွာ၊ မိန်းမပါဆိုမှ မိန်းမကျင့်မိန်းမကြံ



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှိမှာပေါ့"

"မဟုတ်ဘူး၊ လွန်တယ်၊ သူက သူများထက် လွန်တယ်၊ ငွေဆိုတာ ဟောဒီ လူတွေကပဲရှာနိုင်တယ်ဆိုတာ သူ မစဉ်းစားမိလေရှာဘူး"

"အဲဒါကို မင်းက ခွင့်လွှတ်ပေး"

"ဟော့ကောင်၊ ကိုးရိုးယားကားထဲက စကားတွေ လာပြောမနေနဲ့"

"မင်းအတွက်ပြောတာ အင်အားရ"

"မလိုဘူး"

"မင်း တကယ်စိတ်မဝင်စားတာလား'"

"တကယ်မဟုတ်ဘူး၊ နှစ်ကယ်"

"ဟာ! တယ်ဆိုပါလား၊ မင်း အာသဝေါကုန်ခမ်းနေပြီလား အင်အား"

"ငါ ပုထုဇဉ်ပါ"

"အေးလေ၊ ဒါများကွာ"

ကျော်လင်းက ကျွန်တော့်ကို မချင့်မရဲဖြစ်နေပုံရတယ်။ ဒီကောင် အရမ်းအတာပဲ။ ကျွန်တော်ပြောသမျှ ယုံနေတယ်။ မိန်းမလှလေးတစ်ယောက်ကို စိတ်မဝင်စားတဲ့ယောကျာ်းရယ်လို့ ဒီလောကမှာ ရှိပါ့မလား။ ဟီး ဟီး။

ကျွန်တော်လည်း ခြောက်နေတာမှမဟုတ်တာ ... ဒီတော့ ဟိုစိတ်ဒီစိတ်တွေရှိတာပေါ့။ ချစ်စိတ်တို့ မုန်းစိတ်တို့ပြောတာပါ။

ဒါပေမယ့် မိန်းမနဲ့ ကလေးဆိုတဲ့အမျိုးက သူတို့ကို ချစ်နေမှန်း မပြတာကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အင်မတန်ရောင့်တက်တတ်လို့ပါပဲ။

"မိန်းမတို့ရဲ့ အဆင်းက ဥစ္စာတဲ့အင်အားရ၊ ရုပ်ရည်လှပတဲ့ မိန်းမတွေကိုဆို အဘိုးကြီးပဲဖြစ်ဖြစ်၊ တစ်ခုလပ်ပဲဖြစ်ဖြစ် ငွေရှိရင် သိမ်းပိုက်ဝယ်ယူသွားကြတာ ဓမ္မတာပဲကွ"

"အေးလေ၊ အဲ့ဒါက အဘိုးကြီးမို့ တစ်ခုလပ်မို့ ငွေအားကိုးရတာ၊ ငါက အဘိုးကြီးလည်းမဟုတ်၊ တစ်ခုလပ်လည်းမဟုတ်၊ ပြီးတော့ ရုပ်ဆိုးကြီးလည်းမဟုတ်၊ ဟဲ"

"အင်း အင်း ပြီးတော့ မင်းကိုပဲ အဘွား ကြီးရုပ်ဆိုးဆိုး တစ်ခုလပ် လာဝယ်လိမ့်မယ်၊ အဲ့ဒါပဲ စိတ်ဝင် စားတော့"

"ငွေ! ဘာလုပ်ရမှာလဲ! ငါမှမလိုတာ"

"ချီးပဲ"

ကျော်လင်းက ကျွန်တော့်ကို ဘယ်ဘက်ကမှ လှည့်ပြောလို့မရတော့ စိတ်တိုသွားတယ်။

"ဒါနဲ့နေစမ်းပါဦး ကျော်လင်းရ"

"ဘာလဲ"

"ငါ့ကိုကျပြောနေပြီးတော့ မင်းလည်းယောကျ်ားပဲ၊ သူ့ကို စိတ်မဝင်စားဘူးလား"

"ဟ! ဒီလိုပြောလို့မရဘူးလေ၊ သဘာဝတရားကြီးက သူနဲ့တန်ရာတန်ရာ ရှိပြီးသားကွ၊ တေးဦးယဉ်က ငါနဲ့မတန်ဘူး၊ မင်းနဲ့မှ"

"ပြောတာကောင်းတယ်"

"နောက်မနေနဲ့၊ တော်ကြာ အဘိုးကြီးနောက်ပါသွားမှ ဟုတ်ပေ့ဖြစ်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဒါမျိုးကတော့ မလွမ်းသေးဘူးကွာ"

"ပြီးတာပဲ"

ကျွန်တော်နဲ့ကျော်လင်း ထမင်းစားရင်း စကားကောင်းနေကြတာ။ နေ့ နှစ်နာရီထိုးပြီးမှ ရုံးပေါ်ပြန်ရောက်ကြတယ်။

ကျော်လင်းက ,မဂ္ဂဇင်း မထုတ်ခင်ကတည်းက ကုမ္ပဏီမှာ လုပ်နေတာဆိုတော့ ကုမ္ပဏီရုံးခန်းဘက်မှာနေတာများတယ်။

ကျွန်တော်နဲ့ဦးယဉ်ကတော့ မဂ္ဂဇင်းသီးသန့်။ ဒါတောင် မရွှေချောက ကုမ္ပဏီရုံးခန်းဘက် ခဏခဏသွားနေတာ။

"ဟွန်း ထမင်းစားသွားတာ ဒီလောက်ကြာရသလား"

တကယ်ပါပဲဗျာ။ နည်းနည်းလေးမှ သြဇာပေးရပေးရ ဆရာလုပ်ရလုပ်ရ အဲ့ဒါမှပဲ နေသာထိုင်သာရှိတယ်ထင်တယ်။

"မျက်စိအောက်ကကို အပျောက်မခံနိုင်ဘူးပေါ့"

"ဘာပြောတယ်"

"ဘာမှ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားကလဲ'"

"ရှင် စကားပြောရင် ကြားအောင်ပြော၊ တိုးတိုး တိုးတိုး၊ ပွစိ ပွစိ မပြောနဲ့"

"ကြားရင် အသတ်ခံရမှာပေါ့"

"ဘာပြောလိုက်ပြန်တာလဲ'"

"ဘာရယ်မဟုတ်ပါဘူးဗျာ၊ ဒီလိုပါပဲ"

"ရှင်နေဉ်၊ လုပ်လာပြန်ပြီလား'"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့နောက်ထား သုရွှေဝယ်ခိုင်းတဲ့စာအုပ်ပါလား"

"ပါရတာပေါ့၊ ထမင်းမစားခင်ကတည်းက အရင် သွား


www.burmeseclassic.com

www.burmeseclassic.com



ဝယ်ထားတာ"

"ပါရင်ပေး၊ ကျွန်မ သွားပေးတော့မယ်"

ကျွန်တော် သွားပေးလည်းရရဲ့သားနဲ့၊ အဲသလို ဆရာက ဝင်လုပ်သေးတာ။ ဒါလည်း ခံနေရတာပဲဗျ။

ဆရာမကြီးက စာအုပ်ကလေးယူပြီး ကုမ္ပဏီရုံးခန်းဘက်ကို ကော့တော့ကော့တော့ ထွက်သွားတယ်။

သူ ထွက်သွားတော့မှ ခုနက ခေါင်းငုံ့ပြီး ကျိတ်ရယ်နေကြတဲ့ ကောင်မလေးတွေ ခေါင်းထောင်လာကြတယ်။

"အဲ့ဒီမမကလေ ကိုကြီးအင်အားကို သိပ်နိုင်စားတာပဲ"

"တစ်အိမ်ထဲ အတူနေတဲ့အချိန်ကျရင် နိုင်စားရဲ့မှာ မဟုတ်တော့ပါဘူး"

"ဟယ် တကယ်လား ကိုကြီးအင်အား"

"တကယ်ပေါ့ဟ"

"ပိုက်ဆံလည်းရှိ ရုပ်ကလည်းချောတဲ့ အဲ့ဒီမမကို ရရင်တော့ ကံကောင်းတာပဲ"

"ဟာ! ဘယ်ကလာ၊ ကံဆိုးမှာဟ'"

"ဟင်! ဘာလို့လဲ'"

"ဒါတွေ နင်တို့မသိပါဘူး၊ ဒါနဲ့ ဒီမှာ ကြည့်စမ်း"

ကျွန်တော်က ပြောပြောဆိုဆို ကျောပိုးအိတ်ထဲက ပစ္စည်းလေးတစ်ခုကို ထုတ်ပြလိုက်တယ်။

"ဟယ် ဘီးကုပ်လေးပါလား၊ လှလိုက်တာ၊ ဟင်း ဒါဟို မမဦးယဉ်ရဲ့ ဘီးကုပ်မဟုတ်လား"

"အောင်မာ ဒီလိုဘီးကုပ်မျိုး သူတစ်ယောက်တည်းရှိပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်လို့ နင်ထင်လား မိဖြိုး"

"အင်းလေ၊ ဈေးထဲမှာတော့ အများကြီးရှိတာပေါ့ ဒါပေမယ့် ဒီလောက်ဈေးကြီးတာကို သမီးတို့မှ မသုံးနိုင်တာ"

"ဈေးကြီးတယ် ဟုတ်လား၊ ဒါ ဘယ်လောက်တန်လို့လဲ"

"ခုနစ်ထောင် ရှစ်ထောင်လောက်ရှိမယ်"

"ဒါ နှစ်ထောင်နဲ့ဆို နင် ယူမလား"

"ဟာ တကယ်လား၊ ယူမှာပေါ့ သိပ်ယူ ဟီး"

ဆယ်ကျော်သက်မလေး၊ ခုန်ပေါက်မြူးတူးသွားတယ်။ အဲ့ဒီအချိန်မှာပဲ သူ ပြန်ဝင်လာတယ်။ ကျွန်တော်တို့တွေ ရယ်မောနေတာမြင်တော့ "ကလေးတွေနဲ့တူပြီး ဟီလာတိုက်နေတယ် လုပ်စရာရှိတာ လုပ်မနေဘူး" တဲ့။ ကျွန်တော်က

"ခင်ဗျား ဘာပြောလိုက်တာလဲ'"

"ဘာမှ မဟုတ်ဘူး"

"ဘာ ဘာမှ မဟုတ်ဘူးလဲ! ကျွန်တော် ကြားတယ်နော် မနာလိုဘူးလား"

"ဘာ"

"ဘာမှ မဟုတ်ပါဘူး"

သူက ကျွန်တော့်ကို မျက်စောင်းနဲ့ ပစ်ပေါက်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၂ ]

မဂ္ဂဇင်းလုပ်ရတာ ပျော်စရာတော့ အကောင်းသား။ လူစုံ ခါစုံ အကြောင်းအရာစုံ ကဏ္ဍစုံနဲ့ အကုန်ထိတွေ့ခွင့်ရတာ။ အဓိက ကျွန်တော့်ကို ပျော်ရွှင်စေတာ တစ်ခုလည်းရှိသေးတယ်။

အဲဒါကတော့ ကျွန်တော့်နှလုံးသားကို တစ်ရစ်ချင်း ဆွဲငင် သိမ်းယူနေတဲ့ အချစ်။ ဒီစကားလုံးက ကျွန်တော့်ခန္ဓာဝန်းကျင် မှာတော့ တော်တော်လေးစိမ်းနေတယ်။

ဒါကြောင့် ကောင်းကောင်းဝန်မခံဘဲ ရှက်ကန်ကန် ပြီး ငြင်းဆန်နေတာပေါ့။ ကျွန်တော်ကလည်း ကျွန်တော့်ကိုယ် ကျွန်တော် မသိယောင်ဆောင်နေတယ်ဆိုပါတော့။

သြော် အချစ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအင်အား၊ ဒီမှာ ဒီမှာ ကိုအင်အား"

အလုပ်လေးနည်းနည်းပါးနေတာနဲ့၊ ကုမ္ပဏီ ညော်ကြို ကောင်တာမှာ ကျွန်တော် စကားလာပြောနေတာ။

အဲဒီအချိန် ဝိုင်းက လှမ်းခေါ်လို့ ပြောလက်စ ရပ်လိုက်ရတယ်။

"ပြော မဝိုင်း၊ ဘာကိစ်"

"ကျွန်မကိစ္စမဟုတ်ဘူး၊ ရှင့်ကိစ္စ"

"ကျွန်တော့်ကိစ္စ၊ အင်းလေ၊ ဘယ်သူ့ကိစ္စဖြစ်ဖြစ် ပြောပါ"

"ရှင် ဘယ်လိုလုပ်တာလဲ၊ ဟိုမှာ ဦးယဥ် ဒေါကန်နေပြီ"

"ဗျာ! ဒေါကန်နေတယ်၊ ဘယ်သူ့ကိုလဲ'"

"ရှင့်ကိုပေါ့"

"ဟာ! ကျွန်တော့်ကို ဒေါကန်ရအောင် သူ့ကို ရည်းစား စကားတောင် မပြောရသေးဘူး"

"အရေးထဲ ရှင်က နောက်နေပြန်ပြီ"

ဝိုင်းက နောက်နေတယ်ထင်တာ။ ကျွန်တော်က တကယ် ပြောနေတာ။

"ဆိုပါဦးဗျ၊ ဘယ်လိုဖြစ်တာလဲ"

"ရှင်က ဦးယဥ်ရဲ့ဆံပင်ကုပ်တဲ့ဟာ မိဖြိုးကို နှစ်ထောင်နဲ့ ရောင်းလိုက်တယ်ဆို"

"ဩော် ဒါများ"

"ဒါများလုပ်မနေနဲ့၊ ရှင်ကလည်း"

ကျွန်တော် ဝိုင်းနဲ့အတူ မဂ္ဂဇင်းရုံးခန်းဘက် ပြန်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ရုပ်ပလာမဂ္ဂဇင်းဆိုတဲ့ ဆိုင်းဘုတ်အောက်မှာ သူက ခါးထောက်ရပ်နေတယ်။

"ခင်ဗျားကလည်းဗျာ၊ ဘီးကုပ်လေးတစ်ခုအတွက်နဲ့ ဘီလူးရုပ်ပေါက်အောင် ဒေါကန်စရာလား! မိဖြိုးလေး ဘယ်လောက် အနေခက်ရှာမလဲ'"

"အောင်မာ အောင်မာ၊ သူကပဲ ပြောရတယ်ရှိသေး၊ မိဖြိုးကို ဒေါကန်တာမဟုတ်ဘူး၊ ရှင့်ကို ဒေါကန်တာ၊ သူ့ကို အဲ့ဒါမျိုး နောက်ထပ်ဆယ်ခု ဝယ်ပေးလိုက်ဦးမယ်"

"ခင်ဗျား တတ်နိုင်တာသိပါတယ်၊ အထပ်ထပ် အခါခါ လာလာကြွားမနေပါနဲ့၊ နားကြားပြင်းကပ်လွန်းလို့ပါ"

"သေလိုက်၊ ရှင်ကရော ဘာလို့ အဲသလောက် ငတ်ကြီး ကျရတာလဲ! ကျွန်မပစ္စည်းကို ရောင်းစားစရာလား"

"ဟာ! ဘယ်ဟာလဲ ခင်ဗျားပစ္စည်း"

"ရှင် ရှုးချင်ယောင်ဆောင်မနေနဲ့၊ မိဖြိုးကို ရှင် နှစ်ထောင်နဲ့ရောင်းလိုက်တဲ့ဟာ ကျွန်မပစ္စည်းပေါ့"

"ခင်ဗျား မလိုချင်လို့ လွှင့်ပစ်လိုက်တာပဲ၊ ကျွန်တော် ကောက်ထားတာ ကျွန်တော့်ပစ္စည်းဖြစ်သွားပြီ၊ ဟုတ်လား မဟုတ်ဘူးလား"

"ရှင် ပြန်ပေးရမှာပေါ့"

"ဘာလို့ ပြန်ပေးရမှာလဲ! ခင်ဗျားလိုချင် ပြန်တောင်းပေါ့၊ ခင်ဗျားဖာသာ ဆတ်ဆော့ ပေါက်ပြီးတော့"

"တောက် ယောကျ်ားကြီးတန်မဲ့ နှုတ်သီးကောင်းလျှာ ပါးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဘာလေးမှန်းကို မသိဘူး။

ညနေပိုင်းရောက်တော့ အသစ်ရောက်လာတဲ့ စာမူတွေ ဖောက်၊ ညှိသည်တွေညှိခံ၊ အစည်းအဝေးခေါ် စတာတွေနဲ့ အလုပ်ရှုပ်နေကြတယ်။

ဒီတော့ ကိုယ့်အလုပ်နဲ့ကိုယ် တစ်ယောက်ကို တစ်ယောက် စကားတောင် လှမ်းမပြောနိုင်ကြဘူး။

အံ့မယ်၊ ပါးစပ်ကသာ မပြောတာဗျ။ သူက ကျွန်တော့်ကို မျက်စောင်းတော့ ခဏခဏ လှမ်းထိုးနေတယ်။

အဲ့ဒီနေ့က ခြောက်နာရီထိုးမှ ရုံးဆင်းဖြစ်တယ်။ အင်တာနက်လည်းဝင်ကြည့်နေတော့ အချိန်ကုန်လို့ ကုန်သွားမှန်းကို မသိလိုက်ဘူး။

"ဟော့ကောင် အင်အား၊ ပြန်ကြစို့၊ ငါ အမေ့ကို ဆေးခန်း လိုက်ပို့ရဦးမှာ"

ကျော်လင်း လာခေါ်မှ ပတ်ဝန်းကျင်ကို သတိရတော့တယ်။ သူတောင် ဘယ်အချိန်က ပြန်သွားမှန်း မသိလိုက်ဘူး။

"ကောင်မလေး ပြန်သွားပြီလား"

"ပြန်သွားပြီပေါ့ကွ၊ တစ်နေ့ရာတည်းပြန်ရမယ့်ဟာ၊ မင်း အေပဲ အင်အား၊ ဒီပုံအတိုင်းဆို တော်မယ်"

"မင်းကလည်းကွာ၊ ဘယ်လိုကြီးပြောလိုက်တာလဲ"

"ဒီလိုကြီးပဲ"

"ဥစ္စာမှန်ရင် ဘယ်မှ ပြေးမလွတ်ပါဘူးကွ"

"သစ္စာဆိုပြီး ဆူးပုံနင်းတဲ့ခေတ်လဲ မဟုတ်တော့ဘူး၊ အဲ့ဒါလည်း မေ့မထားနဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဘာလေးမှန်းကို မသိဘူး။

ညနေပိုင်းရောက်တော့ အသစ်ရောက်လာတဲ့ စာမူတွေ ဖောက်၊ ညှိသည်တွေညှိခံ၊ အစည်းအဝေးခေါ် စတာတွေနဲ့ အလုပ်ရှုပ်နေကြတယ်။

ဒီတော့ ကိုယ့်အလုပ်နဲ့ကိုယ် တစ်ယောက်ကို တစ်ယောက် စကားတောင် လှမ်းမပြောနိုင်ကြဘူး။

အံမယ်၊ ပါးစပ်ကသာ မပြောတာဗျ။ သူက ကျွန်တော့်ကို မျက်စောင်းတော့ ခဏခဏ လှမ်းထိုးနေတယ်။

အဲ့ဒီနေ့က ခြောက်နာရီထိုးမှ ရုံးဆင်းဖြစ်တယ်။ အင်တာနက်လည်းဝင်ကြည့်နေတော့ အချိန်ကုန်လို့ ကုန်သွားမှန်းကို မသိလိုက်ဘူး။

"ဟော့ကောင် အင်အား၊ ပြန်ကြစို့၊ ငါ အမေ့ကို ဆေးခန်း လိုက်ပို့ရဦးမှာ"

ကျော်လင်း လာခေါ်မှ ပတ်ဝန်းကျင်ကို သတိရတော့ တယ်။ သူတောင် ဘယ်အချိန်က ပြန်သွားမှန်း မသိလိုက်ဘူး။

"ကောင်မလေး ပြန်သွားပြီလား"

"ပြန်သွားပြီပေါ့ကွ၊ တစ်နေ့ရာတည်းပြန်ရမယ့်ဟာ၊ မင်း ငအပဲ အင်အား၊ ဒီပုံအတိုင်းဆို ငတ်မယ်"

"မင်းကလည်းကွာ၊ ဘယ်လိုကြီးပြောလိုက်တာလဲ"

"ဒီလိုကြီးပဲ"

"ဥစ္စာမှန်ရင် ဘယ်မှ ပြေးမလွတ်ပါဘူးကွ"

"သစ္စာဆိုပြီး ဆူးပုံနင်းတဲ့ခေတ်လဲ မဟုတ်တော့ဘူး၊ အဲ့ဒါလည်း မေ့မထားနဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါကွာ၊ ဒါတွေက အရေးမကြီးပါဘူး"

"ဘာက အရေးကြီးတာလဲ"

"ပိုက်ဆံရှာရဦးမယ်ကွ၊ ငါ့အမေယောကျ်ား ဘိုးတော် ထက်သာအောင်"

"မင်းအရူးပဲ အင်အား"

ကျွန်တော့်ကို အရူးပဲလို့ပြောတဲ့ကောင်က ဦးထုပ်ကြီးကို ချစီးပြီး ဖိနပ်ကြီးကို ခေါင်းပေါ်တင်ပါတယ်။

ဒီကောင်က စကားပြောရင်း စိတ်ပါသွားရင် ဒီလိုပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

"အလကားသွားတောင်းတာလည်း မဟုတ်ဘူး၊ ပိုက်ဆံရမယ့်အလုပ်ကို ကြိုးကြိုးစားစား ရေးမပေးချင်ကြဘူး"

နာမည်ကြီးစာရေးဆရာမတစ်ယောက်ဆီမှာ စာမူသွားတောင်းတာ သုံးလေးခါရှိပြီ။ အဲ့ဒါ အခု တစ်ခါလည်း မရခဲ့ပြန်တော့ သူ စိတ်တို ဒေါသထွက်နေတယ်။

ကျွန်တော်က

"ဒီမှာအမိ၊ နေရာတကာ ငွေစကားမပြောစမ်းပါနဲ့၊ ငွေရှိတိုင်းမရနိုင်တာတွေ ဒီလောကမှာ အများကြီး၊ သူတို့က စိတ်နဲ့အလုပ်လုပ်ရတာ စိတ်ပါမှရေးလို့ရတာ၊ ငွေပေးတိုင်းမရဘူး"

"အမယ်လေး ကြီးကျယ်လို့ ပြီးရင် သူတို့လောက် သူများ



www.burmeseclassic.com

www.burmeseclassic.com



အကူအညီလိုတာမရှိဘူး၊ ကြိုတင်ငွေထုတ်ပေးရ၊ ချေးငွေထုတ်ပေးရနဲ့"

"ခင်ဗျား အဲ့သလောက်ထိ မပြောပါနဲ့၊ သူတို့တွေက ဝါသနာပါလို့ စာပေချစ်မြတ်နိုးလို့လုပ်နေတာ ခင်ဗျားလို ပိုက်ဆံရှိပြီး အပျော်လုပ်နေကြတာ မဟုတ်ဘူး"

"ရှင်က ဘာဖြစ်ရတာလဲ! ရှင့်အမျိုးမို့ နာနေရတာလား ပြောစမ်းပါဦး"

"ဒါတော့ အားနည်းတဲ့ဘက်၊ မှန်တဲ့ဘက်က လိုက်ရမှာပဲ၊ လူဆိုတာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီပဲဗျ"

"ဟင်း ဟင်း၊ မလိုပါဘူးရှင်၊ ငွေသာရှိမယ်ဆိုရင် ဘယ်သူ့ဆီက အကူအညီလိုဦးမှာလဲ"

"ခင်ဗျား ငါ့စကားနွားရမပြောနဲ့၊ ခင်ဗျားလက်တံ ဘယ်လောက်ရှည်ရှည် ကျောပြင်အလယ်က ယားရင် ကုပ်လို့မှ မမှီဘဲ၊ အဲ့ဒီအခါ တုတ်လက်တံရဲ့အကူအညီယူပြီး ကုပ်ရတာပဲ မဟုတ်လား၊ အကူအညီဆိုတာ သေးသေးလေးလည်း လိုအပ်ရင် ယူရတာပဲ၊ ကဲ မဟုတ်ဘူးလား"

"ရှင်က ကျွန်မကို လိုက်ကပ်သတ်ပြီးပြောနေတာ၊ သွားစာရေးဆရာတွေဆီ စာမူတောင်းရင် ရှင့်ဖာသာပဲတောင်းတော့ ဟွန်း"

မိန်းမတွေရဲ့ အမူအကျင့်က ဒါပဲဗျ။ ပြဿနာတစ်ခုကိစ္စတစ်ခုကို ပြေလည်အောင် ညှိနှိုင်းဖြေရှင်းမယ်ဆိုတာမျိုး မရှိဘူး။ ထစ်ခနဲဆို စိတ်ဆိုးစိတ်ကောက်ပစ်လိုက်မယ်ဆိုတာမျိုးချည်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဦးမှာပါ။ ဒီလိုမိန်းမတွေကို ယောကျ်ားဆိုးဆိုးနဲ့ တွေ့စေချင်တယ်။ တကယ်။

တောင်ပတ်တာ ကြာတယ်။ လုပတ်တာမကြာဘူးဆိုတဲ့ စကားက အလကားထားတာ မဟုတ်ဘူး။

အပြောကြီး၊ ဘဝင်မြင့်၊ မောက်မာပြီး ငါတကောကော ဘတ်တဲ့မိန်းမ။ သူများအကူအညီမယူလို့မရတဲ့အဖြစ်မျိုးကြုံလာတာပဲ။

အဲ့ဒီနေ့က ကျွန်တော်နဲ့ကျော်လင်း 'ချစ်ဖူးစာ'မှာ ထိုင်နေကြတာ။ ညနေငါးနာရီ ရုံးက ပြန်လာကတည်းကပဲ။

ရုံးက ထွက်ခါနီးမှာတောင် တေးဦးယဉ်ကို ကလိခဲ့သေးတယ်။

"ကျွန်တော် Taxi နဲ့ပြန်မှာ၊ ခင်ဗျား လမ်းကြုံရင် လိုက်ခဲ့လေ၊ အလကားကောက်ရတဲ့ ဘီးကုပ်ရောင်းထားတာ နှစ်ထောင်ရှိတယ်"

သူက မျက်စောင်းထိုးပြီး တစ်ဖက်လှည့်သွားရော။

"တော်တော်မယဉ်ကျေးတာပဲ၊ မေးနေတာ ဘာမှ ပြန်မပြောဘူး၊ အလကား ဘဝင်မြင့်နေတယ်"

"မျက်စိရှေ့ အလိုက်ကန်းဆိုးမသိ ပေါ်ပေါ်လာတာကိုက မုန်းစရာ ဟွန်း"

သူက မကြားတကြားပြောတယ်။

နေပေါ့။ ချစ်မယ့်သူတွေ အများကြီးပဲ။ ခယယခေါ်မနေပါဘူး။ ဒါပေမယ့် တကယ့်တကယ် ကျွန်တော် ဘတ်စ်ကားနဲ့ပဲ ပြန်လာခဲ့တယ် ဆိုပါတော့။ အခု



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်မှာ ကျော်လင်းနဲ့ထိုင်နေတာ ဆယ့်ငါးမိနစ်လောက်ပဲရှိဦးမယ်။ စားပွဲပေါ်က လက်ဖက်ရည်တောင် တစ်ငုံမှ မငုံရသေးဘူး။

အဲ့ဒီအချိန် ကျွန်တော်တို့ထိုင်နေတဲ့ စားပွဲဘေး လမ်းမပေါ်မှာ **Taxi** တစ်စီးရပ်လာတယ်။ ကားပေါ်က ဆင်းလာသူက တေးဦးယဉ်။ သူ ကျွန်တော်တို့ဆီကိုပဲ ဦးတည်လာတာ။

"ဒီမှာ ကျွန်မကို ပိုက်ဆံနှစ်ထောင်လောက် ခဏပေးပါလား"

ကျွန်တော့်နားကြားများ လွဲသလားဆိုပြီး အံ့သြမှင်သက်နေမိတယ်။ သတိဝင်လာသူက ကျော်လင်း။

"ရပါတယ်၊ ဘယ်သူ့ဆီက ယူမှာလဲ! ကျွန်တော် ပေးရမှာလား"

"ဘယ်သူ့ဆီကဖြစ်ဖြစ် မြန်မြန်လေးသာပေးပါ"

ဝင်လာတုန်းက မျက်စိပျက်မျက်နှာပျက်နဲ့ဖြစ်နေပြီးခုတော့ စိတ်အေးသွားပုံ။ သူ့ကို ရှာကျွေးနေတဲ့ခင်ပွန်းသည်တွေ့တာကျနေတာပဲ။ မြန်မြန်တွေ ဆန်ဆန်တွေ့ လုပ်နေတယ်။

ခြောက် အချစ်ရယ်။

"ရော့ ဒီမှာ၊ သူဌေးမကြီးက ဘာတွေထွင်လုံးထုတ်တာလဲ? မဂ္ဂဇင်းအတွက် ဇာတ်လမ်းရေးမလို့လား"

ကျွန်တော်က ပိုက်ဆံနှစ်ထောင်လှမ်းပေးရင်း သူ့ကို ကလိလိုက်တယ်။ သူ တစ်ခုခု အခက်ကြုံလာတာတော့ အမှန်ပဲ။ ဘာမှပြန်မပြောဘဲ ပိုက်ဆံကို ဆတ်ခနဲဆွဲယူပြီး ကားဆီ ပြန်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူ့နောက်က အသာလေးထလိုက်လာခဲ့တာပေါ့။

"ဦးလေး၊ ဒီမှာ ပိုက်ဆံ၊ ကျေးဇူးပဲနော်"

ပြော Taxi ခပေးတာကိုး။ ထူးဆန်းပေစွာတကား၊ ပြီးတော့ သူက စံပယ်လမ်းအတိုင်းတဲ့တဲ့လျှောက်ပြန်ဖို့ စိတ်ကူးခဲ့ရတယ်။ အဲဒီဘက် ခြေလှမ်းကို ဦးတည်တယ်။

"ဒီမှာ အမိ၊ ဒီနားရောက်မှတော့ လက်ဖက်ရည်သောက်သွားဦး"

"မသောက်ချင်ဘူး"

"မသောက်ချင် တိုက်သွား"

"ရှင်နော်၊ ကျွန်မက ဘယ်ပိုက်ဆံနဲ့တိုက်ရမှာလဲ' ရုံးအံဆွဲကဲမှာ ပိုက်ဆံအိတ်ကျန်ခဲ့လို့ ကားခတောင် ရှင့်ဆီက ခုပဲ ချေးပေးလိုက်ရတာလေ"

"ဒါများဗျာ၊ သူများဆီက အကူအညီဘယ်တော့မှ မယူဘူးဆို၊ အိမ်အထိစီးသွားပြီး အိမ်ရောက်မှပေးပါလားဗျ"

"အဲ့ဒါ ရှင်ပြောမှလား! အဲ့သလိုစိတ်ကူးပြီး စီးလာ[illegible]ပဲ လမ်းကျမှ ဖုန်းဝင်လာတာ၊ အခု ကျွန်မတို့တစ်အိမ်လုံး ဘယ်သူမှမရှိဘူးတဲ့၊ အဲ့ဒါ အခက်တွေ့နေတုန်း ရှင်တို့ကို လှမ်းတွေ့လိုက်လို့ အဆင်ပြေသွားတာ"

"ပျော်သွားတယ်ဆိုပါတော့"

သူက မျက်စောင်းထိုးပါတယ်။ ကျွန်တော်က သက်သက်မဲ့ စကားမရှိစကားရှာရင်း သူ့ကို အိမ်အထိ လိုက်ပို့ပေးနေတာ။

"ဒါဆို ခု အိမ်ထဲဘယ်လိုဝင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဪ အိမ်သော့အပိုကတော့ ကျွန်မမှာ ပါတာပေါ့၊ ပိုက်ဆံအိတ်အသေးလေးပဲ ရုံးမှာ ကျန်ခဲ့တာ”

“အိမ်တံခါးဖွင့်ပြီးမှ ပိုက်ဆံယူပေးလို့ရတာပဲ၊ သူဌေးတွေဆိုပြီး အိမ်မှာ ပိုက်ဆံမရှိဘူးလား”

“ရှင်ကလည်း ဘယ်လိုဖြစ်လို့ စစ်ဆေးမေးမြန်းနေရတာလဲ? ဝင်းတံခါးသော့ဖွင့်၊ အိမ်မကြီးသော့ဖွင့်၊ အခန်းတံခါးဖွင့် အပေါ်တက် ဗီရိုသော့ဖွင့်၊ အဲ့ဒီထိ ကားသမားကို စောင့်ခိုင်းရမလား၊ ပြီးတော့ အိမ်ထဲဝင်တာနဲ့ တံခါးတွေ ပြန်မပိတ်ဘဲထားလို့ရမလား! စဉ်းစား”

“အပြောကြီးတုန်းကတော့ သူများအကူအညီမယူဘူးဆိုလို့ပါ”

“ဒီမှာ ပိုက်ဆံလေးနှစ်ထောင်ယူတာ ဒီလောက်ထိ ပြောမနေပါနဲ့ ခုချက်ချင်း ပြန်ပေးမယ်”

“ပေးချင်လည်း ကျွန်တော့်အိမ် လာပေးဗျာ၊ ခင်ဗျား တစ်ယောက်တည်းရှိနေတဲ့အချိန် ခင်ဗျားအိမ် ကျွန်တော် မလိုက်ရဲဘူး”

“ဘာ”



www.burmeseclassic.com

www.burmeseclassic.com

[ ၁၄ ]

"ဟား ဟား ဟား ဟား"

ကျွန်တော် လက်ဖက်ရည်ဆိုင်ကို ပြန်ရောက်တော့ လက်ဖက်ရည်တွေ အေးစက်နေပြီ။ အေးစက်စက်ကိုပဲ တစ်ရှိန်ထိုး မော့ချလိုက်ရင်း ကျော်လင်းမေးသမျှ တစ်လုံးမကျန် ပြန်ပြောပြလိုက်တယ်။

"မင်းကွာ၊ လိုက်တုန်းကတော့ ကောက်ကောက်ပါအောင် လိုက်သွားပြီး ပြေလည်အောင် မဆက်ဆံခဲ့ဘူး"

ကျော်လင်းက ရယ်လည်းရယ် ပြောလည်းပြောတယ်။

"မဟုတ်ဘူးကွ၊ ဒီကောင်မလေးက အလျော့ပေးပြန်ရင်လည်း ရောင့်တက်လာဦးမှာ၊ အကွက်ကျွေ့တုန်း ဖိထားမှ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ အေးပါ၊ အမြဲဖိထားနိုင်ပါ့ငစ၊ နောက်ကျမှ အနင်းခံနေတယ်ဆိုပြီး အသံက အပေါ်က ဖြစ်နေဦးမယ်"

"ဘာလဲ! မင်းက ငါ့ကို ကျိန်နေတာလား"

"မဟုတ်ရပေါင်ဗျာ၊ အပြောကြီးတဲ့သူတွေက ဖြစ်လိုက်ရင် အသဲအသန်အဆန်းတကျယ်ကြီးပဲမို့ပါ"

"အဲ့ဒါနဲ့ မနက်ဖြန် စနေတနင်္ဂနွေ ရုံးပိတ်ရက်ဆိုတာပါ သတိပေးခဲ့လိုက်တယ်"

"အဲ့ဒီတော့"

"တနင်္ဂနွေက ငါ့မွေးနေ့မို့ ဘုရားသွားပြီး ကုသိုလ်ကောင်းမှုလုပ်ရမှာ ဘာညာပေါ့ကွာ၊ အဲ့ဒီနှစ်ထောင်ပဲရှိတာ တနင်္လာနေ့ထိမစောင့်နိုင်ဘူးလို့"

"မင်းကွာ၊ တကယ့်ကောင်ပဲ အင်အားရာ"

"ရှုးရှုးရှဲရှဲဖြစ်သွားတာ သိပ်ကြည့်လို့ကောင်းတာပဲ၊ ဟဲ ဟဲ ဟဲ ဟဲ"

"မင်း အတော်လူပါးဝတာပဲ၊ အိမ်လာပေးရင် မင်းအခြေအမှန်ကို မြင်သွားမှာပေါ့"

"အောင်မလေး၊ ငါ့ပါးစပ်ကနေ ညစောင့်အိမ်အကူအလုပ်သမားပါ ပြောစရာမလိုဘူး၊ သူ့ဖာသာကို အဲ့သလိုထင်မှာ အသေအချာပဲ"

"မင်းက အဲ့သလိုထင်အောင်နေတာကိုး ထင်မှာပေါ့"

"ထားပါ၊ လူတွေရဲ့စိတ်ဓာတ်အမှန်သိရတာပေါ့"

"ဘာပဲဖြစ်ဖြစ် ကောင်မလေးနဲ့ စနေ၊ တနင်္ဂနွေတစ်ရက်ရက်တွေ့ရအောင် မင်းအကြံအဖန်လုပ်ခဲ့တာတော့ အမှန်ပဲမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သား အင်အား"

"အကြံအဖန်မဟုတ်ပါဘူး၊ အမှန်အကန်ပါ၊ မခံချင်စိတ်နဲ့ စွေ့စွေ့ခုန်ပြီး ဘာလုပ်မယ်ဆိုတာ သိချင်လို့ကွ"

"ကောင်မလေးက လိုတရအလိုလိုက်ခံဘဝနဲ့ကြီးပြင်းလာလို့ ဆိုးနေတာပါ၊ မူရင်းဓာတ်ခံစိတ်ရင်းက ကောင်းပါတယ်"

"ကဲပါ၊ အခမဲ့ချီးမွမ်းခန်းရပ်၊ အချိန်မရှိတော့ဘူး ပြန်ရအောင် မဟုတ်ရင် ဘိုးတော်က မိန်းမကြီးတစ်ယောက်လို ပွစိပွစိနဲ့ နားမခံနိုင်လွန်းလို့ပါ၊ ဟိုမှာ Hello တောင် လာကြိုနေပြီ"

ကျွန်တော် Hello ကို ပေါင်မုန့်တစ်လုံးယူကျွေးရင်း ပြန်ခဲ့တယ်။ အိမ်ထဲဝင်ခဲ့လိုက်တယ်ဆိုရင်ပဲ အမေက

"ဦးကံလှက ခုပဲမေးနေတာ၊ သား မပြန်လာသေးလို့တဲ့"

ကျွန်တော်ပြောတာတောင် နေ့မကူးသေးဘူး။ ဟင်း။

"အမေ့ယောက်ျားကြီးကို အအားမထားနဲ့ သူက အားနေရင် လျှောက်ကြည့်ပြောနေတာ"

"ဟဲ့ လူကြီးကို"

အမေတို့က အဲသလိုပဲ။ သူ့ယောက်ျားကြီးကို ပြောရင် မျက်စိမျက်နှာကိုပျက်လို့။ အင်းလေ သူ့ဘိုးကော်ကြီးက ပိုက်ဆံတွေ အများကြီးရှာပေးနေတာကိုး။

"မင်းအလုပ်က ပိုက်ဆံတွေ ဘယ်လောက်ကြီးများရလို့ ဒီလောက် မိုးချုပ်ရတာလဲကွ"

လာပြီ လာပြီ စလာပြီ။ မိဘအမွေ လယ်တွေ၊ ခြံတွေ မြေတွေရထားလို့ ချမ်းသာနေတာကို ကြီးကျယ်ပြဦးမှာ။ အဲသလို လူမျိုး လက်ဗလာကြီးပဲ လွှတ်လိုက်ကြည့်ပါလား။ တစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com



မြောင်းထဲရောက်သွားမယ်။

"ဟဲ့ သား၊ မေးနေတယ်လေ"

"ကျွန်တော် လက်ဖက်ရည်ဆိုင်ထိုင်နေတာ"

"ဒီလက်ဖက်ရည်ဆိုင်ထိုင်တာ အချိန်ဖြုန်းတာပဲ၊ အကျိုးရှိမယ့် ကြက်၊ ဝက်မွေးမြူရေးတွေမှာ ဦးစီးလုပ်ဆိုတာတော့ မလုပ်ဘဲနဲ့"

"ဟာ! ဝါသနာလည်းမပါဘူး၊ လုပ်လည်းမလုပ်ချင်ဘူး၊ အဲ့ဒီအကုသိုလ်အလုပ်တွေ"

"ဘာ! အောင်မာ၊ ကြီးကြီးကျယ်ကျယ်၊ ဒါနဲ့ပဲ လူတန်းစေ့အောင် နေနေရတာမဟုတ်လား! မင်း ဝတ်တာစားတာ တွေ အဲ့ဒီအလုပ်က ရတာပဲကွ"

"ဒါ ကျွန်တော်က ပုံ့သကူသားပဲ စားတဲ့ဥစ္စာ"

"ကြည့်မရလိုက်တာကွာ၊ ဒီမှာခင်သင်း နင့်သားကို မိန်းမရင်လည်း ရှာပေးစားလိုက်၊ ဒါမှ အလုပ်လုပ်ချင်လာမှာ"

"ဟာဗျာ၊ ခု ကျွန်တော် အလုပ်လုပ်နေတာပဲဗျ၊ ဘယ်မှာ အလကားနေလို့လဲ"

"ဒီလိုအလုပ်လောက်ပြောတာမဟုတ်ဘူး၊ လောဘနဲ့ လုပ်တဲ့အလုပ် လုပ်လာမှာကိုပြောတာ"

"ကျွန်တော့်အစီအစဉ်နဲ့ ကျွန်တော် ရှိပါတယ်ဗျာ၊ ပူမနေပါနဲ့"

"ပြောလိုက်ရင် ဒါပဲ၊ လေကဖြင့် တစ်စက်မှမလျှော့ဘူး"

အမေကဗျာ၊ ဒီ ပစိပစပ်များတဲ့ဘိုးတော်ကြီးကို ဘာကြည့်ကြိုက်ပြီးယူခဲ့တယ်မသိပါဘူး။ ကျွန်တော်ကဖြင့် တစ်စက်လေး



www.burmeseclassic.com

www.burmeseclassic.com



မှုကို ကြည့်လို့မရဘူး။

အင်းလေ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့်အဖေထက်တော့ အမေ့ကို ချမ်းချမ်းသာသာထားနိုင်တာ အမှန်ပဲ။

"ဟေ့ကောင် Hello' မင်း ထမင်းစားပြီးပြီလားကွ"

"အိ အိ"

"စားပြီးပြီ အစ်ကိုလေး၊ စောနက အသိန်းကျွေးထားတာ"

ကျွန်တော်က Hello ကို မေးတာ၊ Hello က မဖြေဘဲ အသိန်း ဝင်ဖြေတယ်။ အင်းလေ၊ ဘယ်သူပဲဖြေဖြေ စားပြီးရင် ပြီးတာပါပဲ။

"မနက်ဖြန် ရုံးပိတ်တယ်ကွ၊ မင်းနဲ့ငါ အပြင်ထွက် လျှောက်လည်ကြတာပေါ့"

"အု အု အိ အိ"

ကျွန်တော် ပြောတာ နားလည်လား၊ မလည်လားတော့ မသိဘူး။ Hello က ပါးစပ်က သံစုံမြည်ရင်း ခုန်ပေါက်နေတယ်။

ပြီးတော့ ခြံထဲဆင်းပြေးသွားပြီး တစ်ချက်နှင့်ချက် ထိုးဟောင်တယ်။

ဒါ စားကောင်းသောက်ကောင်းအောင် ဖားတာဗျ။

အိမ်ပေါ်ပြန်တက်လာပြီး ဘိုးတော်ခြေထောက်ကို သွားနမ်းနေပြန်တယ်။ မျက်နှာကို မော့ကြည့်ပြီးတော့လဲ အမြီးနှံ့ပြတယ်။

"ဟေ့ကောင်ကြီး၊ ဘာစားချင်လို့လဲကွ"

ဘိုးတော်က သူ စားနေတဲ့ ထန်းလျက်တစ်ခဲကို ချကျွေး



www.burmeseclassic.com

www.burmeseclassic.com



တော့တာပဲ။ သူက အဲသလို ပလူးပလဲ ဖားတာမျိုးကြိုက်တာ။
Hello ဆိုတဲ့ကောင်က မာနကိုမရှိဘူး။
ဟုတ်တယ်လေ။ ခွေးလည်း ခွေးမာနတော့ရှိရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၅ ]

ကံကြမ္မာအဆိုးအကောင်းဆိုတာ လူတွေမှာပဲရှိတယ်ထင်သလား။ တိရစ္ဆာန်တွေမှာရော မရှိနိုင်ဘူးလား။

အဲ့သလိုသာ ဖြစ်ခဲ့မယ်ဆိုရင် Hello ရဲ့ ကံကြမ္မာကို ကျွန်တော်ကပဲ ဖန်တီးပေးသလိုဖြစ်ခဲ့သလား။ ဒါမှမဟုတ် သူ့ကံကြမ္မာနဲ့သူ ဖြစ်လာသလားဆိုတာကိုတော့ ကျွန်တော်လည်း မစဉ်းစားတတ်တော့ဘူး။

"ဟောကောင် Hello အပြင်သွားမယ်၊ မင်း စားချင်တာ ဝယ်ကျွေးရဦးမှာပေါ့ကွာ၊ ဟိုအရင်ဘဝက မင်းအကြွေးတွေ ငါ့မှာရှိခဲ့တယ်ထင်တယ်"

ကျွန်တော်က ဖင်ပုတ် ခေါင်းပုတ်လုပ်လိုက်တယ်ဆိုရင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



Hello က မြူးနေပြီ။ တွေးကြည့်ရင်တော့ သနားစရာဗျ။ တိရစ္ဆာန်ဆိုတာ ကျွန်တော်တို့ကျွေးမှစားရတာ။ (သူခိုးကျင့် သူခိုးကြံရှိတဲ့ ကြွက်တို့ ကြောင်တို့တော့ မပါဘူးပေါ့။)

တိရစ္ဆာန်ဖြစ်ပေမယ့် ထမင်းစားတဲ့ကျေးဇူးကို Hello က သိတယ်။ ဒါကြောင့်လည်း သူတတ်နိုင်သလောက် ကူညီတာပေါ့။

ညညဆို ချွတ်ခနဲအသံကြားတာနဲ့ တစ်ခြံလုံးအနှံ့ ပတ်ပေါင်တော့တာ။ ခြံလုံတယ်။ ယုတ်စွအဆုံး ခြံထဲမှာ ကြွက်ဖြတ်ပြေးရင်တောင် ရအောင်ဖမ်းပေးတဲ့ခွေး။ အပြင်ထွက်ရင် ခြံဝထိ လိုက်ပို့တတ်ပြီး ပြန်လာရင်လည်း စရီးဦးကြိုပြုတယ်။

အခုလည်း ကျွန်တော့်ဘေးကနေ ကပ်လိုက်ရင်း လမ်းမှာတွေ့သမျှ ခွေးလေခွေးလွင့်တွေကို ဗောန်ဖိရန်လုပ်တယ်။ ဘယ်ကောင်မှ ကျွန်တော့်အနားမကပ်နဲ့ ကပ်ရင် သေသွားမယ်ဆိုတဲ့သဘော။

"တော်ပါတော့ Hello ရယ်၊ အေးအေးဆေးဆေး လိုက်စမ်းပါ၊ နားကိုငြီးနေတာပဲ။

ကျွန်တော်ပြောတော့လည်း နားလည်တဲ့အတိုင်း မျက်နှာငယ်လေးနဲ့ငြိမ်သွားတယ်။ ဒီကောင့်မျက်နှာက နဂိုထဲကလည်း သေးသေးလေးပါ။ ဒီတော့ ငယ်တယ်ပဲ ထားပါတော့။

ကျွန်တော်နဲ့ Hello ကဲ့ကော်လမ်းနဲ့ နှင်းဆီလမ်းကို လျှောက်ပြီးတဲ့အခါ Hello ဗိုက်ထဲလည်း အကင်အတော်များများ ဝင်ရောက်ပြီးသွားပါပြီ။

"ကဲ စံပယ်လမ်းကို လျှောက်ပြီးရင်တော့ လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ညည်ဆိုင် ဝင်ဘော့မယ်ကွာ၊ မင်းသခင်မနဲ့ဘိုမက ဘယ်အချိန် ထွက်လာမလဲမသိဘူး"

နွေညနေခင်းက ကျနေတောင် အတော့်ကို ပူနေပါသေး ဘယ်။ ဒီလိုအပူရှိန်နဲ့ဆို သူ အပြင်ကို ထွက်တောင်လာပါ့မလား ခဲ။

ကျွန်တော့် ပူပန်စိုးရိမ်စိတ်ကလေးက ဟိုးဝေးဝေးမှာ ဘမ်းမြင်လိုက်ရတဲ့ အရိပ်လေးကြောင့် ရင်အေးသွားတယ်။

နွေးပုမလေးတစ်ကောင်နဲ့အရိပ်တစ်ရိပ်ဟာ သူကလွဲပြီး ဘယ်သူရှိဦးမှာလဲ။ အရိပ်လေးနဲ့နီးအောင် ကျွန်တော် ရှေ့ကို ခင့်မြန်မြန် တိုးသွားမိတယ်။

**Hello** ကလည်း သခင့်မျက်နှာရိပ်မျက်နှာကဲကို နားလည် ဘယ်။ ရှေ့ကို ကြုံပြေးနှင့်ပြီး ဘိုမကိုနမ်းပြီး နှုတ်ဆက်တယ်။ ကျွန်တော်ကတော့ သူ့ကို အဲ့သလို သွားလုပ်လို့ဘယ်ရပါ့မလဲ။

"ဘယ်လဲဗျ"

"ဘယ်ရမလဲ! ရှင့်အကြွေးဆပ်မလို့ ထွက်လာတာ"

"အခုလား"

"အခုပေါ့၊ ဒီမှာ"

"ခင်ဗျားကလည်းဗျာ လမ်းလယ်ခေါင်ကြီးမှာ"

"ဘာဖြစ်လဲ! ယူလိုက်ရင်ပြီးပြီ"

"ခင်ဗျားအကြွေးဆပ်တာကလည်း သိပ်လက်လွှတ်စပါယ် နိုင်တာပဲ"

"ရော် ခက်ပြီ၊ ရှင်ဟာ အတော့်ကို ပညတ်ချက်တွေ များလှပါလားရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"လမ်းလယ်မှာ ခင်ဗျားမရှက်ပေမယ့် ကျွန်တော် ရှက်တယ်ဗျ"

"သေလိုက်"

"ခင်ဗျား ပိုက်ဆံလာချေးတုန်းက ဒီမျက်နှာမျိုးမဟုတ်ပါဘူး"

"ရှင် ဘယ်လိုဖြစ်နေတာလဲ! တစ်ရုံးထဲ တစ်လမ်းထဲသားချင်းတွေ ပိုက်ဆံလေးနှစ်ထောင် ခဏယူမိတာ ဒီလောက်ပြောဆိုနေစရာလား"

"တခြားလူဆိုမပြောပါဘူး၊ ခင်ဗျားမို့ ပြောတာ ခင်ဗျားက ကြီးကြီးကျယ်ကျယ်တွေ ပြောခဲ့တာကိုး"

"ဘာပဲဖြစ်ဖြစ် အခု ပြန်ပေးနေပြီပဲ၊ ရှင့်ဟာသာ ယူချင်ယူ မယူချင်နေ၊ ကျွန်မ စိတ်မရှည်တော့ဘူး"

"ဟူး ရာသီဥတုကလည်း ပူလိုက်တာဗျာ ... ကျွန်တော်တို့ အအေးသွားသောက်ကြရင် ကောင်းမလား"

"မကောင်းဘူး၊ ရှင့်ဟာသာပဲ သွားသောက်၊ မုန်းစရာကောင်းတယ်"

"ခင်ဗျားကလည်းဗျာ၊ ပြေပြေလည်လည်ကို မရှိဘူး၊ အလကားနေရင်း အကုသိုလ်ဖြစ်အောင် အမုန်းပွားနေတယ်"

"ရှင်ကမှ ချစ်အောင်မနေတာ"

"ဩော် ချစ်အောင်နေရင် ချစ်မယ်ပေါ့"

"သေလိုက်၊ ဟွန်း"

ကျွန်တော်နဲ့သူကသာ မပြေမလည်ဖြစ်နေတာ။ Hello နဲ့ဘိုမက ပြေပြေလည်လည် ခင်ခင်မင်မင်ဖြစ်နေပြီ။ တစ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့တစ်ကောင် လှည့်ပတ်ကွေ့ဝိုက် ကစားနေကြပြီ။

"တွေ့လား ဟိုမှာ၊ တိရစ္ဆာန်တွေတောင် ရန်သူလို ဆောက်ဆံကြဘူး၊ ယဉ်ယဉ်ကျေးကျေးနဲ့မိတ်ဆွေတွေလို ဆက်ဆံကြသေးတယ်"

"သူတို့က ဦးနှောက်အသိမှုမရှိတာ၊ ရော့ ဒီပိုက်ဆံကိုယူတော့၊ ကျွန်မ သွားတော့မယ်"

"ဟာဂျာ၊ ခင်ဗျားကလည်း"

ကျွန်တော်က တမင်ပေကပ်ကပ်နဲ့ လက်နောက်ပစ်ပြီး ငူနံ့နံ့လုပ်နေလိုက်တယ်။

အဲ့ဒီအချိန်။

အဲ့ဒီအချိန်လေးမှာပဲ သာယာမှုအပေါင်းကို ပျက်စီးသွားစေမယ့် အဖြစ်အပျက်တစ်ခုက မမျှော်လင့်ပါဘဲ လျှပ်ပြက်သလို ဖြစ်သွားခဲ့တယ်။

"ခွေးရူးဟေ့၊ ခွေးရူး"

"အဲ့ဒီဘက်ကို ခွေးရူးတစ်ကောင် ပြေးလာနေတယ်"

"ဟုတ်တယ်၊ ခွေးရူး ခွေးရူး"

စီစီလောင်လောင်အော်သံတွေ၊ ဝရုန်းသုန်းကားပြေးလွှားသံတွေ၊ ညာသံပေးအော်ဟစ်လိုက်လာသံတွေ၊ ကမ္ဘာငယ်လေး ချက်သလိုပါပဲ။

**Hello** က ရန်သူရဲ့အနံ့ကို ကြိုသိသလိုနဲ့ ကျွန်တော်တို့ကို ခင်ပေးပြီး ရန်သူကို လှည့်ပတ်ရှာတယ်။

တေးဦးယဉ်က ဘိုမလေးကို ဆွဲရင်း အထိတ်တလန့်ဖြစ်နေရှာတယ်။ ကျွန်တော်က ရိုက်စရာတုတ်၊ ပစ်စရာကျောက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု တွေ့မလား ကြည့်နေတာပေါ့။

တကယ်တမ်း အနွံ့ရာယ်က ဖြုန်းခနဲ အနားရောက်လာတော့ ဘာတတ်နိုင်ခဲ့လို့လဲ။

"ကလေးမလေးနဲ့ခွေးကလေးဆီ ဦးတည်ပြေးသွားပြီ"

"ဟဲ့ ကောင်မလေး၊ ပြေး ပြေး"

အော်သံတွေက ဆူညံပြီး တစ်ပြိုင်တည်း ထွက်ပေါ်နေတယ်။ အဖြစ်အပျက်က စက္ကန့်ပိုင်းကလေးပါပဲ။

တေးဦးယဉ်နဲ့ဘိုမဆီ ကမူးရှူးထိုးပြေးဝင်လာနေတဲ့ ခွေးရူးကို အတင်းပြေးဝင်လုံးတာက Hello!။

လက်ထဲမှာ တုတ်လည်းမရှိတဲ့ ကျွန်တော် ဘာလုပ်ရမလဲ အတူဝင်လုံးလို့လည်း မဖြစ်။ လူလူချင်းဆိုလည်း ပြေးထိုးလိုက်ရသေး။

"ဦးယဉ်၊ ကျွန်တော့်နောက်မှာနေ၊ ဘိုမကို ပွေ့ထား"

ကျွန်တော်ဆွဲယူလိုက်တဲ့ ဦးယဉ်ရဲ့ကိုယ်လေးဟာ တုန်ခိုက်နေတယ်။ ဘိုမလည်း အတူတူပဲ။

အဲ့ဒီနောက်မှာတော့

အဲ့ဒီနောက်မှာတော့

"Hello"



www.burmeseclassic.com

www.burmeseclassic.com

[ ၁၆ ]

ဘာရယ်မဟုတ်၊ ဒီနေ့ ရုံးကို စောစောထွက်လာခဲ့မိတယ်။

အစ်ကိုကတော့ ကျွန်တော့်စိတ်အာရုံတွေကို ဘယ်မှ မပျံ့လွင့်ချင်ဘူး။ ဖြစ်နိုင်ရင် တစ်ယောက်ယောက်နဲ့ အဆက်မပြတ်စကားပြောနေချင်တယ်။

စကားပြောဖော်မရှိတော့ Computer ဖွင့်ပြီး ဟိုမွှေဒီမွှေ လျှောက်မွှေနေလိုက်တယ်။ စိတ်ဝင်စားဖွယ် Game တွေက လူ့စိတ်ကို ဖမ်းစားနိုင်တာတော့ အမှန်ပဲ။ တဒင်္ဂတော့ ကျွန်တော် လောကကြီးကို မေ့သွားတယ်။

"ဟာင်! ကိုကြီးအင်အား၊ အစောကြီးရောက်နေတယ်ပေါ့"

"အကြံအစည်တစ်ခုခုတော့ရှိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



မိဖြိုးနဲ့ဝါဝါရောက်လာပြီး ကျွန်တော့်ကို တအံ့တသြ ဝိုင်းကြည့်နေကြတယ်။

"ဘာအကြံအစည်ရှိရမှာလဲ! ငါက လူစုံရင် နင်တို့ကို လက်ဖက်ရည်တိုက်မလို့"

"ဟယ် တကယ်"

"ကိုကြီးအင်အားက သိပ်ခင်ဖို့ကောင်းတာပဲ၊ ဘာ ဆုတောင်းပေးရမလဲ"

"ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုရင်"

"ဘာတွေ ဆုတောင်းနေကြတာလဲ"

မေးရင်း ဝင်လာတာက ကျော်လင်း။ တဖြည်းဖြည်းနဲ့ လူကတော့ စုံလာပြီ။

"ဒီမှာ ကိုကြီးအင်အားက လက်ဖက်ရည်တိုက်မလို့တဲ့"

"အေး၊ ပါးစပ်ပါတော့ သောက်ပေးရမှာပေါ့"

"ကိုကြီးအင်အားက သမီးတို့ထက်အရင် ရုံးကို အစော ကြီးရောက်နေတာ"

"ဒါ ပုံမှန်တော့မဟုတ်နိုင်ဘူး၊ ကဲ ရှင်းစမ်း လင်းစမ်းပါဦး"

"ဘာရယ်မဟုတ်ပါဘူးကွာ၊ အိမ်မှာနေရတာ ပျင်းတာနဲ့"

"နေ့တိုင်းနေတဲ့အိမ်ကို ပျင်းတယ်ဆိုကတည်းက ပုံမှန် မဟုတ်တာ"

"မိဖြိုး၊ လက်ဖက်ရည်နဲ့မုန့်မှာလေ"

"ဟုတ်၊ ဒါနဲ့ မမဦးယဉ်လည်း မလာသေးဘူး"

"သူ ဒီနေ့ ရုံးလာပါ့မလားတောင် မသိဘူး"

"ဟင်၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့တွေ့ခဲ့လို့လား အင်အား"

"ဒီနေ့ မတွေ့ပါဘူး၊ ရုံးပိတ်ရက်က တွေ့ဖြစ်တယ်"

"အဲ့ဒါနဲ့ ဒီနေ့ ရုံးလာမလား၊ မလာဘူးလားနဲ့ဘာဆိုင်သို့လဲ"

"အဲ့ဒီနေ့တွေ့တုန်းက ကံကောင်းလို့ သူ ခွေးရူးအကိုက်မခံခဲ့ရတာကွ"

"ဟင်! ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ ဆိုစမ်းပါဦး"

ကျွန်တော်က အဲ့ဒီနေ့က အဖြစ်အပျက်ကို ပြန်ပြောပြလိုက်တယ်။ အားလုံး စုတ်တသပ်သပ်နဲ့ပေါ့။

"ဒါဆို Hello က ဝင်ကယ်လိုက်တာပေါ့"

"အေး"

"Hello နဲ့ ခွေးရူးနဲ့ကိုက်တော့ Hello ရူးမှာပေါ့"

"ခုတော့ မရူးတော့ပါဘူး"

"ဟင်! ဘာဖြစ်လို့လဲ"

"ဟယ် ဆေးထိုးပေးလိုက်တာလား"

ဒီလိုပဲ တစ်ယောက်တစ်ပေါက်နဲ့ ဝိုင်းမေးကြတာ ကျွန်တော် စိတ်မကောင်းစွာနဲ့ပဲ ပြန်ပြောပြရတော့တာပေါ့။

"Hello ရော၊ ခွေးရူးရော အဲ့ဒီနေ့ရာမှာပဲ သေသွားတယ်လေ"

"ဟ! အသေကို ကိုက်ကြတာပဲလား"

အဲ့ဒီစကားကို ဝင်ပြောတာက ကျော်လင်း။

"မဟုတ်ဘူး၊ လူတွေ ဝိုင်းရိုက်သတ်လိုက်တာ"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်"

"Hello သနားပါတယ်"

"အေး၊ ငါက ငါ့ခွေးပါလို့ အော်တာပဲ၊ ဒါပေမယ့် လူတွေက တစ်ယောက်တစ်ပေါက်နဲ့ ဘယ်ဟာက ခွေးရူး၊ ဘယ်ဟာက Hello မှန်းမသိဘဲ နှစ်ကောင်စလုံးကိုဆော်လိုက်တာ"

အဲ့ဒီအချိန်မှာပဲ ဝိုင်းနဲ့အတူ တေးဦးယဉ်ဝင်လာပါတယ်။ ဝင်လာလာချင်း တေးဦးယဉ်က

"ဟိုနေ့ကအကြောင်း ပြောနေကြတာလား"

"ဟုတ်တယ်၊ မမဦးယဉ် ဘာမှမဖြစ်လို့တော်သေးတယ်"

မိဖြိုးက ဝင်ပြောတယ်။

"အင်း၊ အသက်တစ်ချောင်းအတွက် အသက်တစ်ချောင်းက ကယ်လိုက်တာ"

ကျွန်တော်က

"လောကမှာ ငွေနဲ့တန်ဖိုးဖြတ်လို့မရတဲ့ အရာဆိုတာကို ခင်ဗျား တွေ့ပြီလား"

"အင်းပါ၊ သိပါပြီ၊ ကျွန်မလေ Hello အတွက် စိတ်မကောင်းလိုက်တာ"

"ဟုတ်တယ် ကိုအင်အားရဲ့၊ ဝိုင်းတောင် မနေ့ကတည်းက ဦးယဉ်ကို အဖော်လုပ်ပေးနေခဲ့ရတာ"

ဝိုင်းကပါ တေးဦးယဉ်ဘက်က စစ်ကူလိုက်ပေးတယ်။

"ကျွန်မ အိပ်လို့မရခဲ့ဘူး၊ မျက်စိရှေ့မှာ အရှင်လတ်လတ်ရိုက်သတ်ခံရတဲ့မြင်ကွင်း ဒီတစ်ခါပဲ မြင်ဖူးတာ"

"သတ္တဝါတစ်ခု က်တစ်ခုဆိုတာ ဒါကိုပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"လမ်းဘေး အိမ်ခြေယာခြေမရှိ ခြေသလုံးအိမ်တိုင် ခွေး သေခွေးလွင့်ခွေးဝဲစားအုတ်ကြားမြက်ပေါက်ခွေး ဒီလိုခွေးတစ်ကောင် က သစ္စာရှိ ကျေးဇူးသိသွားတာ"

"အံ့ဩစရာပဲ၊ အကြားနဲ့ဆို ယုံနိုင်စရာမရှိဘူးနော်"

"ဟုတ်တယ်၊ Hello က ကျွန်တော့်မျက်နှာရိပ်မျက်နှာ ကဲ ကြည့်နေတာဗျ"

"ကျွန်မ ကိုအင်အားအတွက် ခွေးတစ်ကောင် အစားဝယ် ပေးရမလား ဟင်"

"တော်ပါပြီ၊ ခင်ဗျားဝယ်ပေးနိုင်မှန်းတော့သိပါတယ်၊ ဒါပေမယ့် သံယောဇဉ်အပူမီးကို ငွေပေးပြီး မရှာချင်တော့ပါဘူး၊ Hello က မလွှဲမရှောင်သာလို့ မွေးခဲ့ရတာ"

"ကျွန်မက ငွေနဲ့တန်ဖိုးဖြတ်လျော်တာမဟုတ်ပါဘူး၊ စိတ် မကောင်းလို့ပါ"

"နေပါစေတော့၊ ခင်ဗျား ဘာမှ မဖြစ်တာပဲ တော်လှပြီ၊ ကျွန်တော်တို့ အဲ့ဒီကိစ္စကို မေ့လိုက်ကြရအောင်၊ လာ လက်ဖက် ရည်သောက်ကြမယ်၊ ဟာ ဆောရီး ဆောရီး ခင်ဗျားက ကိုယ့်ခွက် နဲ့ကိုယ်မှ သောက်တာမဟုတ်လား တေးဦးယဉ်"

ကျွန်တော့်ရဲ့စကားနာထိုးမှုကို သူက မျက်စောင်းနဲ့ ချေပ တယ်။ ပြီးတော့ ကျွန်တော်သောက်မယ့် လက်ဖက်ရည်ခွက်ကို ဘာမှ မပြောဘဲ ယူသောက်လိုက်ပါတယ်။

ဒါ Peace ဆိုတဲ့သဘောပေါ့။ ဩော် အချစ်ရယ်။

ကျော်လင်းက ကျွန်တော့်ကို မျက်စိတစ်ဖက်မသိမသာ မှိတ်ပြတယ်။ ကျွန်တော့်ရင်ထဲက နွေးခနဲဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်လင်းမျက်စိမှိတ်ပြလို့ နွေးသွားတာတော့ ဘယ်ဟုတ်ပါမလဲ။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၇ ]

သူက ခြေကို ဘယ်တစ်ဖက် ညာတစ်ဖက် လှမ်းတယ်၊ အင်းလေ (အမှန်တော့ ပုံမှန်အတိုင်း လှမ်းတာပါပဲ) ကျွန်တော်ကိုက ကယောင်ချောက်ချားဖြစ်နေတာ။

"အရင်ကတော့ ဒီကန်တော်ကြီးထဲကို ဒီလို လာလည်ရမှန်းကို ကျွန်မ မသိတာ"

"နောက်ဆို ဒီကိုလာတဲ့အရသာ ခင်ဗျား သိသွားမယ်"

"ဘာလဲ"

"ဘာမှမဟုတ်ပါဘူး"

"မဂ္ဂဇင်းမျက်နှာဖုံးအတွက် အောက်ဒိုးရိုက်လို့သာ ရောက်ဖြစ်တာနော်၊ မဟုတ်ရင် ရောက်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရောက်အောင်လာရင် ရောက်တာပဲလေ၊ ခင်ဗျား လာချင်တဲ့အချိန် ကျွန်တော့်ကို ပြော၊ လိုက်ပို့ပေးမှာပေါ့"

"တော်ပါရှင်၊ အားနာစရာ"

"ဒါမျိုးဆိုတာ အားမနာရဘူးဗျ၊ အားနာရင် အပျိုကြီးဖြစ်တတ်တယ်"

"ဟင်! ကြားဖူးပေါင်၊ အားနာရင် ခါးပါတတ်ဘယ်ပဲ ကြားဖူးတာပါ"

"ဩဗ် ခင်ဗျားကလဲ ယောကျ်ားပျိုတစ်ယောက်ကို ဒီလိုအခွင့်အရေးမျိုးမှမပေးရင် ဒါ အပျိုကြီးဖြစ်မယ့် လမ်းစပဲပေါ့"

"ဟော် တော့် သူ့ကျမှပဲ၊ ခစ်"

ကျေးဇူးပြု၍ မိန်းကလေးများ အဲ့သလို မရယ်ပါနှင့်၊ ကျွန်တော အသည်းယားတတ်လို့ပါ။ ကျန်တဲ့ယောကျ်ားသားတွေတော့ မသိဘူးပေါ့။

"ဒီမှာ အမိ"

"ဘာလဲ'"

"ကိုယ်နဲ့မနီးစပ်တဲ့ ရွှေခြေထောက်ပိုင်ရှင် ရွှေလက်ပိုင်ရှင် ရွှေပါးစပ်ပိုင်ရှင်တွေကို စိတ်ကူးယဉ်နေမယ့်အစား"

"ဟယ်"

"ကိုယ့်အနီးအနားမှာရှိနေတဲ့ ရွှေနှလုံးသားပိုင်ရှင်လေးကိုပဲ စဉ်းစားပေးပါလား"

"ရှင်နော်၊ ဒါ ဘာစကားလဲ"

"ကျွန်တော် ခင်ဗျားကို အခုလောလောဆယ်တော့ ရည်းစားစကားမပြောသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ်၊ ပြောရဲပြောကြည့်ပါလား"

"အင်းပါ၊ မပြောရဲသေးပါဘူး၊ အခုနေ ပြောလိုက်လို့ကတော့ မျက်နှာသာပေးလို့ ရွှေရေးပန်းကန်တက်တာလား ပြောမှာပေါ့"

"ဟွန်း"

"အဲ့ဒီတော့ အချိန်ယူရမယ်၊ ရင်းနှီးမှုနဲ့ယုံကြည်မှုကိုလည်း ရယူရဦးမယ်၊ မေတ္တာသက်ဝင်ချစ်ခင်စိတ်ရှိလာအောင်လည်း ကြိုးစားရဦးမယ်၊ အဲ့ဒီနောက်မှပဲ"

"ရှင် နော်"

"စိတ်မတိုနဲ့ဦးလေ၊ ခင်ဗျားကို ကျွန်တော် ဘာမှ မပြောရသေးပါဘူး"

"ဟွန်း"

အဲ့ဒီတော့မှ သူက ငြိမ်သွားပါတယ်။

အရာရာကို ငွေနဲ့သာကြည့်တတ်သူ၊ ဦးနှောက်က တွက်ချက်ပြီးမှ ဆုံးဖြတ်တတ်သူ။

အိမ်ထောင်ရေး၊ ချစ်မှုရေးရာတွေနဲ့ပတ်သက်လာရင် ရော ငွေနဲ့ချိန်စက် ဦးနှောက်နဲ့တွက်ချက်ဦးမှာပဲ မဟုတ်လား။

ဒါပေမယ့်

သူ မသိသေးတာ တစ်ခုရှိတယ်။

အဲ့ဒါက

နှလုံးသားနဲ့ဦးနှောက် စစ်ဖြစ်ကြတဲ့အခါမှာ အမြဲတမ်း အနိုင်ရလေ့ရှိတာက နှလုံးသားပဲ။

ဦးနှောက်က အနိုင်ရတဲ့အခါလည်း ရှိပါတယ်လို့ပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ ရှိချင်ရှိလိမ့်မယ်။

အဲ့သလို ပြောတဲ့သူဟာ နလုံးက အချစ်စစ်အချစ်မှန်နဲ့ မချစ်ဖူးသေးတဲ့လူပဲ။

"ဒီနေ့ရိုက်ရတဲ့ မင်းသားရော၊ မင်းသမီးရော တကယ်သစ်စ လူငယ်တွေဆိုပေမယ့် တော်တယ်ဗျ"

"အင်းနော်၊ လုပ်သွားတဲ့အမူအရာတွေ အားလုံလှတယ်၊ တစ်ခါပြောလိုက်တာနဲ့ သဘောပေါက်ကြတယ်"

"ဒါကြောင့် အောင်မြင်တာပေါ့"

"ဒီမှာ ကိုအင်အား၊ မင်းသားက ရှင်နဲ့ရွယ်တူလောက်ပဲ ရှိဦးမယ်၊ သူများသားသမီးတွေများ ဒီအရွယ်နဲ့ ငွေဘယ်လောက် ရှာနိုင်ပြီလဲ! ရှင် အားမကျဘူးလား"

"အားကျလို့ မင်းသားလုပ်မလား စိတ်ကူးနေတာ၊ ဒါပေမယ့် ကျွန်တော်က မိန်းကလေးတွေကို စ,မဖက်ရဲဘူးဗျ"

"အမလေး၊ ကြီးကျယ်လို့"

"မဂ္ဂဇင်းအတွက်တောင် ခင်ဗျားနဲ့ကျွန်တော့်ကို ဂါဘာ ရိုက်ချင်တယ်ပြောသားပဲ၊ ကျွန်တော်ကိုက မဖက်ရဲလို့၊ အဲ ခင်ဗျား စဖက်မယ်ဆိုရင်တော့ ရိုက်မယ်လေ"

"အောင်မယ် အောင်မယ်၊ ရှင်ကလေ စကားပြော လိုက်ရင် အကျောကြီးနဲ့ သိပ်လူပါးဝတာပဲ၊ ကဲ"

ပြောရင်းဆိုရင်း သူက လက်မောင်းကို လိမ်ဆွဲတယ်။

"အား လား လား၊ ကျွန်တော်က စကားပဲဝတာပါဗျ"

မိန်းကလေးတွေများဗျာ၊ သူတို့ကျ ယောကျာ်းလေးတွေကို ထိချင်တဲ့နေရာထိ၊ ဆွဲချင်တဲ့နေရာဆွဲတာ။ သူတို့ကိုများ



www.burmeseclassic.com

www.burmeseclassic.com



အဲသလို တို့ထိဆိတ်ကြည့်ပါလား! ဟင်း။

"ဒီမှာ အမိ"

"ဘာလဲ"

"ခင်ဗျား လူတစ်ယောက်ကို အပေါ်ယံကြည့်ပြီး ဘယ်တော့မှ မဆုံးဖြတ်နဲ့ဗျ"

"ဘာဖြစ်လဲ"

"မှားမယ်၊ အမြင်မှာ စုတ်ပေမယ့် ရွှေထုတ်တဲ့ မြပဝါဆိုတာ မကြားဖူးဘူးလား"

"ကြားဖူးသားပဲ"

"ဒါများဗျာ"

"အဲ့ဒါတွေက ရာဇဝင်ထဲမှာ ကျန်ခဲ့ပြီ"

"အကြွင်းအကျန်လောက်တော့ ရှိနိုင်ပါသေးတယ်"

"အင်းလေ၊ တွေ့ရင်ပြောပါ့မယ်"

အဲဗျ။ တော်တော်မလွယ်တဲ့ဟာမလေးပဲ။ သူ့ဦးနှောက်က ဂဏန်းပေါင်းစက်လို တွက်ချက်နေတာပဲလား။

"ကျွန်မတို့ မဂ္ဂဇင်းက သုံးအုပ်မြောက်ပဲရှိသေးပေမယ့် သင့်ရုံတော့ အောင်မြင်ပြီ"

"အင်း လူငယ်ကြိုက်ကဏ္ဍတွေ စုံတာကိုး၊ နောက်ခံငွေ အင်အားကလည်း တောင့်တင်းတော့ ရှယ်ပဲပေါ့"

"ကျွန်မတောင် ဝတ္ထုတိုလေးတစ်ပုဒ် စမ်းရေးနေတယ်"

"စာပေလောကကြီးကို မဖျက်ဆီးချင်ပါနဲ့ဗျာ"

"ရှင်နော်"

"ဒါပေမယ့် ဒီလိုလုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ"

"ကိုယ်တွေ့ရင်တွင်းဖြစ်ခံစားချက်လို့လေ"

"အင်း"

"ကျွန်မလို ငွေမက်ပြီး ငွေမျက်နှာတစ်ခုထဲကြည့်ဆုံးဖြတ်ရင် မှဆိုးဖိုနဲ့ညားတတ်တယ်ဆိုတာမျိုး"

"အကောင်းမှတ်လို့ နားထောင်နေတာ၊ ကဲ"

"အား လား လား၊ ကယ်တော်မူကြပါဗျို့"



www.burmeseclassic.com

www.burmeseclassic.com

[ ၁၈ ]

"ဟဲ့ မိဦးယဉ်၊ ကြည့်လည်းလုပ်ဦးနော် ပြောတုန်းကတော့ မိုးလားကဲလားနဲ့၊ ခုတော့ ပမွှားလေးနဲ့ တပွေးတွဲတွဲပါလား"

"ဘာဖြစ်လဲ၊ ပမွှားလေးလည်း ပမွှားကြီး ဖြစ်လာနိုင်တာပဲ"

"အံမယ် အံမယ်၊ ကြည့်စမ်း၊ လေသံပါပြောင်းသွားပြီကိုး၊ ဘယ်လိုဖြစ်သွားတာလဲ"

"ဒီလိုပဲလေ၊ ဒါတွေပြောပြလည်း နင် နားလည်မှာ မဟုတ်ပါဘူး မိဝိုင်းရယ်"

"ဟယ်"

တေးဦးယဉ်နဲ့ဝိုင်းက ခေါင်းချင်းဆိုင်ပြီး တွတ်ထိုးနေကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်တော်ဝင်လာတာ မြင်တော့ မျက်နှာပိုးသတ်လိုက်ကြတယ်။ (မျက်နှာပိုးကို သတ်လို့ရပေမယ့် အချစ်ပိုးကိုတော့ သတ်လို့ မရဘူးဆိုတာ သူတို့မသိကြဘူး။)

"ကျော်လင်း ဘယ်သွားတာတဲ့လဲ"

"သူ့မွေးနဲ့ပါသွားတယ်"

"ဩော် ကျွန်တော်က သူ့ကို အဖော်ခေါ်မလားလို့"

"ဘယ်လဲ"

"စာမူသွားယူမလို့ ဆရာအကြည်တော်ဆီ၊ မဂ္ဂဇင်းအတွက် စာမူတောင်းထားတယ်"

"ဟယ် ဟုတ်လား၊ မိုက်တယ်"

"ကျွန်တော့်ဖာသာပဲ သွားလိုက်တော့မယ်"

"ရှင် ထမင်းစားပြီးပြီလား"

"မစားရသေးဘူး၊ ဗိုက်ဆာရင် ကြုံတဲ့နေရာမှာ ဝင်စားလိုက်မယ်"

"ကြုံရာ ဝင်စားတဲ့အကျင့်ကြီးကို ဖျောက်စမ်းပါရှင်၊ သူများတွေလို အိမ်ကနေ ချိုင့်နဲ့ထည့်ခဲ့ပေါ့"

တွေ့လားဗျ။ ရည်းစားစကားတော့ အပြောမခံချင်ဘူး၊ ကန့်သတ်ချုပ်ချယ်ဩဇာပေးဖို့တော့ တတ်တယ်။

"ထမင်းဘူး ကိုင်ရမှာ ပျင်းတယ်၊ ကြုံရာဝင်မစားစေချင်ရင် ခင်ဗျားထည့်ခဲ့"

ဟုတ်တယ်လေ။ သူတောင် ဆရာလုပ်သေးတာ ကျွန်တော်လည်း ဒီလောက်တော့ ပြောရမှာပဲ။

"ပြီးရော၊ နောက်နေ့က စပြီး ထည့်ခဲ့မယ်၊ အပြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



စားနဲ့ ရတဲ့လခနဲ့မကာမိဘူး၊ ဟွန်း"

အဆန်းသားပဲ။ ကျွန်တော်က မျက်စောင်းထိုးငြင်းဆန် ခယ်မှတ်လို့ အလကားစလိုက်တာ။

ကံဇာတာကတော့ တက်လာပြီ။

ဒီအခြေအနေလေးကို အသာမှိန်းလိုက်မှ။

အဲ့ဒီနေ့က စာမူမရခဲ့ပါဘူး။ နောက်နေ့ ထပ်ချိန်းတယ်၊ စာမူပြီးမပြီး ဖုန်းအရင်ဆက်မေးခိုင်းတယ်။ အင်းလေ အရေး ကြီးသေးပါဘူး။ နောက်လအတွက်ပဲဟာ။

"ဟော့ကောင် အင်အား"

ကျော်လင်းက မျက်လုံးပြူးမျက်ဆံပြူးနဲ့ဝင်လာရင်း အော် ခေါ်တယ်။

"ဘာလဲကွ"

"ငါ ထမင်းမစားရသေးဘူး၊ မင်းကို စောင့်နေတာ"

"အေးဒီနေ့တော့ ရှိပစေ၊ နောက်နေ့ကျ အိမ်ပြန်ရင် လည်း မစောင့်နဲ့၊ ထမင်းစားလည်း မစောင့်နဲ့ ကြိုပြောထား တယ်နော်"

"အောင်မာ၊ လေသံက မာလှပါလား"

"အေးကွာ မာမာပဲ၊ မင်းလည်း ငါ့လို မာနိုင်အောင် ကြိုးစား"

"ဆိုစမ်းပါဦး၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"ဘယ်လိုမှ မလုပ်ဘူး၊ ဘယ်လိုမှ မလုပ်လို့ အဆင်ပြေနေ တာ"

"အေး၊ ဒါလည်း ဗျူဟာတစ်မျိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျော်လင်းက ခေါင်းတညိတ်ညိတ်နဲ့ ထွက်သွားတယ်။

နောက်နေ့ကစပြီး ကျွန်တော် သူ ယူလာတဲ့ထမင်းချိုင့်နဲ့ကြီးပွားနေတာပေါ့။ ထမင်းစားရင်း တစ်စုံတစ်ခုကို သတိရလို့ ဖြုန်းဆို ထလိုက်မိတယ်။ ပြီးတော့ သူ့ရှိရာကိုပြေးသွားပြီး

"ဒီမှာ အမိ"

"ဘာဖြစ်လာတာလဲ'"

"ခင်ဗျားယူလာတဲ့ထမင်းက စားလို့ကောင်းပါတယ်၊ ဒါပေမယ့်"

"ဘာလဲ"

"ကျွန်တော် ဆက်စားလို့ မဖြစ်ဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"တစ်လုတ်စားဖူး သူ့ကျေးဇူးတဲ့၊ ခင်ဗျားကျွေးတဲ့ထမင်းစားပြီး ကျေးဇူးရှင်ဖြစ်သွားရင် ကျွန်တော် ပြောချင်တာတွေ ပြောမရဘဲ နေလိမ့်မယ်"

"ဟော့ တော်"

"ကျေးဇူးရှင်ကို ကျေးဇူးစွပ်တယ်ဆိုတာမျိုးတော့ အပြောမခံနိုင်ဘူးဗျ"

"နေ နေပါဦး၊ ရှင်က ဘာတွေပြောမှာမို့လဲ"

"ဟာဗျာ၊ ခင်ဗျားကလဲ၊ အဲ့ဒါ အခုပြောလို့ မဖြစ်သေးဘူးဗျ"

သူ တော်တော်အခက်တွေ့သွားတယ်။ အတင်းမေးလို့ကလည်းမကောင်း။ သူ့မျက်နှာလေးဟာ ဇဝေဇဝါနဲ့ ဘာလုပ်ရမှန်း ဝေခွဲမရဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဆုံးဖြတ်ချက်ချပြီးပုံနဲ့

"ကဲပါ၊ ထမင်းကို စားမှာသာစား၊ ရှင် ကျွန်မကျေးဇူး အတင်မခံချင်ဘူးဆိုလည်း ဆိုင်မှာပေးတဲ့ပိုက်ဆံရဲ့တစ်ဝက်ကို ပေး၊ ဟုတ်ပြီလား"

"အင်း ဒါဆို ပြောလို့ရနိုင်တယ်၊ မထူးပါဘူးဗျာ တစ်နေ့ နေ့ပြောမယ့်အတူတူ လာမယ့်ဘေးပြေးတွေ့၊ အခုပဲ ပြောလိုက် တော့မယ်"

"ဟယ်"

"ကျွန်တော်လေ ခင်ဗျားကို သိပ်ချစ်နေမိတယ်"

"ဟော့ တော်"

ဟုတ်တယ်။ ပြောမယ်လို့ စိတ်ကူးကြံစည်လိုက်တိုင်း ရင်တွေက မတရားခုန်လာရော။ ယောကျ်ားတွေ ဒူးတုန်အကြောက် ရဆုံးက ရည်းစားစကားပြောခြင်းပဲဗျ။

ခုတော့ အေးရော။

ဘာမှ ကြိုတင်ကြံစည်တွေးတောမထားဘဲ ပြောချလိုက် တာ။ ပြီးတော့လည်း ပြီးတာပါပဲ။

ပြောပြီး ကျွန်တော် သူ့ရှေ့ကနေ အမြန်ဆုံး လစ်ထွက် လာခဲ့တယ်။ စားပွဲပြန်ရောက်တော့ တစ်ကိုယ်လုံး ကတုန်ကယင်နဲ့ ထမင်းလည်း ဆက်စားလို့မဝင်တော့ဘူး။

"ဟော့ကောင် အင်အား၊ မစားတော့ဘူးလား"

"အေး"

"ပြီးရော ငါစားလိုက်တော့မယ်၊ ဒါနဲ့ နေပါဦး မင်းက ဘယ်ထသွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကျော်လင်းအမေးကို မဖြေနိုင်ဘူး။ စားပွဲခုံမှာ ထိုင်ရင်း ခုန်နေတဲ့ ရင်ကိုဖိ၊ မျက်စိမှိတ်ပြီး ငြိမ်နေလိုက်တယ်။

"ရောဂါက ဆေးမမှီတော့ဘူး"

ဆေးမှီလည်း မသောက်ချင်ပါဘူး။ ဒီဝေဒနာလေးက စွဲမက်ဖို့ကောင်းတယ်ဗျ။

ဒါပေမယ့်

ဒီမိန်းမတစ်ယောက်ကို ချစ်မိလိုက်တဲ့အတွက် ကျွန်တော်က ကျရှုံးသူပဲ။ အဲ့ဒီအရှုံးထဲကမှ သူ့အချစ်ကို ရခဲ့ရင်တော့ အရှုံးထဲက အမြတ်ပေါ့။

"ဟော့ကောင် ကျော်လင်း၊ ငါ့ကို စောင့်ဦးကွ၊ ငါ မင်းနဲ့ အတူပြန်မယ်"

ရုံးဆင်းတော့ ကျွန်တော် ကျော်လင်းနောက်ကို ပြေးလိုက်တယ်။

ရည်းစားစကားပြောပြီး ကြောက်လို့ထွက်ပြေးတဲ့ ယောကျ်ားမျိုးတွေထဲမှာ ကျွန်တော်လည်းပါတယ်။

ကျွန်တော် သူ့ကို လောလောဆယ် ရင်မဆိုင်ရဲဘူးဗျ၊ ဩော် အချစ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၉ ]

"ဖြန်း ဖြန်း ဖြန်း"

ဘတ်စ်ကားမှတ်တိုင်မှာ ကားစောင့်နေတုန်း အနောက်ကနေ ကျောပြင်ကို တဖြန်းဖြန်းရိုက်တာ ခံလိုက်ရတယ်။

အလန့်တကြား လှည့်ကြည့်မိတော့ တေးဦးယဉ်။

"ရော့ ထမင်းချိုင့်တွေ ကူဆွဲ၊ မုန်းစရာကောင်းလိုက်တာ၊ တကယ်ပဲ ဟွန်း"

"ဟော့ ဗျာ"

သူက ကျွန်တော်နဲ့အတူ ဘတ်စ်ကား လိုက်စီးတော့မယ်ပေါ့။ ကျွန်တော် သူ့ကို ပုန်းနေတာ သုံးလေးရက် ရှိနေပြီ။ သူ့ခမျာမှာတော့ စားစေချင်တဲ့စေတနာနဲ့ ထမင်းချိုင့်ကို



www.burmeseclassic.com

www.burmeseclassic.com



အပင်ပန်းခံဆွဲလာရှာတယ်။ လခစားဝန်ထမ်းမှန်းသိနေရဲ့နဲ့ ကျွန်တော့်ဘဝထဲကို တိုးဝင် လာတော့မှာတဲ့လား။

"တေးဦးယဉ်"

"ဟင်"

"ကျွန်တော်ဆိုတဲ့ကောင်က လက်ဆော့ ခြေဆော့ ပါးစပ်ဆော့တတ်တဲ့သူမျိုးမဟုတ်ဘူး၊ ကိုယ့်ရင်ထဲမှာ တကယ်မရှိဘဲနဲ့ ဘယ်လိုမိန်းမမျိုးကိုမှ လက်တဲ့မစမ်းဘူး၊ အဲ့ဒါကို ယုံ"

"သိပါတယ် ကိုကြီးကျယ်ရယ်၊ မဟုတ်ရင် ကျွန်မက ရှင့်နားတိုးလာပါ့မလား"

"ချစ်လို့ တိုးလာတာပေါ့နော်"

"ဒါပေါ့၊ ဟယ်"

ကျွန်တော်က အငိုက်ဖမ်းမေးတာကို သူက ယောင်ပြီး ထွက်သွားတာ။

"ပြောပြီးသွားပြီနော်၊ ဒါပဲ"

"အယ်"

ကျွန်တော် သူ့လက်ကို ပိုင်ပိုင်ဆွဲလို့ ထွက်လာခဲ့ပါတယ်။ သူ့ခမျာ ကျွန်တော့်ကို ချစ်ရမှာ မဝံ့ရဲဘူးဖြစ်နေတယ်။

အင်းလေ။ ရွှေဘုံစံမင်းသမီးတစ်ပါးအနေနဲ့ အညတရ လူတစ်ယောက်ကို ရွေးလက်တွဲဖို့ဆိုတာ ခက်ခဲမှာပဲ။ ဒါ ကျွန်တော် နားလည်တယ်။

ကျွန်တော်လိုချင်တာက သူ ကျွန်တော့်ကို ဘယ်လိုအခြေ အနေမျိုးနဲ့ပဲဖြစ်ဖြစ် ချစ်တယ်ဆိုတဲ့အဖြေပါပဲ။

ခက်တာက



www.burmeseclassic.com

www.burmeseclassic.com



သူ့ဦးနှောက်က စံထားသတ်မှတ်ထားတဲ့သူဟာ ဒီလို အခြေအနေမျိုးမဟုတ်ဘူး။ ဒါပေမယ့် နှလုံးသားကတော့ လက်ခံလိုက်တယ်။

ဟိုးအရင် ကျွန်တော်ပြောခဲ့ဖူးသလိုပေါ့။ နှလုံးသားနဲ့ ဦးနှောက် စစ်ဖြစ်ကြတဲ့အခါမှာ နှလုံးသားကသာ အနိုင်ရလေ့ရှိတယ်ဆိုတာလေ။

ခု လောလောဆယ်တော့ သူဟာ နှလုံးသားကို အနိုင်ပေးထားတယ်။ သူ ကျွန်တော့်ကို ဥပေက္ခာမပြုနိုင်ဘူး။

ဘာပဲဖြစ်ဖြစ် မျက်စိမှိတ် ဇွတ်ချစ်တော့မယ်ဆိုတဲ့ သဘောပဲ။

မဟုတ်တာ လုပ်ထားတဲ့လူလို သူက ရုံးထဲဝင်တော့ တွန့်ဆုတ်နေသေးတယ်။ ဒါကို ကျွန်တော်က

"ဒီမှာ အမိ၊ လူပျိုနဲ့အပျိုချစ်တာ ဘာမှမဆန်းဘူး၊ ရှက်စရာလည်းမလိုဘူး၊ အားလုံး ဒီလိုပဲ"

အားပေးရတာပေါ့။

"ရှင်ကလည်း မမတို့သိရင် အိမ်က သိမှာပေါ့၊ အိမ်က သိရင် အသတ်ခံရလိမ့်မယ်၊ ရှင်ရော ကျွန်မပါ ပြေးပေါက်ပိတ်သွားမယ်"

"မပိတ်ပါဘူး၊ ပြေးလို့ရပါတယ်"

"ဟွန်း၊ စကားကို လွယ်လွယ်မပြောနဲ့ ကျွန်မလေ ရှင့်ကို ဘယ်လိုချစ်မိသွားတာလဲ! ဒုက္ခပါပဲ"

"ချစ်တာကို ဒုက္ခလို့မြင်သလား အချစ်ရယ်။ ဒါဆို တော်တော်ဝမ်းနည်းစရာကောင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ၊ အထအနတွေ ကောက်မနေပါနဲ့၊ ဖြစ်သမျှ အကြောင်း အကောင်းကြီးပဲပေါ့"

"ဒီလိုပဲဖြစ်ရမှာပေါ့၊ ဒီမှာ ဦးယဉ်"

"ဟင်"

"ကိုယ့်ကို ယုံကြည်စိတ်ချပြီး ရဲရဲသာချစ်လိုက်ပါကွာ"

"အံမယ် လူလည်"

ဟုတ်ကဲ့။ လည်ပါတယ်။ ဒါကြောင့်လည်း အချိန်တိုတို အတွင်းမှာ ကျွန်တော်တို့နှစ်ယောက် သိပ်ချစ်တဲ့ချစ်သူတွေဖြစ် သွားခဲ့ကြပါတယ်။

မြန်လိုက်တာ၊ ဟုတ်လား။

မြန်ဆို ထူးမြတ်ကြယ်က ကျွန်တော့်ကို စာရှည်မှာ စိုးလို့တဲ့။ အမြန်ချစ်ခိုင်းလိုက်တာ။

ကျွန်တော်တို့နှစ်ယောက် ချစ်သူတွေဖြစ်သွားကြပြီဆိုတော့ လည်း ပျော်တာပေါ့။

ကျွန်တော်တို့လည်း တခြားစုံတွဲတွေလိုပဲ စက္ကန့်မလပ် တွေ့ရဖို့ အကွက်ချောင်းနေကြတာ။

"ဦးယဉ်"

"ဟင်"

"ဒီတစ်ပတ် ရုံးပိတ်ရက်ကျရင် ဘယ်သွားကြမလဲ"

"ဘယ်မှမသွားဘူး"

"ဟာ! ဒါဆို ဘာလုပ်မှာလဲ'"

"အိမ်မှာပဲနေလေ၊ ရှင် အင်္ဂလိပ်စာကျက်ပေါ့၊ ပြီးရင် နိုင်ငံခြား ထွက်သင့်ထွက်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြား! ဘာသွားလုပ်ရမှာလဲ"

"ဟယ် ပိုက်ဆံရှာရမှာပေါ့"

"ပိုက်ဆံက ဒီမှာရှာလည်း ရတာပဲ"

"ဟယ် ရှင်ကလေ၊ အမြင်မကျယ်လိုက်တာ၊ ဒီမှာ ကိုအင်အားရဲ့"

"ပြော"

"ရှင် ကျွန်မကို အပျော်ချစ်တာလား၊ ဘဝလက်တွဲဖော် အဖြစ် ရည်ရွယ်လား"

"ဟာ! ခုရ ခုတောင် ယူလိုက်ချင်သေး"

"ရှင်နော်"

"အကောင်းပြောတာ"

"အဲ့ဒါဆိုလည်း တင့်တောင်း တင့်တယ်ထားဖို့ စိတ်ကူး ပေါ့"

"စိတ်ကူးတယ်လေ"

"ဟွန်း လည်ဖို့ချည်း စိတ်ကူးနေပြီးတော့များ"

"ဟာ! ကိုယ် ဦးယဉ်ကိုချစ်တာ တစ်ရက် မတွေ့ဘဲနဲ့ တော့ မနေနိုင်ပါဘူး"

"ရုံးမှာ နေ့တိုင်းတွေ့နေရတာပဲ"

"ဩော် အချစ်ရယ်၊ နှစ်ယောက်ထဲတွေ့ရတာနဲ့မတူဘူး လေ"

"မတူလဲ တူတယ်သဘောထား"

"ဒါဆို ရုံးပိတ်ရက်မတွေ့ရရင် ဟို ည ညဘက်ရော"

"အိုး ညဘက်ကြီး ဘာလုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညဘက်ကျ မှောင်တယ်လေ"

"မှောင်တော့ ဘာဖြစ်လဲ၊ ဟင် ရှင်နော် ရှင် ကဲ"

"အား လား လား"

သူတို့မိန်းကလေးတွေကျ စကားပြောနေရင်း လက်ကတအားပါတာပဲ။

"ညဘက်မတွေ့ရဘူးဆိုလည်း မတွေ့ပါဘူးကွာ၊ ကိုယ့်ကိုနိုင်ငံခြားသွားခိုင်းဖို့တော့ စိတ်မကူးနဲ့၊ ကိုယ် ဦးယဉ်နဲ့ လုံးဝမခွဲနိုင်ဘူး၊ ဒါပဲ"

"ဟွန်း၊ ဒါဆိုလည်း ပြည်တွင်းသင်တန်းမှန်သမျှအကုန်တက်ရမယ်၊ ဦးယဉ်ရဲ့ချစ်သူ ဦးယဉ်လက်ထပ်မယ့်ခင်ပွန်းက ငွေကြေးမချမ်းသာရင်တောင် ကျန်တာအားလုံး သူများထက်သာရမယ်၊ ဟုတ်ပြီလား"

"အမိန့်တော်မြတ်အတိုင်းပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com

# ပစ်မသွားနှင့် အချစ်ကယ်

ခွင့်မပန်ဘဲ ပစ်မသွားနှင့်အချစ်ကယ်
တစ်ညလုံး ငုတ်တုတ်မို့ မောင့်မျက်စိဟာ
အိပ်ချင်မှုဖြင့် လေးလံနေပြီ။
တစ်မွေးမွေးစိုက် ခင့်ကိုဆုံးမှာ ကြောက်ပါတယ်။
ခွင့်မပန်ဘဲ ပစ်မသွားနှင့်အချစ်ကယ်။
မောင်ပြန်နိုးတော့ ခင့်ကိုလက်ဖြင့် စမ်းတယ်။
အိပ်မက်နေလားလို့ ထင်မှားမိတယ်။
ခင့်ခြေအစုံကို မောင့်နှလုံးနှင့်ရစ်ပတ်ကာ
မောင့်ရင်ခွင်မှာ ပိုက်ထားနိုင်စမ်းချင်တယ်။
ခွင့်မပန်ဘဲ ပစ်မသွားနှင့်အချစ်ကယ်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

[ ၂၀ ]

'တဂိုး၏စာ'ဆိုတဲ့ စာပေလောက ဘာသာပြန်စာအုပ်ထဲက ဆရာမောင်ဖြူးဘာသာပြန်ထားတဲ့ အဲ့ဒီကဗျာလေးကို အခုတလော ကျွန်တော် အာတွေ့နေမိတာတော့ အမှန်ပဲ။

တွေ့မှာပေါ့။ ချစ်သူ ရှိလာပြီကိုး။ အရင်က ဖတ်ခဲ့တာ စာဖတ်ချင်လို့ဖတ်ခဲ့တာ။ အခုက ခံစားချက်နဲ့ဖတ်တာ။

လောကကြီးမှာ ဘယ်အရာမှ ပုံသေမရှိဘူး။ အဆံချောင်နေတဲ့မိသားစုက ဘဝင်မြင့်နေတဲ့ ကျွန်တော် ကြည့်မရဘူးဆိုတဲ့ မိန်းကလေးဟာ ကျွန်တော့်အချစ်ဆုံးချစ်သူဖြစ်လာခဲ့တယ်။

လောကမှာ ငွေသာအရေးအကြီးဆုံး၊ ငွေမရှိရင် အထင်ကို မကြီးဘူးဆိုသူကလည်း ကျွန်တော့်လိုလူကို အချစ်ကြီး ချစ်နေပြန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်။

ကျွန်တော်နဲ့ တေးဦးယဥ် တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ကြတယ်။

ဒါပေမယ့်

ပြဿနာက အနည်းငယ်ရှိနေတယ်။

အဲ့ဒါ ဘာလဲ?။

ဂုဏ်ရည်မတူတဲ့ လူတန်းစားအလွှာနှစ်ခု၊ ဘယ်တော့မှ မရိုးနိုင်တဲ့ ဒီလိုဇာတ်လမ်းမျိုးတွေက ခေတ်အဆက်ဆက်ရှိနေဦး မှာပဲ။

"မင်း ဒီလိုလုပ်နေလို့ကတော့ မင်းနဲ့ တေးဦးယဥ်ရဲ့ ရှေ့ရေးကို အဟန့်အတားဖြစ်လိမ့်မယ် အင်အား"

ကျော်လင်းက ကျွန်တော့်ကို အကြိမ်ကြိမ်အခါခါ သတိ ပေးပါတယ်။ ဒါပေမယ့် ကျွန်တော် ခေါင်းမာနေခဲ့တယ်။ ကျွန်တော့်ချစ်သူဟာ ငွေထက် လူကိုချစ်တာပဲ လို့ချင်ပါတယ်။

*ဒီအတွက် နှလုံးသားနဲ့ရင်းပြီး ကျွန်တော် မှန့်စား* နေခဲ့မိတာပါ။

"အေးကွ၊ ငါ့ပထွေးစည်းစိမ်နဲ့ ကုမ္ပဏီထောင်မယ်ဆို ဟိုးအရင်ထဲက ထောင်နိုင်တယ်၊ ဒါပေမယ့် ငါ့မှာ ဘာအတွေ့ အကြုံ ဘာအရည်အချင်းမှမရှိသေးဘဲ သူ့ငွေတွေ ယူမသုံးချင်ဘူး၊ ပိုင်လို့လုပ်ပြီဆိုရင်တောင် အလကားမသုံးဘူး၊ ချေးမှာ"

"အေးပါ အေးပါ၊ လုပ်နေ ဟိုဘက်က အချိန်မတန်ခင် သိသွားလို့ ဖမ်းသိမ်းသွားမှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

စေတနာနဲ့ပြောတာ မှန်ပေမယ့် နားထောင်စရာမလိုဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်လို့ ကျွန်တော် နားမထောင်ဘူး။

ငါအသိ၊ ငါအတတ်၊ ငါနားလည်တယ်ဆိုပြီး ငါတကော ကောနေခဲ့တယ်။

ပြီးတော့

ကျွန်တော်တို့နှစ်ယောက်စလုံးက ကိုယ့်ဖာသာ ပိပိရိရိ နေနိုင်လှပြီထင်တာ။

တကယ်တမ်းကျ ချစ်စ ခင်စ ကြင်နာစ ချစ်ဦးသူတွေ မဟုတ်လား။ ဒီတော့ တစ်ယောက်နဲ့တစ်ယောက် စားတာသောက်တာ၊ သွားတာလာတာ၊ လုပ်တာကိုင်တာ အသေးစိတ်အကစ ဂရုစိုက်အကဲပါနေကြတာ။

အဲ့ဒါ ပတ်ဝန်းကျင်ရော၊ သူ့မွေးမိဘတွေးစုရော မရိပ်မိဘဲ နေမတဲ့လား။ ဒီတော့ သိကုန်ကြတာပေါ့။

စပြီ စပြီ။ ပြဿနာက အစပျိုးလာပြီ။ ချစ်သက်တမ်းက ဘယ်လောက်မှ မကြာသေးဘူး။ အခက်အခဲတွေ ပေါ်လာပြီ။

ဒီနေ့

တေးဦးယဉ် ရုံးမလာပါဘူး။ ဘာကြောင့်မလာတာလဲ? အဲ့ဒါတော့ ကျွန်တော်လည်း မသိဘူး။ ကျွန်တော့်ဆီ ဖုန်းလေး တစ်ချက်လှမ်းဆက်တာမှ မဟုတ်တာ။

“တစ်ရက်တစ်လေလေး မတွေ့ရတာ ဘယ်လိုဖြစ်နေတာ လဲကွ၊ အိမ်မြှောင်အမြီးပြတ်ခေါ်မလား၊ မျောက်မီးခဲကိုင်မိတယ် ဆိုရမလား”

ကျွန်တော် ယောက်ယက်ခတ်နေတာကိုကြည့်ပြီး ကျော် လင်းက ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်းကိုလည်းမတွေ့ဘူး ကျော်လင်း"

"နယ်ဆင်းသွားတာကွ"

"ရည်းစားကြီးငုတ်တုတ်ရှိနေတဲ့ဟာ ရုံးမလာဘူးဆိုလည်း ဖုန်းလေးတစ်ချက်လှမ်းဆက်တော့ ဘာဖြစ်မှာမို့လဲ'"

"မထနိုင်အောင် နေထိုင်မကောင်းတာမျိုးဖြစ်တာဆိုရင် ပေါ့ဗျာ အင်အားရ"

"အေး အဲ့ဒါ စိတ်ပူစရာပဲ၊ မိဖြိုးကို ဖုန်းဆက်မေးခိုင်းရကောင်းမလား"

"သိပ်အိုဗာတွေ ဖြစ်မနေစမ်းပါနဲ့ အင်အားရာ၊ တစ်ရက်တလေစောင့်ကြည့်လိုက်"

ကျွန်တော် ဘာမှ ပြန်မပြောဘဲ ညနေကျမှ သူ့အိမ်လမ်းထဲ ပတ်ကြည့်တော့မယ်လို့ စိတ်ထဲတေးထားလိုက်တယ်။

တကယ်တမ်း သွားပတ်တော့လည်း အချည်းနှီးပါပဲ။ ရဲတိုက်လိုအိမ်ကြီးရဲ့ အုတ်တံတိုင်းတွေကိုသာ မြင်ခဲ့ရတယ်။

ဒါနဲ့ ကိုယ့်စိတ်ကိုယ်လျှော့ပြီး တစ်ရက်တလေ အောင့်အီးသည်းခံနေလိုက်တယ်။

နောက်တစ်နေ့မနက် ဘတ်စ်ကားဂိတ်မှာ ရုံးချိန်ကျော်တဲ့အထိ စောင့်ပေမယ့် တေးဦးယဉ် ရောက်မလာခဲ့ဘူး။ ရုံးရောက်ရောက်ချင်း အပြေးအလွှားရှာပေမယ့် အလကားပဲ။

"တေးဦးယဉ်ရောက်နေပြီလား ကျော်လင်း"

ကျွန်တော် ကျော်လင်းကို အမောတကောမေးမိတယ်။

"တေးဦးယဉ်တော့မရောက်သေးဘူး၊ သူ့မွှေးတော့ ရောက်နေပြီ၊ မင်းကို မေးနေတယ် အင်အား၊ သွားတွေ့လိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပါလိမ့်"

"ဘာရမှာလဲ! တေးဦးယဉ် ရုံးမလာဘူး၊ သူဌေးက မင်းကိုခေါ်တယ်၊ အဖြေက ရှင်းနေတာပဲ"

"သူ့သမီးကြိုက်တာမှ မဟုတ်တာ"

"သူဌေးနဲ့ တေးဦးယဉ်မိဘတွေက ငယ်သူငယ်ချင်းတွေလေ"

"အေးကွာ၊ လာမယ့်ဘေးပြေးတွေ့လိုက်ရုံပေါ့"

ဟုတ်တယ်။ တခြားနည်းလမ်း ရှိလို့လား။ သူ့များသား သမီး သွားချစ်မှတော့ ဒီလောက်တော့ရှိမှာပေါ့။ ကျွန်တော် သူဌေးအခန်းကို ထွက်လာခဲ့လိုက်တယ်။

"ကျွန်တော် ရောက်ပါပြီခင်ဗျာ"

"အေး၊ ထိုင်ဦးကွ မောင်အင်အား၊ အန်ကယ်လ် မင်းကို ပြောစရာရှိတယ်"

"ဟုတ်ကဲ့ အန်ကယ်လ်"

အန်ကယ်လ်က ဖတ်လက်စ ဖိုင်တွဲတွေကို လက်စသတ် တယ်။ ပြီးမှ ကုလားထိုင်နောက်မှီကို ကျောမှီလိုက်ရင်း မျက်လုံး မှေးမှေးလေးနဲ့ ကျွန်တော့်ကို စူးစိုက်ကြည့်တယ်။

"မောင်အင်အား အလုပ်ကြိုးစားတာ၊ အလုပ်ကို စိတ်ဝင် စားတာတွေ အန်ကယ်လ်သဘောကျတယ်ကွ"

"ဟုတ်"

"မဂ္ဂဇင်းလည်း မင်းတို့လူငယ်တွေ အစွမ်းရှိလို့ ကြိုးစားလို့ အမြင်ကျယ်လို့ အောင်မြင်တာပဲ"

"ဟုတ်ကဲ့ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ခက်နေတာက"

"ဟုတ်ကဲ့၊ ပြောပါ အန်ကယ်လ်"

"မင်းတို့လူငယ်ချင်းကိစ္စပဲ၊ လုပ်ငန်းနဲ့တော့မဆိုင်ဘူး"

ကျွန်တော် တိတ်တဆိတ်ပဲနေလိုက်တယ်။ တိတ်တဆိတ် မနေတာက အန်ကယ်လ်။ စကားကို သူကပဲဆက်ပြောတယ်။

"ဆိုပါဦး၊ မောင်အင်အားနဲ့တေးဦးယဉ်က လူငယ်ချင်း မေတ္တာမျှနေကြတယ်ဆို"

"ဟုတ်ပါတယ် ခင်ဗျာ"

ညာစရာအကြောင်းမရှိလို့ ကျွန်တော် မညာလိုက်ပါဘူး။ အန်ကယ့်လ်မျက်လုံးမှေးမှေးလေးက နည်းနည်းတော့ ကျယ်သွားရာတယ်။

"အေးကွာ၊ ခက်တာက တေးဦးယဉ်က အန်ကယ့်လ် သူငယ်ချင်းသမီးဆိုတော့ အန်ကယ့်လ်မှာလည်း တာဝန်ရှိနေတယ်"

"ကျွန်တော် အလုပ်ထွက်ပေးဖို့ လိုသလား အန်ကယ်လ်"

"ဟာ ဒီလိုမဟုတ်ဘူး အောင်အင်အားရဲ့၊ အန်ကယ့်လ် မိတ်ဆွေကလည်း သူ့သမီးကို ဒီမှာ မထားတော့ပါဘူး၊ အန်ကယ်လ်က သေချာသိချင်လို့သာ မေးကြည့်တာ"

ဩော် အကြောင်းရင်းက ဒီလိုကိုး။ ကျွန်တော်တို့ နှစ်ယောက်ကို ခွဲပြီပေါ့။ ဒါဆို ထင်ထားတာထက်တောင် စောနေသေးတာပဲ။

"အဲ့ဒီတော့ မင်းက ကောင်မလေးကို တကယ်မေတ္တာရှိတာလား မောင်အင်အား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

ဒါ ဖြေရခက်တဲ့မေးခွန်းပဲ။ ပါးစပ်ပါတိုင်းဖြေလို့ကောင်းတာ မဟုတ်ဘူး။

"မဟုတ်ရင်လည်း စောစောစီးစီးလက်လျှော့လိုက်ပေါ့ငါ့တူရာ၊ အန်ကယ့်လ်သူငယ်ချင်းမိသားစုအကြောင်း အန်ကယ်လ် အသိဆုံးပဲ၊ ဒီအခြေအနေနဲ့တော့ မင်းအတွက် မလွယ်ဘူး"

မျှော်လင့်ထားပြီးသားပါ။ ဒီကိစ္စမျိုးက ယတြာခြေရုံနဲ့လည်း မရနိုင်ပါဘူး။

အဓိကက ကျွန်တော့်ချစ်သူ ကျွန်တော့်ဘက်မှာ ရှိနေဖို့ပါပဲ။

သြော် အချစ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

[ ၂၁ ]

"ဝိုင်း ဒီတစ်ခါပဲ ကူညီနိုင်မှာနော် ကိုအင်အား"

"အေးပါဟာ၊ ငါ နားလည်ပါတယ်"

"ဒီလိုတွေဖြစ်လာပြီဆိုတော့ ဦးယဉ်တို့တစ်အိမ်လုံး။ ။ ဝိုင်းကိုပါ တင်းကျပ်ထားတာ"

"အေးပါ၊ ဒီတစ်ခါပါပဲ"

ပထမဆုံးအကြိမ်နဲ့နောက်ဆုံးအကြိမ်အဖြစ် ဝိုင်းကို အကူအညီတောင်းခဲ့တယ်။

ဟုတ်တယ်။ ဒီအခွင့်အရေးက နှစ်ခါမရနိုင်ဘူး။ အပြင်ထွက်ခွင့်၊ ဖုန်းဆက်ခွင့်မရတဲ့ ချစ်သူဆီကို ဝိုင်းဆီက ဝင်လာစရာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းပဲရှိတော့တယ်။ ဒါကို သူ့အိမ်ကလည်း ဒီအတိုင်းပဲ တွက်မှာပဲ။

ဒီတော့ ဒီတစ်ခါ လွှဲချော်လို့မအောင်မြင်ရင် ကျွန်တော်တို့နှစ်ယောက် အပြီးတိုင်ဝေးကြမှာ သေချာတယ်။

"မင်း ဘာလုပ်မယ်စိတ်ကူးနေလဲ အင်အား"

"စိတ်ကူးနေတာကတော့ မိန်းမခိုးဖို့ပဲကွ"

"လာလာချေသေး"

မယုံလည်း မတတ်နိုင်ဘူး။ ကျော်လင်းဆိုတဲ့ကောင် သူ မေးလို့လည်း ဖြေရသေး။

ဘာပဲပြောပြော ဒီညနေဆိုရင် ကျွန်တော် ရေးပေးလိုက်တဲ့စာ တေးဦးယဉ်လက်ထဲ ချောချောမောမောရောက်တန်ကောင်းပါရဲ့။

ဝိုင်းခများလည်း ရုံးဆင်းတော့ တေးဦးယဉ်တို့အိမ် တန်းသွားလိုက်ပါတယ်။ သိတဲ့အတိုင်းပဲ။ တစ်အိမ်လုံး ဘယ်သူမှ အလစ်မပေးဘဲ မျက်စိဒေါက်ထောက်ကြည့်နေကြတာ။

"ဝိုင်းရေ၊ ခရီးထွက်နေတာဆို"

"ဟုတ်တယ် အန်တီ၊ အလုပ်ကိစ္စနဲ့သွားတာ၊ မနေ့ကမှ ပြန်ရောက်တယ်၊ အဲ့ဒါ ဦးယဉ် ရုံးမလာတာနဲ့"

"မပြောချင်ဘူး သမီးရေ၊ အရပ်ရပ်နေပြည်တော် ကြားလို့မှ မတော်"

မပြောချင်ဘူးဆိုတာ ပြောကိုပြောတော့မှာ သေချာနေပြီ။ ပြောလည်းပြောတာပါပဲ။

ဒီတော့ ဝိုင်းက "ဟင်" "ဟုတ်လား" "မဖြစ်နိုင်တာ"



www.burmeseclassic.com

www.burmeseclassic.com



စတဲ့ အာမေဋိတ်သံတွေ တွင်တွင်သုံးပြီး မအံ့သြဘဲ အံ့သြဟန်တွေ ပြရတော့တာပေါ့။

"သမီးလေးအငယ်ဆုံးမို့ အချစ်လွန် အလိုလိုက်ထားတာ မတော်တရော်တာနဲ့တော့ အပြစ်မခံနိုင်ဘူး ဝိုင်းရေ၊ မိန်းကလေး တစ်ယောက်အတွက် အိမ်ထောင်ရေးဟာ အရေးမကြီးဘူးလား"

"အရေးကြီးတာပေါ့ အန်တီရယ်"

"တော်သေးတယ်၊ အချိန်မှီလေး သိလိုက်လို့၊ ကောင်လေး နဲ့သူက ရုံးထဲမှာ တပူးတွဲတွဲတဲ့၊ ဝိုင်းက ခရီးထွက်နေရလို့ မရိပ်မိတာနေမှာ"

"အထင်မှားတာလည်း ဖြစ်နိုင်ပါတယ် အန်တီ၊ လုပ်ငန်း သဘော အတူတွဲနေရတာ၊ ဦးယဉ်စိတ်နဲ့တော်ရုံမတွဲလောက်ဘူး"

"အမလေး ဒါမျိုးက ဖြစ်မိရင် မိုးမမြင်လေမြင် ဖြစ်တတ် တာ၊ မီးဆိုတာမလောင်ခင်တားမှ ဟုတ်တယ်မဟုတ်လား"

"ဒါလည်း ဟုတ်ပါတယ် အန်တီ"

အဲ့ဒီလိုနဲ့ပဲ လူရိပ်လူခြေမပြတ်တော့ စာလေးတစ်စောင်ကို ပေးဖို့ခက်နေတယ်။

ထမင်းစားသောက်ပြီးလို့ ပြန်ခါနီးထိ အခွင့်အရေးမရ ဖြစ်နေခဲ့တာ။ နောက်ဆုံး Toilet ထဲ ဝင်ရင်း တေးဦးယဉ်ကို မျက်နှာရိပ်ပြလိုက်ရတယ်။

ဝိုင်း Toilet အထဲဝင်သွားတာနဲ့ တေးဦးယဉ်က

"ဟဲ့ ငါ ဝင်မလို့ပါဆို"

"နေဦး၊ ငါ ရှူးပေါက်ချင်လှပြီ"

တေးဦးယဉ်နဲ့ဝိုင်း အိမ်သာလုနေတာကိုအဒေါ်ဖြစ်သူက



www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ်ယောက် အိမ်သာ အဲ့ဒီတစ်လုံးပဲ ရှိသလား"

အိမ်သာထဲက ဝိုင်းပြန်ထွက်လာတော့ တေးဦးယဉ်က အတင်း တိုးဝင်တယ်။

ဝိုင်းက အံကျိတ်သံနဲ့

"ပိုက်ခေါင်းကြားမှာစာ"

"အေး"

ဒါပဲ။ .

ပြီးသွားပြီ။

အလစ်မပေးတဲ့လူကြီးတွေ ဘာတတ်နိုင်သေးလဲ။

"ဝိုင်းရေ၊ နင့်ဖာသာ ပြန်တော့၊ ငါ ဗိုက်နာလာလို့"

အိမ်သာထဲက လုံခြုံစိတ်ချရတယ်လေ။ အင်းအားရဲ့စာ ကို ဖတ်ရမှာပေါ့။

"ဖြစ်ရမယ်၊ အေးပါ အေးပါ၊ ငါ ပြန်ပြီ၊ နောက်နေ့မှ ပြန်လာခဲ့မယ်၊ နင် ရတ်ရတ်ရတ်ရတ်မလုပ်နဲ့နော် မိဦးယဉ်"

ခပ်တည်တည်နဲ့တောင် ဆုံးမသွားခဲ့သေးတယ်။ ဝိုင်း ပြန်တာနဲ့ လူကြီးတွေက စိတ်ချလက်ချ လူစုခွဲသွားကြရော။

တေးဦးယဉ် စာကို ဖိမ်ပြေနပြေဖွင့်ဖတ်နေလိုက်တာပေါ့။ ချစ်သူလက်ရေးကိုမြင်ရတာ ဒီလောက်ထိ ရင်ခုန်စရာကောင်းမှန်း ခုမှပဲသိတော့တယ်။

ဦးယဉ်

အဲ့ဒီတစ်လုံးပဲ ဖတ်ရသေးတယ်။ ချစ်သူကို လွမ်းစိတ်က ရင်ဝတက်ဆောင့်တယ်။

မျက်ရည်က အိခနဲဝိုင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးယဉ်

ဒီအတိုင်းပဲ လက်မြှောက်အရှုံးပေးပြီးနေရင်း ကိုယ်နဲ့ အဝေးခံတော့မလို့လား။ ကိုယ်တို့နှစ်ယောက်တွေ့ရဖို့ တစ်ခုခု မကြံစည် မကြိုးစားတော့ဘူးလား။

ဒီပုံအတိုင်းဆို ကိုယ်တို့ တကယ်ဝေးသွားကြလိမ့်မယ်။ ဒီတော့ ညနေ ငါးနာရီဝန်းကျင်နဲ့ မနက်ခြောက်နာရီဝန်းကျင် ကိုယ် ဦးယဉ်တို့ အိမ်ရှေ့နေ့စဉ်ဖြတ်လျှောက်နေမယ်၊ ဝင်းတံခါးကျော်ပြီး စာပစ်ပါ။ ကိုယ် လေချွန်သံပေးမယ်။

ဦးယဉ်ကလည်း ခြံထဲကနေ လူလစ်ရင် ဘိုမနာမည်ကို ခေါ်ပါ။ ကိုယ် စာပြန်ပစ်ပေးမယ်။ လောလောဆယ် ဒီလိုပဲ ဆက်သွယ်ရအောင်။

နောက်ပိုင်း ကျန်တဲ့ကိစ္စတွေ ဘာလုပ်ရမယ်ဆိုတာ ပြောမယ်။

ကိုယ့်အချစ် မျှော်လင့်ပါစေ။

ချစ်တယ် အချစ်ရယ်။

အင်အား

စာက ဒီလောက်ပါပဲ။ ဒါပေမယ့် တေးဦးယဉ် အသဲတွေ ကြွေပြီ။ အင်အားနဲ့အရမ်းကို တွေ့ချင်နေပြီ။

ဒီလိုနဲ့တစ်သက်လုံးသာဝေးရရင် သူ သေမလားပဲ။ ဟန် မဆောင်ချင်တော့ဘူး။ သူ အင်အားကို သိပ်ချစ်သွားခဲ့ပြီ။ အင်အားကိုလည်း မခွဲနိုင်တော့ဘူး။ ဆင်းရဲမှာလည်းကြောက်တယ်။ မိဘတွေ စိတ်ဆိုးမှာလည်းကြောက်တယ်။ အသိုင်းအဝိုင်းက ကဲ့ရဲ့ရှုတ်ချမှာလည်းစိုးတယ်။ ဒါပေမယ့်

အကြောက်တကာ့အကြောက်ဆုံးက ချစ်သူနဲ့ဝေးရမှာ ကိုပဲပေါ့။ ခု အင်အားကလွဲပြီး သူ့အတွက် ဘာမှ မလိုဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ အိမ်သာထဲမှာ အိပ်ပျော်နေပြီလား"

တံခါးရှေ့မှာ မေမေ့အော်သံပေါ်လာတယ်။ မလွယ်ပါဘူး။ အိမ်သာတက်တာတောင် ထိန်းချုပ်ချင်ကြတာ။

"ဗိုက်သာနာတာ ဒီမှာ မထွက်ဘူး မေမေရဲ့"

"ဝမ်းချုပ်နေလို့နေမှာပေါ့၊ ဝမ်းနုတ်ဆေးတိုက်မယ်"

ဘုရား ဘုရား။ ရည်းစားတစ်ယောက်ထားမိပါတယ်။ မလိုအပ်ဘဲ ဝမ်းနုတ်ဆေးတွေ သောက်ရဦးမယ့်ဘဝ။

အင်းလေ။ ကိုယ်က ချစ်မိပြီကိုး။ ဘာဖြစ်ဖြစ် ရင်ဆိုင်ရတော့မှာပဲ။ ခုတောင် အင်အားကို တွေ့ချင်လှပြီ။ အခုတော့ အချိန် မရှိတော့ဘူး။ မနက်ကျရင် ဘိုမနဲ့ခြံထဲဆင်းရင်း အင်အားနဲ့ ဆက်သွယ်ရမယ်။

အိမ်ခြံဝင်းအလုံပိတ်ထဲ ဘိုမနဲ့ဆင်းတာ ဘယ်သူမှ တားမြစ်ပိတ်ပင်မထားဘူး။ ဒီလိုနဲ့ လေးငါးခါမက ဆက်သွယ်နေတာ အဆင်တော့ အပြေသားပဲ။ သူက ခြံထဲကနေ ဘိုမ ဘိုမ ခေါ်တာနဲ့ ခြံပြင်က လေချွန်သံကြားရင် ရေးထားတဲ့စာလေးတွေ ပစ်ပေးလိုက်ကြရုံပဲ။

ဒါပေမယ့် အဲသလို ဘယ်နှစ်ရက်ကြီး လုပ်နေနိုင်မှာလဲ။ ပြီးတော့ အင်အားရဲ့ငါးကြိမ်မြောက်စာကို ဖတ်ရတဲ့အချိန်မှာ သူ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်မှရတော့မယ်ဆိုတာ သဘောပေါက်လိုက်တယ်။

ဦးယဉ်

ဒီရက်ပိုင်းအတွင်း ကြိုးစားပြီး အမြင်တို့ ရအောင်လွတ်ခဲ့ပါ။ ကိုယ် ဦးယဉ်နဲ့တွေ့ရမှာဖြစ်တော့ ယောင်ဝင်ခြားတွေ့ တဲ့လူတောင် မျှော်နေနိုင်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရသေးတယ်။ ခုတော့ ကိုယ့်ဘာဖြစ်ကြ ဘာလဲ။

ဦးယဉ်တို့ အိမ်ဝန်းကျင်တစ်ဝိုက်မှာ ကိုယ် နေ့တိုင်းရှိနေမယ်။ ရှောင်ထွက်ခဲ့ပါ။

ဘင်ဘား

ဒါဟာ ရာဇသံထက်တောင်ပြင်းထန်တဲ့ စာတစ်စောင်မှန်း တေးဦးယဉ်နှလုံးသားက ခံစားမိနေတယ်။ စိတ်ထဲမှာလည်း အင်အားကို သနားတယ်။ ဘယ်လိုလုပ်ရပါ့။

"ဒေါ်လေး၊ ဒေါ်လေး"

"ဟဲ့ ဘာလဲ မိဦးယဉ်"

"ဦးယဉ် ပျင်းလှပြီ၊ ဝိုင်းကို ခေါ်ပေး"

"နင့်အစ်မ ဝေဝေကိုပြော"

"ဟွန်း"

တေးဦးယဉ် ခြေဆောင့်ပြီ။ မမဝေအနားရောက်လာပြီး

"ဘာလဲ ဒေါ်လေး"

"ဟော့ဒီမှာ မိဦးယဉ်က ပျင်းလို့ ဝိုင်းကိုခေါ်ပေးတဲ့လေ"

"စာပေးစာယူလုပ်ဖို့တော့ စိတ်မကူးနဲ့နော်"

"အပိုတွေ၊ ဝိုင်းက အဲ့သလိုလုပ်မယ့်သူလား"

မမဝေ ဖုန်းဆက်ပေးလို့ ဝိုင်းရောက်လာတယ်။

"ရော့ ဒီလထုတ် ရုပ်ပလာမဂ္ဂဇင်း၊ ပျင်းတယ်ဆိုလို့ ယူလာပေးတာ၊ ဩော် မမဝေ မဂ္ဂဇင်းကို စစ်ကြည့်ပါဦး"

"အေး အားနာပါးနာ စစ်ရမှာပဲ ဝိုင်းရဲ့"

"ရပါတယ် မမဝေ"

မမဝေက မဂ္ဂဇင်းစစ်မယ်ဆိုပြီး စိတ်ဝင်တစားဖတ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တေးဦးယဉ်က လေသံကိုနှိမ့်ပြီး

"ဘယ်လိုလုပ်ရင်ကောင်းမလဲ၊ အကြံပေးပါဦး ဝိုင်းရယ်"

"ငါ စဉ်းစားလာတာရှိတယ်၊ ဒီလိုလုပ်"

ဝိုင်းက သူ့အစီအစဉ်ကို ခပ်တိုးတိုးခပ်မြန်မြန်ပြောပြ တယ်။ တေးဦးယဉ်မျက်နှာကလေး ဝင်းပပျော်ရွှင်သွားတာပေါ့။

"ဟုတ်ပြီ၊ မနက်ဖြန်နော်"



www.burmeseclassic.com

www.burmeseclassic.com

[ ၂၂ ]

မိုးလင်းကတည်းက ကျွန်တော့်ရင်တွေ ခုန်နေတယ်။ ဒီနေ့ဟာ ကျွန်တော့်ဘဝကို တစ်မျိုးတစ်ဖုံပြောင်းလဲသွားစေနိုင်တာ အမှန်ပဲ။

တေးဦးယဉ်နဲ့မတွေ့ရတာ သုံးပတ်ရှိပြီ။ ဒီနေ့ သတင်းထူးတစ်ခုရထားတာက သူ အပြင်ထွက်လိမ့်မယ်။ YKKO ကြေးအိုးဆိုင်က စောင့်နေပါတဲ့။

အဲ့ဒါနဲ့ ကျွန်တော့်မှာ ဆိုင်စဖွင့်ကတည်းက စောင့်နေခဲ့တာ။ တေးဦးယဉ်တစ်ယောက် ဘယ်ပုံဘယ်နည်းနဲ့ရောက်လာမှာပါလိမ့်။

"အစ်ကို ဘာထပ်မှာဦးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်ဆယ့်တစ်နာရီထိုးတဲ့အထိ ထိုင်နေတဲ့ ကျွန်တော့်ကို ယဉ်ယဉ်ကျေးကျေးနှင်တာလားတော့ မသိဘူး။

"အေးကွာ၊ ငါးကင်ယူခဲ့"

ငါးကင်ရောက်မလာခင် တေးဦးယဉ်ရောက်လာတယ်။ တစ်ယောက်တည်းတော့ မဟုတ်ဘူး။ မဂ္ဂဇင်းမျက်နှာဖုံးအတွက် ဓာတ်ပုံရိုက်ရင်းခင်ခဲ့တဲ့ တက်သစ်စမင်းသမီးလေးနဲ့။

အဲ့ဒီမင်းသမီးက ခုနာမည်ကြီးနေပြီ။ သူက တေးဦးယဉ်ရဲ့အကူအညီတွေ အများကြီးရခဲ့တာ။ နိုင်ငံခြားဖြစ်အဝတ်အထည် မိတ်ကပ်၊ ဖိနပ်ကအစပေါ့။

"အင်အား"

"ဦးယဉ်"

"မင်းသမီးကြောင့် အပြင်ထွက်ခွင့်ရပြီ၊ ဘယ်လိုလုပ်ကြမလဲဟင်"

"ကိုယ်ပြောတဲ့အတိုင်း ခေါင်းညိတ်မှာလား"

"ပြောကြည့်လေ"

"မင်းသမီးကို တစ်ခုခု အရင်ကျွေးလေ"

ကျွန်တော်က မင်းသမီးကိုကြည့်ရင်း ပြောလိုက်တယ်။ မင်းသမီးက

"မစားတော့ဘူး၊ သင်္ဘောသီးထောင်းနဲ့ငါးကင် ပါဆယ်ထုတ်သွားမယ်၊ ယူတို့ဖာသာ အေးအေးဆေးဆေးစကားပြောကြ"

"ကျေးဇူးပါပဲဗျာ၊ ဒီထက်အောင်မြင်ပါစေ"

မင်းသမီးက အလိုက်တသိပဲ နှုတ်ဆက်ပြီး သူ့ကိုယ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com


ကားလေးနဲ့ မောင်းပြန်သွားတယ်။

"ပြောပါဦး၊ ဘယ်လိုအကြံရပြီး ထွက်ခွင့်ရတာလဲ"

"ဝိုင်းပေးတဲ့အကြံလေ၊ တစ်အိမ်လုံးက နိုင်ငံကျော် မင်းသမီးလာတယ်ဆိုတော့ ပျော်နေကြတာ၊ ဖန်သားပြင်ပေါ်က မင်းသားမင်းသမီးတွေကို အပြင်မှာ မြင်ဖူးတာမှမဟုတ်ဘဲ"

"အဲ့ဒါနဲ့"

"မင်းသမီးက ကြက်ကင်နဲ့အအေးလိုက်တိုက်မယ်ပြော တော့ သူတို့ငြင်းဖို့ အားနာနေကြတယ်၊ မမဝေက လိုက်ချင်တာ သူများကျေးမှာ လိုက်လို့ ဘယ်ကောင်းမလဲပြောပြီး ချန်ထားခဲ့တာ ဒါနဲ့မင်းသမီးကားနဲ့ လိုက်ခဲ့တယ်ဆိုပါတော့"

"သြော် ကံကောင်းတာပေါ့၊ ဒီလိုအခွင့်အရေးမျိုး နောက်ထပ် မရနိုင်တော့ဘူး၊ ဒါနဲ့ ဦးယဉ်"

"ဟင်"

"မပြန်နဲ့တော့"

"ဟယ်"

"ဟုတ်တယ်၊ ကိုယ်တို့ နောက်တစ်ခေါက် တွေ့ရဖို့ လွယ်မယ်ထင်သလား"

"မလွယ်ဘူး"

"ကိုယ်တို့ အရွယ်ရောက်ပြီပဲ၊ ကိုယ့်ကို လက်ဗလာနဲ့ အားကိုးရမယ့်သူ မဟုတ်ဘူးဆိုပြီး အပေါ်ယံအမြင်နဲ့ဝိုင်းပြော ဝိုင်းဖျက်ကြတဲ့စကားတွေကို ယုံပြီး နားထောင်မလား၊ ဒါမှမဟုတ် ဦးယဉ်ကိုယ်တိုင်က ကိုယ့်ကိုမယုံတာလား"

"အဲသလိုတော့ မဟုတ်ပါဘူး"


www.burmeseclassic.com

www.burmeseclassic.com



"ပေါင်းရမှာက ကိုယ်တို့နှစ်ယောက်ပါ၊ မိန်းကလေး တစ်ယောက်ကို တကယ်မချစ်ဘဲ၊ အစွမ်းအစမရှိဘဲ ကိုယ်ကလဲ ဒုက္ခရောက်ခံပြီး မခေါ်ဘူး၊ ဒါကိုယုံ"

"ဦးယဉ် ဘာလုပ်ရမလဲ၊ အင်အားကိုလည်း မခွဲနိုင်ဘူး မိသားစုကို လွန်ဆန်ရမှာလဲကြောက်တယ်"

ဒီအချိန်ဟာ အရေးကြီးဆုံးအချိန်ပဲ။ ခုဟာက ဦးနောက်နဲ့ နှလုံးသား ငါးဆယ်ငါးဆယ်ဖြစ်နေချိန်။ ကျွန်တော့်ဘက် ငိုက်စနဲ့ပါလာဖို့ဆိုတာ ဒါနောက်ဆုံးအခွင့်အရေးပါပဲ။

"အဲ့ဒီတော့"

ကျွန်တော် စကားကိုရပ်ပြီး အသက်ကို ပြင်းပြင်း ရှူလိုက်တယ်။ ပြီးမှ

"ခု နောက်ဆုံးအချိန်ဆိုတာ ဦးယဉ်လဲ သိနေတယ်၊ တစ်ခုပဲရွေးတော့၊ လက်ဆွဲလိုက်ခဲ့မလား၊ ကျောခိုင်းလှည့်ပြန်မလား"

ကျွန်တော် သူ့ကို လက်ဆန့်တန်းပေးထားတယ်။ မျက်ရည်တွေ ဘာတွေလဲ ဝိုင်းပြထားရတာပေါ့။ ခုဏ ဧရုတ်ဆီက စပ်တယ်။ မျက်နှာက နီလာတယ်။ ဘီယာနည်းနည်းငုံထားလို့။ မဟုတ်ပါဘူး။ တေးဦးယဉ်ကို ကျွန်တော် တကယ်ချစ်တာပါ။

"ကိုယ်ချစ်လို့ ချစ်သူအဖြစ် ရွေးချယ်ခဲ့တဲ့ ယောကျ်ား တစ်ယောက်ကိုမှ ယုံကြည်မှုမရှိဘူးဆိုရင်လည်း ဦးယဉ်သဘော ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



# နိဂုံး (၁)

နိဂုံးကမ္ဗအဆုံးသတ်တော့ ကျွန်တော် ထောင်ကျသွားခဲ့ပါတယ်။

တခြားထောင်တော့ မဟုတ်ပါဘူး။ အိမ်ထောင်ပါ။ ကျွန်တော်တို့ယောကျ်ားသားအများစု အကျခံချင်လှတဲ့ အိမ်ထောင်ပါ။

ကျွန်တော်က ကျွန်တော့်ဇနီးတေးဦးယဥ်ကို ခုထိ ကျေးဇူးတင်နေတုန်းပဲ။ ကျွန်တော့်နောက်ကို ယုံယုံကြည်ကြည်နဲ့လိုက်ခဲ့လို့ပေါ့။

ကျွန်တော်တို့နှစ်ယောက်ဟာ သေသွားတဲ့ ကျွန်တော့်အဖေရင်းရဲ့အမွေ ကွန်ဒိုတိုက်ခန်းမှာ နေပါတယ်။ ဒုတိယအဖေဆီက ပိုက်ဆံငွေရင်းချေးပြီး ကိုယ်ပိုင်လုပ်ငန်းတစ်ခု ထူထောင်ထားတယ်။

ဒီခေတ်အနေနဲ့ပြောရရင် နိုင်ငံခြားသွားအလုပ်လုပ်တာထက်တောင် ဝင်ငွေများတာပေါ့။

ဒီထက်ရှင်းအောင်ပြောရရင် ကျွန်တော့်အမျိုးတွေကြားမှာရော၊ သူ့အမျိုးတွေကြားမှာပါ အသက်အငယ်ဆုံးနဲ့ ဝင်ငွေအကောင်းဆုံးဟာ ကျွန်တော်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# နိဂုံး (၂)

"ဒီမှာ ရှင်ရှာတဲ့ငွေ မလောက်ဘူး"

အလုပြင်ဆိုင်ကနေ တစ်ကိုယ်လုံးပေါင်းတင်၊ ဆံပင် ဖယောင်းသွင်း၊ ခြေသည်းလက်သည်းပုံဖော်၊ မျက်နှာချေးချွတ် ဆံဖျားကနေ ခြေသည်းအထိ အလှတွေ အကုန်ပြင်ပြီး ပြန်လာတဲ့ ကျွန်တော့်ဇနီးသည်က ပြောတယ်။

ကျွန်တော် ငယ်ငယ်ကတည်းက အမေက အဖေ့ကို အဲသလို စကားမျိုးပြောတာ မကြာခဏကြားခဲ့ရဖူးတာပေါ့။

ဒီတော့ အဖေက အမေ့ကို ဘာပြန်ပြောတယ်မှတ်သလဲ။

"အေးကွာ ... ဖြစ်လာမှာပေါ့"

"ပိုကြိုးစားပါ့မယ်"

"စိတ်မပူပါနဲ့" တဲ့။

အဲ့ဒီစကားမျိုးတွေကိုပဲ အဖေက အမြဲတမ်းရေလဲနဲ့ သုံးစွဲသွားခဲ့ပါတယ်။

ခု ကျွန်တော်လည်း

" + - × ၀ : - × ၀ "

" + - × ၀ + - × ၀ "

" + - × ၀ + - × ၀ "

မေတ္တာများစွာဖြင့်
ထူးမြတ်ကြယ်



www.burmeseclassic.com